



Scanned by CamScanner

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၅၅၀၄၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၇၁၅၀၆၀၉ |
| အဖုံးဒီဇိုင်း | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံယဉ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဇက်တင်ဘာလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

ဆုအဥ္စလိ
မိုးထက်ကနှင်းဆီ / ဆုအဥ္စလိ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၉
၂၈၈ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) မိုးထက်ကနှင်းဆီ

ညသည် တိတ်ဆိတ်နေ၏။ မှောင်မိုက်သော ဝန်းကျင်တွင် လမ်းမီးရောင်တချို့ကြောင့် လင်းဖြာနေပေမယ့် ညဘက်မို့ လူသွားလူလာရှင်း၍ ကိုယ်ပိုင်ကားများသာ တစ်ခါတစ်ရံ ဖြတ်သန်းသွားလာနေကြ၏။

သာမန်လူတွေအဖို့သည် ဆယ့်တစ်နာရီဆိုတာ အိပ်ရာဝင်ချိန်ဖြစ်ပေမယ့် ဂီတသံများဖြင့် မြူးကြွနေသော နိုက်ကလပ်တစ်ခုတွင်မူ စကားသံများ၊ တီးတိုးရယ်မြူးသံများ၊ ဖန်ခွက်သံများဖြင့် ဆူညံနေသည်။

"ဒီနေ့ ပတ္တိကတော့ သိပ်ကောင်းတာပဲကွာ"

"လာမြှောက်မနေစမ်းပါနဲ့ယူရယ်၊ ဝင်ဒီလောက်မကောင်းပါဘူး၊ ဟိုမှာ ဝင်ဒီကိုကြည့်ဦး"

ကတော့ကို နားလိုက်ပြီး စားပွဲပြန်ကာ သူမ ကုတ်ဖူးဖွင့်



Book Sharing
Scanned by CamScanner

ရှိသောက်ရင်း ဂျွန်ကို ပြောလိုက်ခြင်းပါ။

သူမပြတာကြောင့် စင်ဒီကို ဂျွန် လှမ်းကြည့်လိုက်သည်။ အင်္ကျီလက်တစ်လုံးကိုင်းပြတ်၊ ရှော့တ်ပန့်ဝတ်ထားသော စင်ဒီသည် ခေါင်းပေါ်မှ အနီရောင်ဆံပင်များ မျက်နှာပေါ်အုပ်ဝဲခါယမ်းလျက် မြူးကြွစွာကနေလိုက်တာ။

ဂျွန် ပြုံးပြီး ခေါင်းခါယမ်းသည်။ ထို့နောက် ရှေ့မှာထိုင်နေသော ပက်ဂ်ီကို ကြည့်ကာ

"ကိုယ်တို့လည်း တစ်ပွဲလောက် ကကြဦးမလား ပက်ဂ်ီ"

"ဟင့်အင်း ဆယ့်တစ်နာရီရှိပြီ၊ တို့ပြန်တော့မယ် ဂျွန်"

နာရီကို တစ်ချက်ကြည့်ပြီး သူမပြောသည်။ မီးရောင်အောက်တွင် ဝင်းဝါဖြူနုသော အသားအရေဖြင့် မြနီမာမိန်းကလေးများထဲတွင် အနည်းငယ် မြင့်မားသည့်အရပ်နှင့် အချိုးကျလှပသော ကိုယ်ခန္ဓာဖြင့် ပက်ဂ်ီဆိုတာ

စင်ရော်တောင် မျက်ခုံး၊ ရွှန်းလက်တောက်ပသောမျက်လုံး၊ ဖြောင့်စင်းသောနှာတံလေးများ အဖျားတွင် အနည်းငယ်ကော့တက်သွားလျက် ပန်းနုရောင်နှုတ်ခမ်းအစုံလေးမှာ နှင်းဆီပွင့်ချပ်ကဲ့သို့ တုန့်အိစိုလက်နေ၏။





အစက်အပြောက်ဟူ၍ တစ်စက်ကလေးမျှမရှိဘဲ ဘဲဥပုံမျက်နှာလေးတွင် ညာဘက်သို့ လှိုင်းတွန့်ဆံပင်လေးများများခွဲကာ ရွှေညိုရောင် ဒစ်ဂျစ်တယ်ကောက် ဆံနွယ်လေးများမှာ သူမဝတ်ထားသည့် အနက်ရောင်လည်ပင်ဟိုက် ဂါဝန်လက်ပြတ်လေးနှင့် အထူးလိုက်ဖက်လှပနေ၏။

နားတွင် ပလက်တီနမ်နှင့် ရွှေဖြူရောထားသော နားဆွဲလေးက မီးရောင်အောက်မှာ ခေါင်းတစ်ချက်ခါလိုက်တိုင်း လင်းခနဲလက်ခနဲ။

"စောပါသေးတယ် ပက်ဂ်ီရယ်၊ နေပါဦးလား"

ခပ်ချွဲချွဲဖြင့် ဂျွန်တားသည်။ သူမ ခေါင်းခါယမ်းကာ

"တော်ပြီ ဂျွန်၊ မနက် ကုလပ်စ်တက်ရဦးမှာ၊ ကဲ ဘိုင်"

ကားသော့ကိုဆွဲယူပြီး နေရာမှ သူမထကာ နှုတ်ဆက်၏။ ဂျွန်မှာ သူမကို မခွဲချင်သေးဟန်ဖြင့် သက်ပြင်းကြိတ်ချသည်။

"ပက်ဂ်ီကို ကိုယ်လိုက်ပို့ပေးမယ်"

"အို မလိုပါဘူး၊ တို့မှာကားပါနေတာပဲ၊ ကားမပါတဲ့ စင်ဒီကိုသာ လိုက်ပို့လိုက်"

ပခုံးတစ်ချက်တွန့်ကာ သူမပြောပြီး လှည့်ထွက်ခဲ့၏။



Scanned by CamScanner

သည်ရက်တွေမှာ ဌူန်နှင့်စင်ဒီတို့ ကြိတ်ပုန်းတွဲခုတ်နေတာ သူမ မသိတာမှတ်လို့။

အဟင်း ပဂ္ဂိကို ဒီလိုစမ်း၍မရဘူးဆိုတာ ဌူန်သိအောင် တမင်ပညာပေးခဲ့ခြင်းပါ။

"ပဂ္ဂိ…ပဂ္ဂိ မင်းဟာ လှသလောက် အတော်မာနကြီး ပါလား"

ကျောခိုင်းထွက်သွားသော ပဂ္ဂိ၏နောက်ပိုင်းအလှကိုကြည့်ကာ ဌူန်တစ်ယောက်တည်း မချင့်မရဲရွတ်ဆိုလိုက်သည်။

တကယ်တော့ ဌူန်တို့ ပဂ္ဂိတို့ဆိုတာ အထက်တန်းလွှာ အသိုင်းအဝိုင်းက လူတွေ။ ချမ်းသာသော မိဘများမှ ပေါက်ဖွားလာတာမို့ ပိုက်ဆံကို ရေလိုသုံးနိုင်၏။

စင်ဒီကတော့ လူလတ်တန်းစားမျှသာ။ ဝတ်နိုင်စားနိုင်ရုံကလွဲပြီး ကိုယ်ပိုင်ကားမစီးနိုင်။ စင်ဒီထက်စာလျှင် ပဂ္ဂိက အလှကော ငွေပါ ပိုသည်။

"ကိုယ် ပဂ္ဂိကိုချစ်တယ်"

"အဟင်း…အဲဒီစကားပြောခဲ့တာ တို့အပါအဝင် ဘယ်နှစ်ယောက်ရှိပြီလဲ ဌူန်"



ခပ်လှောင်လှောင်လေသံဖြင့် ဌူန်ကို ပဂ္ဂိ ပြန်မေးခဲ့၏။ ဌူန် မျက်နှာပျက်ကာ

"တို့အချစ်ကို မလှောင်ပါနဲ့ပဂ္ဂိ၊ ကျန်တဲ့သူတွေက တို့အတွက် အလကားပါ"

"ဒီမှာ ဌူန်၊ တခြားမိန်းကလေးတွေနဲ့ပဲ ဌူန် သွားကစားပါ၊ ပဂ္ဂိကိုတော့ ဒါမျိုးလာမစမ်းပါနဲ့၊ ဌူန်အပေါ် တို့သူငယ်ချင်းထက် မပိုဘူး"

လှပသောမျက်နှာလေး တည်တင်းလျက် သူမငြင်းခဲ့တာတွေ။ လူဆိုတာ မရတာကိုမှ ပို၍လိုချင်လေတော့ ဌူန်အတွေး၊ ဌူန်စိတ်ကူးမှာ သူမသာ လွှမ်းမိုးနေ၏။

ကျန်ခဲ့သောဌူန်ကို သူမ တစ်ချက်လှည့်မကြည့်ဘဲ ကားဆီ ထွက်ခဲ့သည်။ အဝေးမှပင် ကားရီမုဒ်ကို လှမ်းဖွင့်၏။

မကြာခင် အနီရောင်ကားလေးသည် နက်မှောင်သော ကတ္တရာလမ်းမပေါ်တွင် လေးညို့မှလွတ်လိုက်သည့် မြားတစ်စင်းနှယ်။

ရွှေတောင်ကြားရှိ ခေတ်မီခန့်ညားသော တိုက်ကြီးတစ်ခုတွင်ဖြစ်၏။

"အခု ရှင် ဘယ်မယားငယ်ဆီက ပြန်လာတာလဲ ဦးစောရင့်"

မျက်နှာတွင် တောက်ပသော မိတ်ကပ်၊ နှုတ်ခမ်းနီတို့ မပျက်ဘဲ မေးလာသည့် ဒေါ်မင်းညိုကို ဦးစောရင် မျက်မှောင်တွန့်ကြည့်၏။

"မင်းက ငါ့ကိုမေးနေရအောင် မင်းကကော ဘယ်ဝိုင်းက ထလာတာလဲ"

နှစ်ယောက်သား မျက်နှာချင်းဆိုင်၍ တစ်ယောက်ကို တစ်ယောက် စူးစူးစိုက်စိုက်ကြည့်၏။ သူတို့၏မျက်လုံးထဲတွင် ချစ်ခြင်း၊ ကြင်နာခြင်းများမပါဘဲ မုန်းတီးခြင်းတို့သာ ပြည့်နေသည်။

"ညတိုင်း အိမ်ပြန်မကပ်တဲ့ ယောကျ်ားမျိုးကို ကျုပ်က လည်ပင်းညှောင်ရေအိုးဖြစ်အောင် မျှော်နေရမှာလားဟင်"

ဆေးဆိုးထားသော နှုတ်ခမ်းများကို မဲ့လျက် ဒေါ်မင်းညို ပြောတော့ ဦးစောရင် ဟက်ခနဲရယ်၏။

"မင်းလို ယောကျ်ားပြန်လာလို့မှ သံပုရာရည်တစ်ခွက် ဖျော်တိုက်ဖော်မရတဲ့ မိန်းမမျိုးဆီ ငါလိုယောကျ်ားမှမဟုတ်ဘူး ဘယ်ယောကျ်ားမှ အချိန်တန်ပြန်လာချင်မှာမဟုတ်ဘူး မမင်းညို"





"ရှင်...ရှင် မယားငယ်အိမ်မှာပျော်တိုင်း ကျွန်မကို အပြစ်ပုံမချနဲ့"

အမှန်တရားပြောတော့ ဒေါသဖြင့် မခံနိုင်သလို ဒေါ်မင်းညို အော်သည်။

ထိုအချိန် အနီရောင်ကားလေးက ဆင်ဝင်အောက်ရပ်လာ၏။ ကားပေါ်မှ သူမဆင်းကာ တိုက်ကြီးထဲဝင်သည်။

သူမအတွက်တံခါးကို ဒေါ်ပုလာဖွင့်ပေး၏။

"ဂျင်မီ ရောက်ပြီလား ဒေါ်ပု"

"မရောက်သေးဘူးကလေး"

ဒေါ်ပုအဖြေကြောင့် သူမ သက်ပြင်းဟင်းခနဲချ၏။ ညဆယ့်တစ်နာရီကျော်တာတောင် ဂျင်မီ ပြန်မရောက်သေးတာ လွန်ပြီထင်။

"အေး...ဟုတ်တယ်ကွာ၊ အငယ်အိမ်မှာပျော်တယ်၊ ဒီတော့ မင်းဘာလုပ်ချင်လဲ"

လှေကားအတိုင်း အပေါ်ထပ်တက်ခဲ့၏။ မိဘတွေအခန်းရှေ့မှအဖြတ် ရန်ဖြစ်အော်ဟစ်ဆူညံသံတွေကို ထုံးစံအတိုင်း ကြားရသည်။



Scanned by CamScanner

သူမ ခေါင်းခါယမ်းလိုက်၏။ သည်လောက်ညဥ့်နက်တဲ့အထိ သားနှင့်သမီး ပြန်မရောက်တာကို တစ်ချက်စိတ်မပူသော မိဘတွေပါလား။

အခန်းတံခါးကိုဖွင့်ကာ စပရိန်မွေ့ယာကြီးပေါ် အားကုန်သလို သူမ ပစ်လှဲလိုက်မိ၏။

ပျော်ရွှင်စရာမကောင်းတဲ့ မိသားစုဘဝပါလား။

အပေါ်ယံမှာ ရုပ်ဝတ္ထုပစ္စည်းတွေ ပြည့်စုံသလောက် ရင်ထဲတွင် တစ်ယောက်နှင့်တစ်ယောက် မေတ္တာတွေ ခမ်းခြောက်နေတဲ့ အဖြစ်။

"မင်းဘဝက သိပ်ကံကောင်းတာပဲ ပဂ္ဂီ၊ လူလေးကလည်း သိပ်လှ၊ ပိုက်ဆံကလည်းပေါနဲ့ မင်းဘဝမှာ လိုအပ်တာ ဘာတစ်ခုမှမရှိဘူးနော်"

အကြောင်းမသိသူတွေက အပြင်ပန်းသူမဘဝကို ကြည့်ပြီး အားကျကြသည်။

သူများတွေ ထိုသို့ပြောလာလျှင် သူမက မချိပြုံးဖြင့် ငြိမ်နေလိုက်၏။ ကိုယ့်ဝမ်းနာ ကိုယ်သာအသိဆုံးလေ။

"တို့ကတော့ အပေါ်ယံရုပ်ပစ္စည်းတွေထက် အတွင်းကမေတ္တာကိုပဲ လိုချင်တယ်၊ ဘဝမှာ အရေးအကြီးဆုံးက မေတ္တာတရားပဲ"





သည်စကားမျိုးကို သူမကပြောလျှင် သူတို့အံ့ဩကုန်မည်လား။

ဦးစောရင်နှင့် ဒေါ်မင်းညိုတို့ဆိုတာ ကုမ္ပဏီပိုင်ရှင်သူဌေးတွေအဖြစ် သူတို့သိထားကြသလို…

ရှင်မင်းစောခေါ် ပဂ္ဂီနှင့် ကျော်မင်းညိုခေါ် ဂျင်မီတို့မောင်နှမနှစ်ယောက်ကိုလည်း သူတို့၏သားသမီးအဖြစ် လူ့ကုံထံအသိုင်းအဝိုင်းက သိထားကြ၏။

လေးယောက်တည်းရှိသော မိသားစုမှာ ကိုယ်ပျော်သလိုနေ၊ ကိုယ်ထင်တာလုပ်နှင့် ဘာတစ်ခုမှ အလေးအနက်မရှိခဲ့ပေ။

✡ ✡ ✡



Scanned by CamScanner

"ယူ မနေ့က အစောကြီးပြန်သွားတယ်ဆို"

မနက်ခင်း ကလပ်စ်တက်တော့ စင်ဒီမေး၏။ သူမ ခေါင်းခါယမ်းသည်။

"ည ဆယ့်တစ်နာရီဆိုတာ မစောတော့ပါဘူး စင်ဒီ"

"အိုး…ပုံိုး ပဂ္ဂီက တယ်လီမွှာနေပါလား၊ အရင်က တစ်နာရီ နှစ်နာရီမှ ပြန်နေကျယူကလေ"

"ဟုတ်တယ် စင်ဒီ၊ တို့ ခုတလော ကပွဲတွေ သိပ်ဝါသနာမပါဘူး"

တည်ငြိမ်သောမျက်နှာလေးဖြင့် သူမပြောလိုက်၏။ သူမ အတွက် ပိုက်ဆံဆိုတာ ရေလိုသုံးနိုင်သည်မို့ ပျင်းတိုင်း၊ အားတိုင်း ရှော့ပင်ထွက်၊ ကလပ်တွေသွားနှင့် ကြာတော့ ထိုအရာများကပင် ငြီးငွေ့ဖွယ်ကောင်းလာသည်။





"အင်း…မင်းအတွက်ကတော့ ဟုတ်မှာပေါ့ ပဂ္ဂီ၊ တို့တော့ ညက အရမ်းပျော်တယ်၊ သုံးနာရီလောက်မှ ဂျွန်နဲ့ပြန်တယ်"

စင်ဒီ ဂုဏ်ယူစွာပြောတော့ သူမပြုံးနေလိုက်၏။ သူမပြန်ခဲ့ပြီးနောက် ဂျွန်နေခဲ့ကာ စင်ဒီနှင့် ဘယ်လောက်ကဲနေလဲဆိုတာ သိသာနေ၏။

"ကောင်းပါတယ်၊ ဂျွန်နဲ့စင်ဒီက အတွဲညီတယ်"

"ဟင်း…ဟင်း တကယ်လား ပဂ္ဂီ၊ ဂျွန်ကတော့ အဲဒီလို မထင်ဘူးနော်"

လှပသော သူမကို ဂျွန် စိတ်ဝင်စားနေတာ စင်ဒီ ရိပ်မိသိရှိနေ၏။ သူမပခုံးတွန့်ကာ…

"ဟုတ်လို့လား စင်ဒီ၊ တို့အမြင်မှာတော့ ဂျွန် စိတ်ဝင်စားနေတာ မင်းကိုပါပဲ စင်ဒီ"

"အဟား ဒါဆို တို့ကံကောင်းတာပေါ့ ပဂ္ဂီ"

မှန်တာပြောရလျှင် ဂျွန်သည် သုံးနိုင်ဖြုန်းနိုင်သော သူဌေး သားတစ်ယောက်ဖြစ်၏။ ထို့ကြောင့် စင်ဒီတို့လို သူ့ကမန်မိန်းကလေး

တွေအတွက် စိတ်ဝင်စားစရာ။

သူမအတွက်ကတော့ ပျှန့်လို မိဘ့ပိုက်ဆံသုံးဖြုန်း၊ အပျော်အပါးမက်မောတဲ့ ယောကျ်ားမျိုးအား အထင်ကြီး၍မရပါ။

"ပြောရင်းဆိုရင်း ဟိုမှာ ပျှန့်လာနေပြီ၊ ကဲ မင်းကြိုလိုက်ဦး၊ တို့တော့ သွားပြီ"

ပျှန့်ကားဝင်လာတာနှင့် စင်ဒီကိုထားခဲ့ပြီး သူမထွက်ခဲ့သည်။ ကလပ်စ်မတက်ချင်တော့တာမို့ ဗိုလ်ချုပ်ဈေးထွက်ခဲ့၏။ ဘာပစ္စည်းအသစ်အဆန်းတွေ ပေါ်လဲဟု သူမသိချင်၍ဖြစ်၏။

"ဒီနေ့ ဘာအထည်အဆန်းတွေ ပေါ်တယ်ဆိုတာ ပဂ္ဂိုလ်ကိုယ်ပေါ်မှာသာ ကြည့်လိုက်၊ သူက နောက်ဆုံးပေါ်ဒီဇိုင်းဆို ဝတ်ပြီးသားပဲ"

အဝတ်အစားကို တစ်နေ့တစ်မျိုး မရိုးအောင် ဝတ်နိုင်သော သူမအား မိန်းကလေးတချို့အားကျစွာ ကြည့်တတ်သည်။ တကယ်လည်း သူမတွင် တစ်လအတွက် အဝတ်မထပ်သလို တစ်နှစ်အတွက်လည်း အဝတ်မထပ်အောင် ပေါများပါသည်။

အထူးသဖြင့် သူမ၏ဒက်ဒီက နိုင်ငံခြား ခဏခဏသွား





တတ်၍ သူမတို့အတွက် အဝတ်အစား အသုံးအဆောင်ဆိုတာ သူများထက်သာအောင် နေနိုင် ဝတ်နိုင်၏။

"ဟင်"

စိတ်ကြိုက်တွေ့လျှင် ဝယ်ရန်သာရှိတာကြောင့် တစ်ဆိုင်ဝင်၊ တစ်ဆိုင်ထွက် ဟိုဟိုဒီဒီ လျှောက်ကြည့်စဉ် မမျှော်လင့်ဘဲ တစ်ဖက်မှလာသော စုံတွဲကြောင့် အံ့သြသွားရသည်။

ဒက်ဒီ…ဒက်ဒီပါလား။

အရွယ်တင်နုပျိုသော ဒက်ဒီ့လက်မောင်းကို ခေတ်မီချောမောလှပသည့် အမျိုးသမီးတစ်ဦးက ပြုံးရယ်လျက် လက်မောင်းတွဲဖက်ထား၏။

သူမ ဆတ်ခနဲ မျက်နှာလွှဲကာ နီးစပ်ရာဆိုင်မှာ ကျောပေးဝင်လိုက်သည်။

စိတ်ထဲမှာတော့ ဒက်ဒီ့လုပ်ရပ်အတွက် ရှက်လန့်ခြင်းနှင့်အတူ မာမီမျက်နှာအား မြင်ယောင်မိ၏။

သည်မြင်ကွင်း မာမီသာတွေ့လျှင် ဘယ်လိုတွေဖြစ်ကုန်မလဲ။



Scanned by CamScanner

"ရက်စက်လိုက်တာ ဒက်ဒီရယ်၊ မာမီတစ်ယောက်လုံး ရှိနေလျက်နဲ့"

နေ့စဉ် ဒက်ဒီနှင့်မာမီ ရန်ဖြစ်နေတာ ဒီကိစ္စတွေအတွက် ပဲ ဖြစ်မည်။ သူမ သက်ပြင်းချ၊ ခေါင်းခါယမ်းမိသည်။ ဒက်ဒီတို့ ကျော်လွန်းသွားတာနှင့် သူမ ဆိုင်ထဲက ထွက်ခဲ့၏။

"တီ...တီ"

လက်ကိုင်ဖုန်းမြည်လာတာကြောင့် သူမ ကိုင်လိုက်သည်။ ဖုန်းနံပါတ်ကြည့်တော့ ဂျွန်။

"ဟဲလို"

"ပဂ္ဂီ ဘယ်ရောက်နေတာလဲ"

"ယူဘာလုပ်မလို့လဲ"

အသံခပ်ခြောက်ခြောက်ဖြင့် သူမမေးလိုက်သည်။ ဂျွန်က ခပ်ချွဲချွဲလေသံဖြင့်

"မင်းအတွက် စိတ်ပူလို့ပါ ပဂ္ဂီ"

"အဟင်း...အပိုတွေလုပ်မနေစမ်းပါနဲ့ ဂျွန်၊ အခု ယူ့အနားမှာ စင်ဒီရှိနေတယ်မဟုတ်လား"





သူမ ခပ်ငေါ့ငေါ့မေးတော့ ဂျွန်က

"ကိုယ့်အတွက် စင်ဒီက အရေးမကြီးပါဘူးကွာ"

"တော်စမ်းပါ ဂျွန်၊ တစ်ပြိုင်တည်း ငါးရံ့နှစ်ကောင် ဖမ်းချင်တဲ့စိတ်ကို ရွန့်လိုက်ပါ"

ပြောပြီး သူမဖုန်းပိတ်ပစ်လိုက်၏။ ယောကျ်ားတွေဟာ စိတ်ပျက်စရာပါလား။ ဂျွန်သည်လည်း ဒက်ဒီနှင့်အတူတူပဲဟု သူမ ထင်၏။

ထုံးစံအတိုင်း ထိုနေ့ကလည်း သူမအိမ်သို့ မိုးချုပ်မှပြန် ရောက်သည်။

"ရှင် အဲဒီအတွင်းရေးမှူးမကို အလုပ်က ချက်ချင်းထုတ် ပစ်မလား၊ မထုတ်ဘူးလား ကိုစောရင်"

"ဟော့...သူက ငါ့ရဲ့ပီအေကွ၊ သူရှိမှ ငါ့အလုပ်က အဆင်ပြေမှာ"

ဒက်ဒီနှင့်မာမီတို့၏ ရန်ဖြစ်သံက သူမကို ဆီးကြိုနေသည်။

သည်တစ်ခါ ဒက်ဒီလုပ်ရပ်က အတော်မခံချင်စရာ ဖြစ်နေ ပုံပါ။



Scanned by CamScanner

"ဩော်…ရှင့်အတွက် အလုပ်ဖြစ်ရုံမကပါဘူး တစ်ခါကည်း ကိုယ်လုပ်တော်ပါ ရနေတယ်မဟုတ်လားဟင်"

"မင်းတော်တော့နော်၊ ကလေးတွေကြားသွားမယ်"

မာမီအော်သလောက် ဒက်ဒီအသံက ခပ်တိမ်တိမ်။ မှားနေတာက ဒက်ဒီကိုး။

"ဘာ…ရှင်ကများ သမီးနဲ့သားကြားသွားမှာ စိုးရိမ်နေတယ် ဟုတ်လား၊ ကလေးတွေတင် မကဘူး ရှင်တို့နှစ်ယောက်ဖက်လှဲတကင်း သွားနေကြတာကို ကျုပ်ရဲ့ ယောဒ့်မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ"

ဟင်…ဒါဆို မာမီလည်း သူမလိုပဲ ဒက်ဒီတို့နှစ်ယောက်ရဲ့ နေလယ်က မြင်ကွင်းကို တွေ့သွားပြီပဲ။

ဘာတဲ့ အတွင်းရေးမှူးမဆိုပါလား။ ဒါကြောင့် မာမီက အလုပ်ထုတ်ခိုင်းနေတာဖြစ်မည်။

"ဒီမှာ မညို၊ ငါ့မှာ အလုပ်တွေဒီလောက်များတာ ပီအေမရှိလို့ဖြစ်မလားကွ"

"ဘာပဲပြောပြော ကျွန်မ အဲဒီအတွင်းရေးမှူးမကို မမြင်





ချင်ဘူး၊ မနက်ဖြန် ချက်ချင်းအလုပ်ထုတ်ပစ်၊ မဟုတ်ရင် ကျုပ်ကိုယ်တိုင် လိုက်လာပြီး ရှင့်ကောင်မကို အလုပ်ထုတ်မယ်"

ပြင်းထန်စွာ မာမီခြိမ်းခြောက်မှုက ထိရောက်သွားပုံပင်။ ဒက်ဒီ ခဏမျှငြိမ်ပြီးမှ

"ဒါဖြင့် ငါ့အတွက် အတွင်းရေးမှူးမထားရတော့ဘူးလား မညို"

"အဟင်း…ထားရပါတယ်ရှင်၊ ဒီမှာ ရှင့်ရဲ့ပီအေအဖြစ် ကျွန်မလုပ်မယ်"

"ဘာ"

ဒက်ဒီ၏ အလန့်တကြားအော်သံ။ မာမီက ပြတ်သားစွာ ဆက်ပြောသည်။

"ကျွန်မက ရှင့်ရဲ့အတွင်းရေးမှူးလုပ်မယ်လို့ ပြောနေတာကိုစောရင်"

"မင်း မင်း အဓိပ္ပာယ်မရှိတာ"

ဒက်ဒီ့မျက်နှာကို မမြင်ရပေမယ့် ဒီအချိန် ဘယ်လောက် မျက်နှာပျက်နေမယ်ဆိုတာ သူမ မှန်းကြည့်၏။



Scanned by CamScanner

"ဘာကို အဓိပ္ပာယ်မရှိတာလဲ ကိုဇောရင်၊ ဘာလဲ ကျွန်မက ရှင့်ကောင်မတွေလို နုနုရွရွလုလု မဟုတ်တော့လို့လား"

"မင်းကွာ"

သူမကတော့ အခန်းပြင်ဘက်မှနေ၍ မာမီ့ကို အားပေးနေမိ၏။ မည်သည့်အခါကမှ ဒက်ဒီအလုပ်ကို စိတ်မဝင်စားခဲ့သော မာမီသည် ယခုတော့ အတွင်းရေးမှူးလိုက်လုပ်မည်တဲ့။

"ဘာမှမပြောနဲ့၊ မနက်ဖြန်ကစပြီး ရှင်နဲ့အတူ ကျွန်မ ရုံးတက်ရုံးဆင်းလုပ်ပြီ"

"ဟော့...ဒါဆို အိမ်အလုပ်တွေက"

"အို ဒါများ အစကတည်းက ဒေါ်ဦးလုပ်နေတာပဲ၊ ဘာမှ ပူစရာမလိုဘူး ကိုဇောရင်"

သူဌေးသမီးဘဝကလာသော မာမီသည် မီးဖိုထဲသို့ တစ်ခါမျှ မဝင်ခဲ့ဖူးပါ။ သူမတို့တစ်သက် ဒေါ်ဦးချက်ကျွေးသော ထမင်းဟင်းများနှင့်သာ ကြီးပြင်းလာခြင်းမဟုတ်လား။

☆ ☆ ☆



ဆယ်တန်းကို ဒုတိယအကြိမ် ကျရှုံးပြီးသော ဂျင်မီသည် အိမ်သို့မကပ်ဘဲ မိုးလင်းမှမိုးချုပ် အပြင်သာထွက်လည်နေ၏။

ဒက်ဒီနှင့်မာမီတို့ကလည်း သူတို့အရေးနှင့်သူတို့ဖြစ်ကာ ဂျင်မီ စာမေးပွဲပြန်ဖြေဖို့ စိတ်မဝင်စား။

မကြာခဏ ညဉ့်နက်မိုးချုပ်တဲ့အထိ နောက်ကျနေတတ်သော ဂျင်မီကို ကြာတော့ သူမ စိုးရိမ်လာ၏။

မိဘတွေ လျစ်လျူရှုနိုင်ပေမယ့် သူမကတော့ အစ်မတစ်ဦးမို့ မောင်ငယ်ဂျင်မီကို လျစ်လျူမရှုနိုင်ပါ။

ထို့ကြောင့် ဒီနေ့တော့ သူမအပြင်မထွက်ဘဲ အိမ်ပျက်ခံကာ ဂျင်မီကို စောင့်နေလိုက်သည်။

ဂျင်မီပြန်လာချိန်သည် ညဉ့်တစ်နာရီ။

"မင်း ဒါဘယ်ကပြန်လာတာလဲ ဂျင်မီ"

အပေါ်ထပ်သို့ တန်းတက်ကာ အခန်းထဲဝင်သွားသော ဂျင်မီနောက်လိုက်ရင်း သူမ မေးလိုက်သည်။

ဂျင်မီက ပြန်မပြောပါ။ အဝတ်အစားမလဲဘဲ အိပ်ရာထဲ ခိုင်ဖင်ထိုးဝင်သည်။

ကြည့်စမ်း အခ်မတစ်ယောက်လုံး မေးနေတာတောင် သင်းက ဂရုမစိုက်၊ သူမ မျက်မှောင်လေးတွန့်လျက်

"ဂျင်မီ ထစမ်း၊ မင်း ငါမေးနေတာ မကြားဘူးလား"

ပြောရင်း ဂျင်မီ ပခုံးကို ဆွဲထူလိုက်၏။

"ဟာဗျာ…အိပ်ချင်ပါတယ်ဆို၊ ဘာလုပ်တာလဲ"

မကျေနပ်သော မျက်နှာဖြင့် သူမကို ဂျင်မီအော်သည်။

"ဟဲ့…နင်ဒီလောက်နောက်ကျပြီးမှ ဘယ်ကပြန်လာတာလဲလို့ ငါမေးနေတယ်လေ"

"ကျွန်တော့်ဘဲ့သာ ဘယ်ကပြန်ပြန်ဗျာ"

"ဟင်"

သူမကို မခန့်လေးစားစွာပြောပြီး ဂျင်မီ ပြန်အိပ်ဖို့ ကြိုးစား၏။





"ကြည့်စမ်း…ကြည့်စမ်း နင်အရက်တွေသောက်လာတယ်ပေါ့ ဂျင်မီ"

"ယောက်ျားလေး အရက်သောက်တာ ဆန်းသလားဗျ"

"ဘာ"

တစ်ခွန်းမခံ ဂျင်မီ ပြန်ပြောတာမို့ သူမမျက်နှာလေး နီလာရ၏။

"နင်တော်တော်ပျက်စီးနေပါလား ဂျင်မီ၊ ဒီလောက်အသက်ငယ်ငယ်လေးနဲ့ အရက်ပါသောက်တတ်နေတာ"

"ဒီမှာ ကျွန်တော်အိပ်မယ်၊ ဆူညံ ဆူညံ လာမလုပ်နဲ့ဗျာ"

သူမကို အခ်မတစ်ယောက်ဟု သတ်မှတ်ချင်ပုံမရသော ဂျင်မီကြောင့် ဒေါသကြိတ်ဖြစ်မိ၏။

"လုပ်ရမှာပေါ့…ငါက နင့်အစ်မ၊ နင်မကောင်းတာလုပ်ရင် ဆုံးမရမယ်"

"တော်စမ်းဗျာ…မမက ကျွန်တော့်ကိုဆုံးမရအောင် မမကကော ဘယ်လောက်လိမ္မာနေလို့လဲ"



Book Sharing

Scanned by CamScanner

''ဟင်...နင်က''

မောင်ငယ်၏ အစော်ကားခံရတာကြောင့် သူမစိတ်ထဲ ခံရခက်သွားသည်။

''နင် နင့်ကို မာမိတို့နဲ့တိုင်မယ် ဂျင်မီ''

''တိုင်ဗျာ၊ ဒက်ဒီနဲ့မာမိတို့ကတောင် ကျွန်တော့်ကို မဆုံးမ တာ၊ မမလာပြီး ဆရာကြီးမလုပ်နဲ့''

''အို''

ဂျင်မီ၏ ထိုစကားက သူမရင်ထဲသို့ ထိချက်မှန်သွား သည်။ သေချာတာပေါ့၊ သူမတို့မိသားစု တကယ် စည်းမဲ့ကမ်းမဲ့ ဖရိုဖရဲလေ။ ဒါကို ဂျင်မီက အခွင့်ကောင်းယူနေခြင်း။

မာမိတို့ကို တိုင်မယ်ဆိုတာ ဂျင်မီအတွက် ရယ်စရာပေါ့။ သူမ အံလေးကြိတ် မျက်ရည်လေးဝဲကာ ဂျင်မီ့အခန်းမှ ထွက်ခဲ့ သည်။

သည်ပုံစံနဲ့ သူမတို့ ဘယ်လောက်ထိ ဆက်ရပ်တည်မလဲ။ အမှန်တော့ ယခုလက်ရှိမိသားစုပုံစံကို သူမစိတ်ပျက်လှပြီ။

''ဒေါက်...ဒေါက်''





''ဘယ်သူလဲ''

''မာမိပါ ပဂ္ဂီ''

ညဥ့်နက်ချိန် မာမိ တံခါးလာခေါက်တာကြောင့် သူမ အံ့ဩသွား၏။ တံခါးဖွင့်ပေးလိုက်သည်။

မီးရောင်အောက်မှာ ဝင်လာသော မာမို့မျက်နှာက မိတ်ကပ်မပျက်။

''မနက်ဖြန် ဒက်ဒီနဲ့မာမိ စင်္ကာပူသွားမယ်၊ ဟိုမှာ လေးငါးဆယ်ရက်ကြာမယ်၊ အဲဒါ ပဂ္ဂီသုံးဖို့ ပိုက်ဆံထားခဲ့မယ်''

ပြောပြောဆိုဆို မာမိက လက်ပွေ့အိတ်ထဲမှ ငွေထောင်တန် အသစ်ထုပ်သုံးထုပ်ကို လှမ်းပေး၏။

သူမ မယူဘဲ

''ဂျင်မီ အရက်တွေသောက်လာတယ်''

မာမိ သက်ပြင်းချသည်။ ထို့နောက် ထောင်တန်နှစ်အုပ် လှမ်းပေးကာ

''ဒါက ဂျင်မီ့ဖို့ပါ ယူထားလိုက်၊ ညည်းမောင်က ဆယ်တန်းမအောင်လို့ စိတ်ဓာတ်ကျနေတာပါ၊ ပဂ္ဂီကအစ်မပဲ အား



Scanned by CamScanner

ပေးလိုက်ပေါ့၊ ကဲ ကဲ မနက်ဖြန်အတွက် အဝတ်အစားထည့်ဖို့ ပြင်ဦးမှ"

ဂျင်မီအရေးကို စိတ်မဝင်စားဘဲ မာမီထွက်သွားသည်။ ဂျင်မီကို သူမက အားပေးပေါ့တဲ့။

ဂျင်မီက ဒက်ဒီနှင့်မာမီတို့သား မဟုတ်ဘူးလားလို့ မေးရင်ကော သူမ ခေါင်းခါယမ်းလိုက်၏။

ဒက်ဒီနှင့် မာမီ ခံယူထားတာက သူမတို့မောင်နှမကို ငွေပုံအောပေးလျှင် တာဝန်ကျေပြီလို့။

တစ်ညလုံး တလူးလူးဖြင့် အိမ်အကြောင်းစဉ်းစားရင်း သူမ မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွား၏။

"ဒုန်း…ဒုန်း"

ကျယ်လောင်သော တံခါးထုရိုက်သံကြောင့် သူမ နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ ဆတ်ခနဲ မျက်လုံးဖွင့်ကြည့်တော့

"ဟင်"

အခန်းထဲသို့ဝင်လာသော နေရောင်က စူးရှလှ၏။ သူမ အတော်နေမြင့်တဲ့အထိ အိပ်ပျော်သွားတာပဲ။





"ဒုန်း…ဒုန်း"

ထိုစဉ် တံခါးခေါက်သံ ခပ်ကြမ်းကြမ်းကြောင့် သူမ မျက်မှောင်လေးတွန့်လျက်

"ဘယ်သူလဲ၊ မနက်စောစော ကြမ်းလှချည်လားဟင်"

အပြစ်တင်အော်မေးရင်း သူမခုတင်ပေါ်မှဆင်းကာ တံခါးဖွင့်လိုက်၏။

"ဟင် မင်း"

ဂျင်မီကို တွေ့လိုက်ရတော့ ညကအရှိန်ကြောင့် ပိုစိတ်ဆိုးသွားသည်။

"မနက်စောစောတွေ ဘာတွေလုပ်မနေနဲ့ အချိန်ကိုလည်း ကြည့်ဦး ဆယ်နာရီရှိပြီဗျ"

သူမမျက်နှာရှေ့ နာရီကိုထိုးပြရင်း ဂျင်မီပြောသည်။

အို ညကအိပ်တာ နောက်ကျသွား၍ မနက် ဒီလောက်ထိ နေမြင့်သွားတာပဲ။

"ဘယ်အချိန်ဖြစ်ဖြစ်ပါ၊ မင်းက ဘာကြောင့် ငါ့အခန်းကို ဒီလောက်လာထုရိုက်နေတာလဲ"



Scanned by CamScanner

"ပိုက်ဆံတောင်းမလို့ဗျ"

"ဘာ"

ဂျင်မီက သူမကိုကျော်ကာ အခန်းထဲဝင်ဖို့ပြင်၏။

"ဟဲ့…နင်ဘာလုပ်မလို့လဲ ဂျင်မီ"

"မာမီက မမကို ကျွန်တော့်ဖို့ ပိုက်ဆံပေးသွားတယ်ဆို"

"ဘာ မာမီက"

သည်အကြောင်း ဂျင်မီ ဘယ်လိုသိသွားပါလိမ့်ဟု စဉ်းစားစဉ်

"မာမီတို့လေဆိပ်ဆင်းသွားပြီ၊ ကျွန်တော့်ကို ဖုန်းဆက်ပြောတာ၊ ဘယ်မှာလဲ ကျွန်တော့်ပိုက်ဆံ"

သြော်…မာမီအကြောင်းကြား၍ ဂျင်မီသိသွားတာကိုး။ ဂျင်မီ ပျက်စီးတာ မာမီ၏အလိုလိုက်မှုလည်းပါသည်။ သူမက ပိုက်ဆံကို သိမ်းပြီး တစ်နေ့တာအတွက် ဂျင်မီကို လိုအပ်သလောက်ပဲ ပိုက်ဆံပေးသုံးဖို့ စဉ်းစားနေတာ။

"နင့်ကို အကုန်ပေးလို့မဖြစ်ဘူး ဂျင်မီ"

"ဟာ…ကျွန်တော် ပိုက်ဆံ ကျွန်တော့်ကိုပေး"





အကုန်မှမရလျှင် ဂျင်မီပုံစံက နားအေးမည်မဟုတ်။ သူမ သက်ပြင်းချကာ

"ကဲ ကဲ ရော့ ဒီပိုက်ဆံက ဆယ်ရက်လောက်သုံးဖို့နော်၊ တစ်နေ့တည်းဖြုန်းဖို့ မဟုတ်ဘူး"

ပိုက်ဆံတွေထုတ်ပေးရင်း သူမပြောတော့ ဂျင်မီ ပခုံးတွန့်သည်။ လက်ထဲ ပိုက်ဆံရတာနှင့်

"သွားပြီဖိုး…ညဘက် ကျွန်တော့်ကိုမျှော်မနေနဲ့"

"ဟင်…နင်"

သို့သော် ဂျင်မီသည် အောက်ထပ်သို့ ခြေသံတဒုန်းဒုန်းဖြင့် ပြေးဆင်းသွားပြီ။ သူမ ဝရန်တာ ထွက်ကြည့်တော့ မာမီအလိုလိုက်ကာ ဝယ်ပေးထားသည့် ဆိုင်ကယ်ကြီးကို ဝူးခနဲမောင်းကာ ခြံထဲမှ ထွက်သွားလေပြီ။

ဂျင်မီ၏ ပေါ့ပါးလွန်းမှုကိုကြည့်ကာ သူမ သက်ပြင်းချ ခေါင်းခါရမ်းမိတော့သည်။

✡ ✡ ✡



Scanned by CamScanner

ထိုည ဂျင်မီပြန်မလာပါ။ သူမ ညဥ့်နက်သည့်အထိ စောင့်နေပေမယ့် အချိန်သာကုန်၏။ စိတ်ပူ၍ ဂျင်မီ ဟန်းဖုန်းလှမ်းဆက်သည်။ မကိုင်။ ဂျင်မီ ဘယ်ရောက်နေလဲမသိ။

မနက်ကပြောသွားသလို ဒီည ဂျင်မီပြန်မလာဘူးဆိုတာ မှန်ပြီထင်။ နောက်ဆုံး သူမလက်လျှော့ကာ အိပ်ရာဝင်ခဲ့၏။

သို့သော် မနက်ငါးနာရီမှာတော့

''ကလင်···ကလင်''

ဆူညံသောဖုန်းသံကြောင့် သူမ အိပ်ရာမှလန့်နိုးသွား၏။ ဖုန်းသံက အဆက်မပြတ်ဆူညံနေဆဲ။ သူမ ကောက်ကိုင်လိုက်သည်။

''ဟဲလို''

''ဦးစောရင်တို့အိမ်ကပါလားခင်ဗျာ''





သူစိမ်းယောကျ်ားတစ်ယောက်၏ အသံကြောင့် သူမ မျက်မှောင်လေးတွန့်သွားကာ

''ဟုတ်ကဲ့၊ ကျွန်မ ဦးစောရင်သမီးပါ''

''အတော်ပဲဗျာ၊ ဒီနေ့ ခင်ဗျားမောင်ဂျင်မီ ပြဿနာဖြစ်လို့''

''ရှင်''

ဂျင်မီ ပြဿနာဖြစ်တယ်ဆိုတာကြောင့် သူမ မျက်လုံးပြူးသွား၏။ ရင်ထဲမှာလည်း စိုးရိမ်လျက်

''သူ သူ ဘာဖြစ်သွားသေးလဲရှင်''

''သူက ဘာမှမဖြစ်ဘူး၊ ဖြစ်တာက ကျွန်တော်တို့ စားသောက်ဆိုင်တစ်ခုလုံး ပျက်စီးသွားတာပဲ၊ ဒါကြောင့် သူ့ကို ရဲစခန်းမပို့ခင် ခင်ဗျားမိဘတွေခေါ်လာရင် ကောင်းမယ်''

''ရှင် မာမီတို့က ခရီးထွက်နေတယ်ရှင့်''

ထုံးစံအတိုင်း ဂျင်မီရန်ဖြစ်ပြီ။ ဒါကို လိုက်ရှင်းနေကျ မာမီကမရှိ။

''ခင်ဗျားက သူ့အစ်မဟုတ်လား၊ ခင်ဗျားလာခဲ့ပေါ့၊



Scanned by CamScanner

ဒါမှမဟုတ် သူ့ကို ရဲစခန်းပို့လိုက်ရမလား"

"အို…နေ…နေပါဦး၊ ကျွန်မလာခဲ့ပါ့မယ်၊ ဒါနဲ့ ရှင်တို့စားသောက်ဆိုင်နေရာက"

တစ်ဖက်လူရွတ်ပြသော လိပ်စာကို သူမ ကမန်းကတန်းလိုက်မှတ်ရ၏။

ဖုန်းချပြီးတာနှင့် သူမ မျက်နှာအမြန်သစ်ပြီး အဝတ်အစားလဲ၍ ကားမောင်းထွက်ခဲ့သည်။

ဂျင်မီ…ဂျင်မီ။

ဘယ်တော့များမှ လိမ္မာမှာပါလိမ့်။

စားသောက်ဆိုင်သို့ သူမရောက်သွားချိန်။

"အို"

တစ်ဆိုင်လုံး မြင်မကောင်းအောင် အကွဲကွဲအလဲလဲဖြင့်ပျက်စီးနေတာ တွေ့ရတော့ သူမ မျက်နှာပျက်သွား၏။

"ခင်ဗျားက ဂျင်မီ့အစ်မလား"

"ရှင် ဟုတ်ကဲ့"

သူမခေါင်းညိတ်ရင်း ဂျင်မီကိုရှာသည်။





"ခင်ဗျားမောင် ဟိုမှာအိပ်နေတယ်၊ ကျွန်တော်က ဒီဆိုင်ရဲ့မန်နေဂျာပါ"

အသက်လေးဆယ်ကျော်ရှိ အသားညိုညို၊ မျက်နှာအစ်အစ်၊ ဗိုက်ခပ်ရွှဲရွှဲနှင့် မန်နေဂျာကို သူမ တစ်ချက်ကြည့်ပြီး

"ဒါတွေအားလုံး ကျွန်မမောင်လုပ်တာလား"

"ဟုတ်ကဲ့၊ သူနဲ့သူ့အပေါင်းအသင်းတွေပေါ့၊ ခေါင်းဆောင်က ခင်ဗျားမောင်ဂျင်မီပဲဗျ"

ပြောရင်း မန်နေဂျာမျက်နှာညိုညိုက မကျေနပ်ဟန်ပြနေ၏။

သူမ အိပ်နေသော ဂျင်မီထံ လျှောက်သွားကာ

"ဂျင်မီ…ဂျင်မီ"

စားပွဲပေါ်မှာ မြင်မကောင်းသောပုံနှင့် အိပ်နေသည့် ဂျင်မီကို သူမ ဆွဲကိုင်လှုပ်နှိုး၏။

"ဒီလူ တစ်ညလုံးသောက်စားမူးယစ် ရမ်းကားနေတာခင်ဗျားလာကာနီးပဲ အိပ်ပျော်သွားတယ်"

အမူအပင်မရှိ အိပ်ပျော်နေသော ဂျင်မီကို သူထုရိုက်သာ



Book Sharing

Scanned by CamScanner

ပစ်ချင်၏။ ယခုချိန်နိုးလျှင်လည်း ဂျင်မီနိုးမည်မဟုတ်တာကြောင့် သူမ သက်ပြင်းချလိုက်ရင်း

"ဘယ်လိုဖြစ်တာလဲ မန်နေဂျာ၊ အကျိုးအကြောင်းပြော ပါဦး"

နောက်ဆုံးအဖြစ်အပျက်ကို မန်နေဂျာအား မေးရသည်။

"ခင်ဗျားမောင်က သူများကို သွားရန်စရာက ဖြစ်တာ၊ အရက်ကလည်း တအားသောက်ထားတော့ ဘယ်သူမှတားလည်း မရဘူး၊ သူ့အပေါင်းအသင်းတွေလည်း အတူတူပဲ၊ ကျွန်တော် ဝင်တားလို့တဲ့ တစ်ဆိုင်လုံးကို စိတ်ကြိုက်ရိုက်ခွဲပစ်တာ"

"ဒါတွေအတွက် ဘယ်လောက်လျော်ရမှာလဲ"

ကိုယ့်မောင်က အသုံးမကျပြီမို့ သူမ တတ်နိုင်တာသာ မေးရ၏။

"ဒါကတော့ ပျက်စီးစာရင်းကို ကျွန်တော်မတွက်ရသေး ဘူး၊ အထူးသဖြင့် ဆိုင်နာမည်ပျက်တဲ့ နစ်နာမှုက ပိုအရေးကြီးပါ တယ် မ"

"ကျွန်မ ပဂ္ဂိုပါ"





"ဟုတ်ကဲ့ မပဂ္ဂို"

အမှန်တော့ ဒီလိုကိစ္စတွေ သူမ မရှင်းတတ်ပါ။ ဒက်ဒီနှင့် မာမီတို့မရှိ၍ သူမလိုက်လာခြင်း။

"ဒီလိုဆို ရှင်တို့ကုန်ကျစရိတ်ကို တွက်ထားပါ၊ ကျွန်မ မောင်ကိုတော့ ရဲစခန်းမပို့ပါနဲ့၊ ပြန်ခေါ်သွားမယ်"

"ပြန်ခေါ်တာကရပါတယ်၊ ဒါပေမယ့် ခင်ဗျားက တာဝန် ယူပါမယ်အကြောင်း စာချုပ်မှာ လက်မှတ်ထိုးခဲ့ပါ"

"ကောင်းပြီလေ"

ဂျင်မီ ရဲစခန်းမရောက်လျှင် ပြီးရောဟုသဘောဖြင့် မန်နေ ဂျာပြောသည့်အတိုင်း ဝန်ခံလက်မှတ်ထိုးပေးလိုက်၏။

ဒက်ဒီနှင့်မာမီရှိလျှင်လည်း ဂျင်မီကို ရဲစခန်းအရောက်ခံ မည်မဟုတ်။

"လက်မှတ်ထိုးပေးခဲ့တယ်ဆိုတော့ ဂျင်မီကို ခေါ်သွားလို့ ရပါပြီ"

မန်နေဂျာ ခွင့်ပေးတာနှင့် သူမ ဖေါ်သလေးဖြင့် ဂျင်မီကို နှိုး၏။



Scanned by CamScanner

"ဂျင်မီ ထစမ်း၊ အမြန်ထ"

"ဝါး…ဟာ ဘယ်သူလဲ ငါ့ကိုနိူးတာ"

အိပ်ချင်မူးတူးပုံစံနှင့် ဂျင်မီနိုးလာသည်။ သူမကိုမြင်တော့

"ဟင်…မမ"

"မမ လုပ်မနေနဲ့၊ အခု မင်းဘယ်လိုနေရာမှာ အိပ်နေတာလဲ ဂျင်မီ"

သည်တော့မှ ဂျင်မီ ဆတ်ခနဲထထိုင်ကာ

"ဟင်…ဒါ စားသောက်ဆိုင်ပဲ"

"ဟုတ်တယ်၊ ဒီတစ်ဆိုင်လုံး မင်းဖျက်စီးထားတာလား"

သူမအမေးကြောင့် ဂျင်မီ မျက်နှာပျက်လျက် ခေါင်းငိုက်စိုက်ကျသွား၏။

"နင်တော်တော်မိုက်ပါလား ဂျင်မီ၊ ဒက်ဒီနဲ့မာမီ ခရီးသွားနေတုန်း နင်ဒီလိုလုပ်ရသလား"

"ဟာဗျာ…ဒါတွေက လျော်လိုက်ရင်ပြီးတာပဲ"

"ဘာ နင် နင် ဒါတွေအားလုံး ဘယ်လောက်ဖိုးလျော်ရမလဲဆိုတာ သိရဲ့လားဟင်၊ အေး ငါ့မှာတော့ မာမီပေးခဲ့တဲ့မုန့်ဖိုး





လောက်ပဲရှိတာ၊ ဒါတွေ မာမီတို့လာမှ ရှင်းရမှာပဲ"

ဘယ်အရာကိုမှ အလေးအနက်မရှိသော ဂျင်မီကြောင့် စိတ်ပျက်ရသည်။

"ဒါပေမယ့် အခု ဂျင်မီအတွက် ခံဝန်လက်မှတ်ရေးထိုးပေးခဲ့တာ ခင်ဗျားနော် မပင်္ကီ"

မန်နေဂျာက သတိပေးသလို ဝင်ပြောၢ၏။ သူမ နှုတ်ခမ်းလေး ဖိကိုက်ကာ…

"ကျွန်မ သိပါတယ်"

"အေးဗျာ ကျွန်တော်ကလည်း ကြားလူပါ၊ ဒီဆိုင်အားလုံးရဲ့တာဝန်က ကျွန်တော့်အပေါ်မှာ ရှိလို့ပါ"

မန်နေဂျာက သူ့အခြေအနေကို ရှင်းပြ၏။ သေချာတွေးကြည့်တော့လည်း မန်နေဂျာမှာ အပြစ်မရှိပါ။

"ဒီမှာ ကျုပ်တို့ ဒီဆိုင်ပိုင်ရှင်နဲ့တွေ့မယ်"

ဂျင်မီက ခပ်မာမာလေသံဖြင့် ပြော၏။ မန်နေဂျာ ခေါင်းခါယမ်းသည်။

"သူဌေးမရှိဘူးဗျာ၊ နိုင်ငံခြားသွားနေတယ်၊ ဒါကြောင့်



Scanned by CamScanner

ဒီပျက်စီးမှုအားလုံးရဲ့တန်ဖိုးကို သူငွေးလာမှ တင်ပြတွက်ချက်ပြီး ခင်ဗျားတို့ကို ကျွန်တော့်အကြောင်းကြားမယ်''

''ကောင်းပြီလေ၊ ဒါဆို ကျွန်မတို့ပြန်မယ်၊ လာ ဂျင်မီ''

ယခုချိန်ထိ အရက်နံ့မပြယ်သော ဂျင်မီလက်မောင်းကိုဆွဲကာ သူမပြန်ခဲ့၏။

ဂျင်မီက ကားပေါ်မှာအိပ်ငိုက်ပါလာသည်။ ပုံစံက ဘာမှအပြစ်မလုပ်ထားဟန်။ ဂျင်မီကိုကြည့်ရင်း သူမ ဒေါသဖြစ်လို့မဆုံး။

''ကျွီ''

''အမယ်လေးဗျ''

အိမ်၏ဆင်ဝင်အောက်ရောက်တာနှင့် သူမ ဘရိတ်ကိုဆောင့်နင်းလိုက်တာကြောင့် အိပ်ငိုက်နေသောဂျင်မီ ခေါင်းနှင့်ထိသွားသည်။

ယခုမှ မျက်လုံးပြူးပြူးပျာပျာ ဖွင့်လာ၏။

''ဘယ်လိုလုပ်လိုက်တာလဲ မမ၊ လူကိုနာသွားတာပဲ''

''နာပါလေ့စေ၊ မင်းဒီအချိုးမျိုး မပြင်ရင် ငါရဲစခန်းပို့လိုက်မယ်''





''လုပ်မနေစမ်းပါနဲ့ဗျာ၊ မာမိက ကျွန်တော့်ကို ဘယ်တော့မှ ရဲစခန်းအရောက်မခံဘူး၊ ဝါး အိပ်ချင်လိုက်တာ''

ကားပေါ်မှ တဝါးဝါးသန်းရင်း ဆင်းသွားသော ဂျင်မီကိုကြည့်ကာ သူမ အံလေးတင်းတင်းကြိတ်မိရလေ၏။

✡ ✡ ✡

ဘဝဆိုတာ ကံကောင်းခြင်းနှင့် ကံဆိုးခြင်းတို့ ဒွန်တွဲနေတယ်ဆိုတာ မှန်သည်ထင်။ လူတစ်ယောက် ကံကောင်းပြီဆိုလျှင် တောက်လျှောက် ကံကောင်းတတ်သလို၊ ကံဆိုးပြီဆိုလျှင်လည်း တောက်လျှောက် ကံဆိုးတတ်တာ သဘာဝလား။

ဂျင်မီ အိမ်ထဲမှာ နှစ်ရက်သုံးရက် ငြိမ်ကုပ်နေခြင်းကို အသိတရားရ၍ လိမ္မာနေခြင်းဟု သူမမမြင်။

အရက်နာကျကာ တော်တော်နှင့် အားပြန်မွေးနေရတဲ့ပုံ။ မာမီတို့ စိတ်ပူမှာစိုး၍ ထိုအကြောင်းကို သူမ လုံးဝဖုန်းမဆက်ဘဲ ထား၏။

သို့သော် သူမက ဖုန်းမဆက်ပေမယ့်

"ကလင်…ကလင်"

ဆူညံစွာပေါ်လာသော ဖုန်းသံကြောင့် သူမရင်ထိတ်သွား





သည်။

ပထမတစ်ခါ ဆူညံစွာ ဖုန်းသံပေါ်လာတုန်းက ဂျင်မီ၏ မကောင်းသတင်းကြားရသည်။

ယခုတစ်ခါ ဖုန်းသံက

"ဟဲလို"

သူမဖုန်းထူးသံများ အသက်မပါ။ စားသောက်ဆိုင်က မန်နေဂျာ ပစ္စည်းတန်ဖိုးတွေတွက်ပြီး လျော်ကြေးတောင်းဖို့ထင်။

"ဦးစောရင်နဲ့ ဒေါ်မင်းညိုတို့ အိမ်ကလားခင်ဗျာ"

"ရှင် ဟုတ်ကဲ့၊ ကျွန်မက သူတို့သမီးပါ"

ဒက်ဒီနှင့်မာမီ နာမည်မေးလာခြင်းက ထူးခြားနေ၏။ အသံက စားသောက်ဆိုင်မှ မန်နေဂျာလည်းမဟုတ်။

"စိတ်မကောင်းပါဘူးခင်ဗျာ၊ ကျွန်တော်တို့ စက်ဘူက ဆက်နေတာပါ၊ ခင်ဗျားမိဘတွေ ဒီမနက်ပဲ ကားအက်ဆီးဒင့်ဖြစ်"

"ရှင်"

"ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားပေမယ့် ဝမ်းနည်းပါတယ်ခင်ဗျာ"



Scanned by CamScanner

"ရှင် ဒက်ဒီနဲ့မာမီ ဟုတ်လား၊ ဒို မဖြစ်နိုင်ဘူး၊ ကျွန်မ မယုံဘူးရှင်"

သူမက ဖုန်းကိုင်ရင်း အရူးတစ်ယောက်လို အော်လိုက်သည်။ တစ်ဖက်က ဘာတွေပြောနေမှန်း သူမမသိတော့။

ပါးပြင်ပေါ်သို့ မျက်ရည်တွေ ဝေါခနဲကျဆင်းကာ ခေါင်းကို တွင်တွင်ခါယမ်းမိ၏။

"ဒက်ဒီ၊ မာမီ"

ဖုန်းကိုလွှတ်ချပြီး ဒက်ဒီနှင့်မာမီတို့ အခန်းဆီ ပြေးဝင်သည်။

ကြည့်စမ်း အခန်းထဲက အရာဝတ္ထုအားလုံး ဘာတစ်ခုမျှ မပြောင်းလဲ။ အားလုံး လတ်ဆတ်သစ်လွင်နေဆဲ။

အထူးသဖြင့် မာမီအမြဲတန်းဆွတ်တတ်သော ရေမွှေးရနံ့က တစ်ခန်းလုံး သင်းပျံ့နေသည်။

"မာမီ...မာမီ မာမီရှိနေတယ် မဟုတ်လား၊ သမီးတို့ကို လာနှုတ်ဆက်တာလား မာမီ"

"မမ...မမ ဘာတွေအော်နေတာလဲ"





Book Sharing

ဂျင်မီရောက်လာကာ မျက်ရည်တွေကျလျက် အရူးတစ်ယောက်လို အော်ဟစ်နေသော သူမကို နားမလည်သလို ကြည့်၍မေး၏။

"ဂျင်မီ မောင်လေး ဒက်ဒီနဲ့မာမီ မရှိတော့ဘူးတဲ့၊ အဟင့် ဟင့်"

"ဗျာ...မမ ဘာပြောလိုက်တယ်"

ရုတ်တရက် သူမပြောတာကို ဂျင်မီ နားမလည်။ အေးလေ အခြေအနေက ရုတ်တရက်ဆိုတော့ နားလည်ချင်စရာမှ မဟုတ်တာ။

"အဟင့်...ဟင့် ဒီနေ့ပဲ ဒက်ဒီနဲ့မာမီတို့ ဟိုမှာ ဟိုမှာ ကား...အဟင့် ဟင့်"

"ဗျာ...တ...တကယ်လား မမ၊ မာမီတို့ မရှိတော့တာ တကယ်လား"

ယခုမှ မျက်နှာကြီးနီရဲလာလျက် ဂျင်မီ တုန်လှုပ်စွာမေး၏။ သူမနှုတ်မှ မဖြေရက်တာကြောင့် ငိုရှိုက်ရင်း ခေါင်းကိုသာ တွင်တွင်ညိတ်ပြမိသည်။



Scanned by CamScanner

"ဒက်ဒီ မာမီ၊ ကျွန်တော်တို့ကို ဘာကြောင့် ရုတ်တရက် ထားခဲ့တာလဲ၊ ကျွန်တော် မယုံဘူး၊ ကျွန်တော်မယုံဘူး မမ"

အသက်ငယ်ရွယ်သေးသော ဂျင်မီသည် မိဘတွေ၏ အဖြစ်ဆိုးကို မကြားရဲသလို မျက်ဝန်းတွေ နီရဲလျက် ခေါင်းတွင်တွင် ခါယမ်းရင်း ငြင်း၏။

"ဂျင်မီ မောင်လေးစိတ်ထိန်းပါ၊ ဒါဟာ တကယ့်အမှန်တရားပါကွယ်"

ကိုယ်တိုင် မိဘတွေအတွက် ဝမ်းနည်းကြေကွဲနေသည့်တိုင် သူမထက် ငယ်ရွယ်သော ဂျင်မီအား နှစ်သိမ့်ပေးမိသည်။

"ဟင့်အင်း မဟုတ်ဘူးမမ၊ မမညာပြောတာ မဟုတ်လား"

"မောင်လေးရယ်"

သူမ ဘာမှမဆာတ်နိုင်ဘဲ ဂျင်မီကို ဖက်ကာ သည်းထန်စွာ ငိုကြွေးမိ၏။ မိဘတွေ ဒီလိုနည်းဖြင့် သူမတို့ကို ခွဲသွားလိမ့်မည်ဟု မထင်ခဲ့။

လူမှာတာဝန်တွေရှိသည်။ ဝမ်းနည်းကြေကွဲနေလို့ လုပ်





ဆောင်ရမည့်ဝတ္တရားတွေ လျစ်လျူရှုထား၍မရ။

လွန်ခဲ့သော လေးငါးရက်ကနှင့်မတူအောင် ညှိုးလျော်သောမျက်နှာကိုယ်စီဖြင့် ဒက်ဒီနှင့် မာမီတို့၏ ပြာအိုးများကို လေဆိပ်မှ လက်ခံယူ၍ ပင်လယ်ထဲသွားမျှောကြသည်။

"ဒက်ဒီနဲ့မာမီရေ အေးမြတဲ့ဘဝမှာ လွတ်လပ်ပျော်ရွှင်ခြင်းတွေနဲ့ နေပါနော်"

ကောင်းကင်ပြာအောက်မှာ ပြာမှုန့်လေးများက လေနှင့်အတူ လွင့်မျောလျက် အေးမြသောပင်လယ်ထဲသို့ ဖြည်းဖြည်းချင်းစီးမျောလေ၏။

သူမနှင့် ဂျင်မီတို့ မျက်ရည်များက ပင်လယ်ထဲသို့။

"ဦးစောရင်နဲ့ ဒေါ်မင်းညိုတို့ ရုတ်တရက် ဒီလိုဖြစ်တာ အန်ကယ်တို့ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ဦးစောရင်ရှိစဉ်က ယူထားတဲ့ အန်ကယ်ဆီက ငွေစာရင်း"

"ကုမ္ပဏီမှာ အရှုံးပြနေတာ ကြာပါပြီ၊ ဦးစောရင်ရှိစဉ်ကတည်းက သိပေမယ့် ဦးစောရင်က သူ့ကိုယ်ရေးကိုယ်တာတွေနဲ့"



Scanned by CamScanner

စသည်ဖြင့် မထင်မှတ်သော ပြဿနာပေါင်းစုံက သူမထံ တိုက်ရိုက်ဝင်လာ၏။

ဒက်ဒီနှင့်မာမီရှိစဉ်က လက်ဖြန့်ငွေသုံးရုံလောက်ကလွဲ၍ ဘာတစ်ခုမှ မသိနားမလည်ခဲ့သော သူမ။

ဂျင်မီက သူမထက်ပိုဆိုး၏။ ယောကျ်ားတန်မဲ့ အိပ်ရာထဲ သာ တစ်ချိန်လုံး ခွေနေသည်။

"ဒီမှာ ကျွန်မမိဘတွေရဲ့ အကြွေးကို ကျွန်မ အကုန်ပြန် ဆပ်မှာပါ၊ နောင်ဘဝအထိ ကျွန်မမိဘတွေကို အကြွေးပါမခံဘူး"

ကျေးဇူးရှင်မိဘနှစ်ပါးအတွက် သူမ ထိုနည်းဖြင့် ကျေးဇူး ဆပ်ရုံသာ။

ထို့ကြောင့် ကုမ္ပဏီမှ တာဝန်ရှိသူတွေနှင့်တွေ့ကာ ငွေစာရင်းရှင်းတော့

"အစကတည်းက ကုမ္ပဏီမှာ ကြွေးတင်နေတာ ပဂ္ဂိ၊ လက်ကျန်ငွေ တစ်ပြားမှမရှိတဲ့အပြင် ဒီကုမ္ပဏီကို ထိုးအပ်ရင်တောင် ကျန်တဲ့အကြွေးတွေ အများကြီးဆပ်ရဦးမယ်"

"ရှင်"





သည်အချိန်ထိ ကုမ္ပဏီပိုင်ရှင်၏သမီးတစ်ယောက်အဖြစ် ငွေကို သုံးချင်တိုင်းသုံးကာ ဘဝကို မမှုခဲ့သောသူမ။

ယခု အကြောင်းစုံသိရတော့ အယောင်ဆောင်ကုမ္ပဏီနှင့် ကြွေးတွေ ဝိုင်းဝိုင်းလည်နေသော ဘာမှမရှိသည့် သူမတို့ဘဝပါ လား။

"ဒါ…ဒါဆို ကျန်တဲ့အကြွေးတွေအတွက် လက်ရှိကျွန်မ တို့တိုက်ကြီးကို ရောင်းမယ်ဆိုရင်ကော"

"ဝမ်းနည်းပါတယ်ကွယ် မင်းတို့အိမ်က ဦးစောရင်ရှိက တည်းက အပေါင်ခံထားပြီးသားပါ"

"ဟင်"

မယုံနိုင်စရာပါလား။ သူမတို့နေတဲ့အိမ်က သူတစ်ပါးဆီ မှာ ပေါင်ထားသတဲ့။

"ဒါ…ဒါဆို ကျွန်မတို့ကားတွေ"

"ဒါတွေရောင်းပြီး အကြွေးဆပ်တာတောင် မကျေနိုင် သေးပါဘူးကွယ်"

"အို"



Scanned by CamScanner

မျက်ဝန်းအစုံ တင်းတင်းမှိတ်လိုက်စဉ် သူမ အမှောင်ကမ္ဘာထဲ ရောက်သွားသည်။

အလင်းတန်း။

ဟင့်အင်း သူမရဲ့ရှေ့မှာ မျှော်လင့်စရာ အလင်းရောင်ပွင့်ပွင့် မတွေ့တော့ပါလား။

✡ ✡ ✡



"ကျွန်တော်တို့မှာ ဘာမှမကျန်တော့ပါလား မမ"

မိဘနှစ်ပါးကို အကြွေးပါမသွားချင်သော သူမက ကုမ္ပဏီနှင့် အကြွေးရှင်များထံ အိမ်၊ ကား အပါအဝင် အားလုံး ထိုးဆပ်လိုက်ရသည်။

မည်မျှပင် ခင်ပါတယ်ဟုဆိုစေကာမူ မရှိတော့တဲ့ မိဘတွေ မျက်နှာကို ထောက်စရာမလိုတာကြောင့် အားနာထောက်ထားခြင်းဆိုတာမရှိ။ ကိုယ်ငွေပြန်ရဖို့အတွက် လက်ခံယူကြသည်သာ။

သေချာပြန်တွေးကြည့်တော့ သူတို့အပြစ်မဟုတ်ပါ။ အသက်ရှိစဉ်က စိတ်ပျော်သလိုနေထိုင်ကာ ဘဝကို လေးနက်စွာ မရှိခဲ့သော မိဘတွေအား အပြစ်မတင်ချင်။

တကယ်ဆို သူမတို့သည်လည်း ဘာထူးလဲ။ မိဘပိုက်ဆံရှိတယ်ဆိုကာ ဘဝအား ခပ်ပေါ့ပေါ့ပဲ ဖြတ်သန်းခဲ့၏။

မောင်နှမနှစ်ယောက် ကိုယ့်အဝတ်အစားအိတ် ကိုယ်ဆွဲကာ တိုက်ခန်းကျဉ်းလေးတစ်ခုမှာ ငှားနေရသည့်ဘဝသို့ ရုတ်တရက် ရောက်သွားတဲ့အဖြစ်။

''ဟုတ်တယ် မောင်လေး၊ မမတို့မှာ ဘာမှမရှိတော့ဘူး''

နှုတ်ခမ်းကို ဖိကိုက်ကာ သူမအားတင်းပြီးပြောတော့ ဂျင်မီ မျက်နှာ အကြီးအကျယ်ပျက်လေ၏။

''ဒါဆို ကျွန်တော်တို့ ဘယ်လိုဆက်နေမှာလဲ၊ မမ ကျွန်တော်တို့အိမ်ကို ဘာလို့ အကြွေးရှင်လက်ထဲ အပ်လိုက်ရတာလဲ''

ဖြူဖျော့သောမျက်နှာဖြင့် ဂျင်မီက အပြစ်တင်သည်။

''တော်စမ်း ဂျင်မီ၊ ငါတို့မောင်နှမနှစ်ယောက်ဟာ မိဘရှိစဉ်က ဘာတစ်ခုမှ စိတ်ချမ်းသာအောင် ကျေးဇူးဆပ်ဖူးတာမျိုး မရှိဘူး၊ အခု မိဘတွေကို နောင်ဘဝအထိ အကြွေးပါမသွားအောင် ဒီနည်းနဲ့ မင်းနဲ့ငါ ကျေးဇူးဆပ်လိုက်တာပဲ''

သူမစကားအဆုံး ဂျင်မီ ရုတ်တရက် ငြိမ်သွား၏။

သဘောပေါက်သွားတာလား၊ လက်လျှော့လိုက်တာလား မသိ။





''ဂျင်မီ''

တိတ်နေသော ဂျင်မီပခုံးလေးကို သူမအသာပုတ်ကာ ခေါ်လိုက်သည်။ ဂျင်မီ မျက်လွှာလှန်ကြည့်၏။

''မင်း သိပ်အားငယ်နေလားဟင်''

''ဘယ်လိုမေးလိုက်တာလဲ မမ၊ ကျွန်တော့်ဘဝမှာ ဒီလိုအဖြစ်အပျက်ကို အိပ်မက်တောင် ယောင်မမက်မိဘူး''

''ဟုတ်ပါတယ်လေ၊ တကယ်တော့ မင်းမှမဟုတ်ပါဘူး မမကိုယ်တိုင်ပါပဲ၊ ဒါပေမယ့် အခုတကယ်ဖြစ်ပျက်လာပြီလေ၊ ဘာတတ်နိုင်မှာလဲ၊ လက်တွေ့ဘဝကို တို့ရင်ဆိုင်ရုံပေါ့ ဂျင်မီ''

ကိုယ်ကအကြီးမို့လို့သာ အားပေးလိုက်ရ၏။ တကယ်တမ်း ရှေ့ဆက်ခရီးက သူမတို့အတွက် ရင်လေးစရာ။

''မမက ဘယ်လိုရင်ဆိုင်မှာလဲ၊ ကျွန်တော်တို့က ဘာလုပ်တတ်လို့လဲ''

သည်စကားက ဒေါသဖြစ်စရာပေမယ့် တစ်ယောက်အရည်အချင်း တစ်ယောက်သိနေတာမို့ ဂျင်မီ၏အမေးက မဆန်းပါ။

''လူတိုင်း မွေးကတည်းက ဘာမှမလုပ်တတ်ဘူး ဂျင်မီ၊ ဒါပေမယ့် မမတို့မှာ ခြေတွေလက်တွေရှိတယ်၊ မိဘသင်ပေးထားတဲ့



Scanned by CamScanner

ပညာတွေရှိတာပဲ"

"ဟား…ဟား မမရယ်၊ မမဘွဲ့တစ်ခုလောက်က ဘာလုပ်မှာလဲ၊ ဒီခေတ်မှာ ဘွဲ့တစ်ခုရပြီး အလုပ်မရှိတဲ့လူတွေ အများကြီး"

ဆယ်တန်းမအောင်သော ဂျင်မိက သူမကို လှောင်နေ၏။ ဂျင်မိပြောတာမှန်တော့ သူမ သက်ပြင်းကြီတ်ချသည်။

"မင်း ဘာကြောင့် စိတ်ပျက်စရာတွေချည်း ပြောတာလဲ ဂျင်မိ"

"ကျွန်တော် အမှန်ပြောတာ၊ ဒါနဲ့ မမ မာမိရဲ့ လက်ဝတ်လက်စား၊ အတွင်းပစ္စည်းတွေ မကျန်ခဲ့ဘူးလားဟင်"

မျှော်လင့်ချက် မျက်ဝန်းများဖြင့် မေးနေသော ဂျင်မိကို သူမ ခေါင်းခါယမ်းပြလိုက်၏။

"မာမီ ပိုက်ဆံ၊ ဖဲရိုက်ဝါသနာပါတာ မင်းသိသားပဲ ဂျင်မိ၊ အစစ်တွေက အဲဒီထဲပါသွားပြီ၊ အားလုံး အတုတွေချည်း ကျန်တယ်၊ ဒက်ဒီမသိအောင် အတုတွေပြန်လုပ်ထားတာလေ"

"ဟား"

သည်တစ်ခါတော့ ဂျင်မိကိုယ်တိုင် သက်ပြင်းလေးလေး





ကြီး ချလေ၏။

"အားမငယ်ပါနဲ့ကွယ်၊ တို့နှစ်ယောက်အတွက် မမ အလုပ် လုပ်ရင်း ရမှာပါ"

"တော်ပါဗျာ…မမလခက ဘယ်လောက်ရမှာမို့လို့လဲ၊ ကျွန်တော်တော့ ဒီလိုဆင်းရဲကြပ်တည်းတဲ့ ဘဝနဲ့ မနေချင်ဘူး၊ သေသာသေလိုက်ချင်တာပဲဗျာ"

ထိုစကားကြောင့် သူမမျက်လုံးပြူးသွားရ၏။

"ကြည့်စမ်း မင်းယောကျ်ားမဟုတ်ဘူးလား၊ ဒီလိုစကား ပြောစရာလား ဂျင်မိ၊ မမရှိသရွေ့ မင်းဒုက္ခမရောက်စေရဘူး"

အစ်မကြီးတစ်ယောက်၏ လေသံဖြင့် သူမ ခိုင်မာပြတ်သားစွာပြောသည်။

မိဘနှစ်ပါးမရှိသည့်နောက် ဂျင်မိ၏ ဘဝကို သူမတာဝန်ယူရမည်။ အစ်မကြီး အမိအရာမဟုတ်လား။

"ကျွန်တော်စိတ်ညစ်တယ်ဗျာ"

မျက်ရည်တွေဝဲလျက် ဂျင်မိဆိုသည်။ မွေးကတည်းက ရွှေဇွန်းကိုက်လာခဲ့သော ဘဝနှင့် ကြီးပြင်းလာရတဲ့ဂျင်မိ။

အို သူမကော ဘာထူးလဲ၊ ကိုယ်က ရေမှုငိုပြနေလျှင်



Book Sharing

Scanned by CamScanner

ဂျင်မီ ဒီထက်အားငယ်ဖို့သာရှိ၏။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာတဲ့။

''တီ''

သူမဟန်းဖုန်းမြည်လာတာကြောင့် နားထောင်လိုက်တော့

''ကျွန်တော် စားသောက်ဆိုင်က မန်နေဂျာပါ မပဂ္ဂီ''

''ဟင်''

ကြည့်စမ်း ထိုကိစ္စကို သူမတို့ မေ့ထားခဲ့မိသည်။ ယခု ရှောင်လွှဲမရတော့။

''ပစ္စည်းစာရင်းအားလုံး တွက်ပြီးပါပြီ၊ လျော်ကြေးငွေက သိန်းသုံးဆယ်ပါ မပဂ္ဂီ''

''ရှင်''

သိန်းသုံးဆယ်တဲ့။ ယခုချိန်မှာ သူမအတွက် ဒီငွေတွေ ဘယ်ကသွားရှာမလဲ။

''ဒီငွေလောက်ကို မပဂ္ဂီတို့မမှုဘူးဆိုတာ ကျွန်တော်သိပါတယ်၊ မနက်ဖြန် မပဂ္ဂီအလာကို ကျွန်တော်စောင့်နေပါ့မယ်''

''ရှင်...ဟုတ် ဟုတ်ကဲ့''

တစ်ဖက်က ဖုန်းချသွားသည့်တိုင် သူမဖုန်းကိုင်၍ ငိုင်နေမိ





၏။ ဂျင်မီကိုယ်တိုင်ကလည်း မျက်နှာပျက်နေပြီ။

''ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ မမ''

''မနက်ဖြန် သွားတွေ့ရမှာပေါ့ ဂျင်မီ''

''ဟင်...မမမှာ ပိုက်ဆံရှိလို့လား''

သူမ ခေါင်းခါယမ်းလိုက်၏။

''မရှိဘူး ဂျင်မီ၊ ဒါပေမယ့် ဝန်ခံစာချုပ်မှာ မမ လက်မှတ်ထိုးခဲ့ပြီ၊ ဒီကိစ္စမပြေရှင်းရင် မင်းနဲ့မမ ဒုက္ခရောက်လိမ့်မယ်''

ပြောရင်း သူမ၏အသံမှာ ခြောက်အက်နေ၏။ ဂျင်မီသည် မျက်ဝန်းကြီးများနှင့်ကာ

''ကျွန်တော့်ကြောင့်ပါဗျာ၊ ကျွန်တော်တို့ ထွက်ပြေးရအောင် မမ''

လှုငယ်စိတ်နှင့် ထွက်ပေါက်ကိုရှာဖို့ ဂျင်မီ ကြံစည်ခြင်း။

''မဖြစ်ဘူး ဂျင်မီ၊ တစ်ဖက်လူက ခံမှာမဟုတ်ဘူး''

''ဒါဆို မနက်ဖြန် မမ ဘာသွားလုပ်မှာလဲ''

''သွားတောင်းပန်ရမှာပေါ့၊ သူတို့က မမတို့ကို အရင်အခြေအနေထင်နေတာ၊ အဲဒါကို ရှင်းပြရမယ်''

ရက်ပိုင်းအတွင်း အဖြစ်အပျက်တွေ လျှင်မြန်စွာ ပြောင်းလဲ



Scanned by CamScanner

သွားလိမ့်မည်ဟု ဘယ်သူထင်မှာလဲ။

"သူတို့က လက်ခံမှာလား မမ"

"ဟင့်အင်း ဘယ်လက်ခံလိမ့်မလဲ၊ မမ သွားတောင်းယုံ မယ်ဆိုတာ ဒီပိုက်ဆံကို ခဏဆိုင်းသည်းခံပေးဖို့၊ သူများအကြွေးကို မမတို့ဆပ်ရမယ်လေ"

"မမက ဘယ်လိုဆပ်မှာလဲ"

ဂျင်မီကို စိတ်ပျက်စွာ ကြည့်မိ၏။

"အလုပ်လုပ်ပြီး ဆပ်မှာပေါ့ ဂျင်မီ၊ မင်းနဲ့ငါ အလုပ်လုပ်ရမယ်"

"မမရယ်"

ဂျင်မီ ခေါင်းငိုက်စိုက်ကျသွား၏။ မပြောရက်ပေမယ့် မတတ်နိုင်။ သူများအကြွေး အတင်မခံချင်ပါ။

✡ ✡ ✡



"ရှင်ကတော့ ရုတ်တရက်ပြောင်းလဲသွားတဲ့ ကျွန်မတို့အခြေ အနေကို ယုံမှာမဟုတ်ဘူး၊ ဒါပေမယ့် ကျွန်မ မညာဘူးဆိုတာ ကျွန်မတို့ပတ်ဝန်းကျင်ကို စုံစမ်းကြည့်ရင် ရှင်သိမှာပါ"

သူမပြောသမျှကို မန်နေဂျာသည် ငြိမ်သက်စွာ နားထောင်နေ၏။ ရက်ပိုင်းအတွင်း မမျှော်လင့်သော အပြောင်းအလဲများအကြောင်း ပြောပြနေရသည့် သူမကိုယ်တိုင် ရင်မှာနာလေ၏။

ဂျင်မီက သူမဘေးမှာ ခေါင်းငိုက်စိုက်ထိုင်လျက် သူမစကားဆုံးတော့ မန်နေဂျာသည် သက်ပြင်းကြီးချကာ

"ကျွန်တော်တော့ ကြားရတာ တကယ့်ကို မယုံနိုင်အောင်ပါပဲဗျာ၊ မပဂ္ဂီတို့ မိဘတွေအကြောင်းတော့ ကျွန်တော်လည်း နည်းနည်းပါးပါး ကြားလိုက်မိပါတယ်၊ ဒါပေမယ့် စိတ်က မဟုတ်လောက်နိုင်ဘူးထင်လို့၊ ခုလို မပဂ္ဂီကိုယ်တိုင် ပြောပြတော့ ကျွန်တော်



Scanned by CamScanner

လက်မခံနိုင်စရာ မရှိပါဘူး၊ မပဂ္ဂိတို့အတွက်လည်း အများကြီး စိတ်မကောင်းဖြစ်ရပါတယ်"

လူဆိုသည်မှာ မည်မျှပင်ဆိုးပါစေ ကြင်နာသနားတတ်သော စိတ်လေးတော့ ရင်ထဲတွင် ရှိတတ်ပေသည်။

ထို့ကြောင့် မန်နေဂျာက သူမတို့အတွက် မျက်နှာမကောင်းစွာ ဝမ်းနည်းကြောင်းပြော၏။

ဂျင်မီက မျက်နှာမော့လာကာ မန်နေဂျာကို ကြည့်သည်။

"ဒါဆို မန်နေဂျာကြီးရယ် အခု ကျွန်တော်တို့မှာ အရင်လို အဆင်မပြေတာမို့ မန်နေဂျာတောင်းတဲ့ လျော်ကြေးငွေကို ကျေးဇူးပြုပြီး ရပ်ဆိုင်းပေးပါလား"

"ဟာ...ဒါတော့မဖြစ်ဘူး ဂျင်မီ၊ ရှင်းရှင်းပြောရရင် ဒါက ကျွန်တော့်ငွေမဟုတ်ပါဘူး၊ ကျွန်တော့်ရဲ့သူဌေးငွေပါ၊ ဒီလျော်ကြေးငွေကို ကျွန်တော်က သူဌေးကိုယ်စားတောင်းရတာပါ ဂျင်မီ"

ဂျင်မီ၏ စိတ်ဓာတ်ကျစွာတောင်းဆိုမှုကြောင့် မန်နေဂျာ ခါးသီးစွာ ငြင်းသည်။

"ဂျင်မီ မင်းဘာမှဆက်မပြောနဲ့၊ ဒီကိစ္စ မမရှင်းမယ်လို့





ပြောထားတယ်လေ"

သည်တော့ ဂျင်မီအသံတိတ်သွား၏။ မန်နေဂျာကို သူမ အားနာစွာကြည့်လိုက်သည်။

"ကလေးဆန်တဲ့ ကျွန်မမောင်ငယ်အတွက် တောင်းပန်ပါတယ် မန်နေဂျာ၊ လက်ရှိမန်နေဂျာရဲ့ အနေအထားကို ကျွန်မ နားလည်ပါတယ်၊ ဒါကြောင့် မန်နေဂျာရဲ့သူဌေးနဲ့ ကျွန်မကို ကျေးဇူးပြုပြီး ပေးတွေ့ပါ"

"အဲဒါခက်တယ်ဗျာ သူဌေးက ခုထိ နိုင်ငံခြားက ပြန်မလာသေးဘူး၊ ဒီကိစ္စကို ကျွန်တော့်ဘာသာစီစဉ်ဖို့ လွှဲထားတယ် မပဂ္ဂိ"

လုပ်ငန်းများစွာရှိသော သူဌေးတစ်ယောက်မို့ ဒီလောက်ကိစ္စလေးကို မန်နေဂျာနှင့် လွှဲထားတာမဆန်းပါ။

"ဒါဆိုရင်တော့ ကျွန်မကပဲ မန်နေဂျာကို တောင်းပန်ရမှာပါ၊ လက်ရှိ ကျွန်မတို့အခြေအနေဟာ မန်နေဂျာတောင်းတဲ့ လျော်ကြေးကို ငွေသားနဲ့ မပေးဆပ်နိုင်သေးပေမယ့် ဒါလေးကို တော့"



Scanned by CamScanner

"ဟင် မမ"

သူမနားမှ နားကပ်ကို ဖြုတ်လိုက်၏။ ကျင်မိ မျက်နှာပျက်သွား သည်။

"နားကပ်မပန်ရလို့ မမ ဘာမှမဖြစ်ပါဘူး ကျင်မီ"

တည်ငြိမ်သောမျက်နှာဖြင့် သူမပြောတော့ ကျင်မိ မျက်နှာ အကြီးအကျယ်ပျက်လျက် နေရာမှ ထသွားသည်။

"ဒီစိန်နားကပ်လေးက သမီးအဖွားက မာမီကိုပေးခဲ့တာ၊ ဒါကြောင့် မာမီက သမီးကို အမွေအဖြစ်ပြန်ပေးတာ၊ တခြားပစ္စည်း တွေထက် ဒီနားကပ်လေးက အဖွားအမွေမို့ သမီးတစ်သက် သေချာ သိမ်းထားနော်"

သူမ ဆယ်တန်းအောင်စဉ်က မာမီကိုယ်တိုင် ထိုသို့ လေးနက်စွာပြောလျက် ပေးခဲ့သော နားကပ်ဖြစ်၏။

ယခုတော့ ဖြစ်ပေါ်နေသည့် အခက်အခဲကြောင့် ထိုနား ကပ်လေးကို သူမနားမှ ချွတ်လိုက်ရပြီ။

"ဒီစိန်နားကပ်ရဲ့ တန်ဖိုးဟာ သိန်းသုံးဆယ်တော့ တန်မှာ ပါ၊ ကျွန်မအနေနဲ့ ပစ္စည်းကို ထုခွဲပြီး ငွေအဖြစ်မပေးနိုင်တာဟာ





ဒီနားကပ်လေးက ကျွန်မအဖွား၊ ကျွန်မအမေရဲ့ တစ်ခုတည်းသော အမွေဖြစ်နေလို့ပါ မန်နေဂျာ၊ ဒါကြောင့် မန်နေဂျာရဲ့သူဌေးဆီမှာ ဒီနားကပ်ကို လျော်ကြေးအဖြစ် အပေါင်ထားပါရစေ"

နားကပ်ကိုဖြုတ်ပြီးနောက် မန်နေဂျာလက်ထဲထည့်၍ သူမ စိတ်ထိန်းကာ ပြောလိုက်၏။

သွားလေသူမာမီ၏ တစ်ခုတည်းသောအမွေမို့ သူမရင်ထဲ ဒီလိုလုပ်ရတာ ဘယ်လောက်ခံစားရလဲဆိုတာ ဘာသာအသိဆုံးဖြစ် သည်။

"အတော်ခက်သားပဲဗျာ၊ ကျွန်တော်လည်း ဘယ်လိုလုပ် ရမှန်း မသိတော့ဘူး"

မန်နေဂျာမှာ နားကပ်ကိုယူရခက် မယူရခက်ဖြစ်နေသည်။

"ကျေးဇူးပြုပြီး ဒီနားကပ်ကို လက်ခံပေးပါ၊ ဒါပေမယ့် သေချာတာက ကျွန်မ ဒီနားကပ်ကို ပြန်ရွေးမယ်ဆိုတာပါပဲ"

"ပြန်ရွေးမယ်ဟုတ်လား၊ ဒါဆို ဘယ်တော့လောက် ဖြစ်နိုင်မလဲ မပက္ခ"

မန်နေဂျာမေးတော့ သူမတစ်ချက်ငိုင်သွား၏။ လက်ရှိ

သူမ တို့အခြေအနေက ဘာလုပ်ရမှန်းမသိအောင်ပင်။

"ကျွန်မ အလုပ်ရရင်ပေါ့ရှင်၊ အလွန်ဆုံး ခြောက်လ တစ်နှစ်ပေါ့ မန်နေဂျာ"

မရေရာသော သူမစကားကြောင့် မန်နေဂျာ ခေါင်းခါယမ်းသည်။

"မှန်တာပြောရရင် ဒီပစ္စည်းလက်ခံဖို့ လက်မခံဖို့ဆိုတာ သူဌေးကိုမေးပြီးမှ ကျွန်တော်ဆုံးဖြတ်ရမှာပါ မပက္ခိ"

"ဟုတ်ကဲ့ ကျွန်မနားလည်ပါတယ်၊ ဒီပစ္စည်းကိုလည်း ရှင်တို့သူဌေးလက်ထဲပဲ ကျွန်မက ထားချင်ပါတယ်၊ အမွေပစ္စည်းမို့ အပျောက်ပျက်မခံနိုင်လို့ပါ မန်နေဂျာ"

သူဌေးတစ်ယောက်အတွက် ဒီနားကပ်တစ်ရံတန်ဖိုး လောက်တော့ အရေးမစိုက်ဟု သူမထင်၏။

တခြားလူလက်ထဲဆိုလျှင် ထုခွဲပစ်မှာ စိုးရိမ်သည်။

"ဒါဆို ဒီလိုလုပ်မယ်ဗျာ၊ ကျွန်တော် သူဌေးကို ဆက်သွယ်ပြီး မေးလိုက်မယ်၊ ခင်ဗျား ခဏစောင့်ပါ မပက္ခိ"

"ဟုတ်ကဲ့"





မန်နေဂျာက နေရာမှထသွား၏။ သူဌေးထံ ဖုန်းဖြင့်ဆက်သွယ်ကာ မေးမည်ထင်။

သူဌေးလက်ခံပါစေဟု သူမကြိတ်၍ ဆုတောင်းမိသည်။ လက်မခံဘဲ ငွေသားတောင်းလာပါက နောက်ဆုံး ဒီပစ္စည်းကို ထုခွဲပစ်ရမည့်အခြေအနေ။

ဒီလိုသာဆိုလျှင် မာမီ၏အမွေပစ္စည်းကို သူမစွန့်လွှတ်လိုက်ရသလို ဖြစ်မည်။

ဟင့်အင်း…ဟင့်အင်း ဒီလိုတော့မဖြစ်ပါစေနဲ့။ ထိုခဏ သူမစိတ်တို့လှုပ်ရှားကာ မငြိမ်သက်။

နာရီဝက်အကြာမှာတော့ မန်နေဂျာသည် ရွှင်ပျသော မျက်နှာဖြင့် ပြန်ရောက်လာ၏။

"ခင်ဗျားကံကောင်းတာပဲ မပက္ခိ၊ သူဌေးကို အကျိုးအကြောင်းပြောပြတော့ လက်ခံလိုက်တယ်"

"ရှင်…ဒါ ဒါ တကယ်လား မန်နေဂျာ"

မာမီ၏အမွေပစ္စည်းမို့ မထုခွဲချင်သော သူမအဖို့ ဒီသတင်းကြားရတာ ထီပေါက်သလို ဝမ်းသာသွား၏။



Book Sharing

Scanned by CamScanner

"တကယ်ပါဗျာ၊ ကဲ ကဲ ဒီပစ္စည်းကို သူဌေးလာရင် သူ့လက်ထဲ ကျွန်တော် သေချာအပ်လိုက်ပါ့မယ်"

မန်နေဂျာက နားကပ်ကိုယူပြီး ပေါ့ပါးစွာပြောတော့ သူမ မျက်နှာပျက်သွားသည်။

"ဟို…ဟို ရှင်တို့သူဌေးက စိတ်ချရပါတယ်နော်"

"ဟာ ဒီအတွက်တော့ မပူပါနဲ့၊ သူဌေးက အင်မတန် တိကျတဲ့လူပါ မပဏ္ဍိ"

သည်တော့မှ သူမသက်ပြင်းချနိုင်သွား၏။ မန်နေဂျာလက်ထဲက နားကပ်လေးကို ဝမ်းနည်းသလို တစ်ချက်လှမ်းကြည့်ပြီး

"ကောင်းပြီလေ၊ ဒါဆို ကျွန်မနားကပ်ကို ထားခဲ့ပါ့မယ်၊ ဟို မန်နေဂျာက ပစ္စည်းကိုလက်ခံရရှိကြောင်း စာချုပ်မှာရေးပေးပါလား"

"ဟာ…ရပါတယ်၊ ရပါတယ်၊ ဒါက လုပ်ပေးရမှာပေါ့၊ သူဌေးလာရင်လည်း ဒီစာချုပ်ကိုပါ ကျွန်တော်ပြပြီး ပေးရမှာပါ မပဏ္ဍိ"

အစက သဘောဆိုးမည်ထင်သော မန်နေဂျာသည် ယခု





တော့ တနာမှုရှိစွာ လိုက်လျောကူညီတာကိုပဲ ကျေးဇူးတင်ရလေ၏။

စိန်နားကပ်ကို လျော်ကြေးငွေအတွက် အစားလက်ခံရရှိကြောင်းနှင့် ပိုင်ရှင်မှတစ်နှစ်အတွင်း လာရွေးမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက် စာချုပ်မှာ လက်မှတ်ထိုးလိုက်၏။

ထို့နောက် စာချုပ်တစ်စောင်စီ ခွဲယူသည်။

"ဒီလောက်ဆို မပဏ္ဍိ စိတ်ချပြီထင်ပါတယ်"

"ဟုတ်ကဲ့ ရပါပြီ၊ ကျွန်မကို အစစအဆင်ပြေအောင် ကူညီပေးတဲ့ မန်နေဂျာကို ကျေးဇူးတင်ပါတယ်ရှင်"

သူမရင်ထဲက လှိုက်လှဲစွာပြောလိုက်သည်။ မန်နေဂျာက အားနာဟန်ဖြင့် ခေါင်းခါယမ်းကာ…

"တကယ်တော့ ကျွန်တော်ကသာ မပဏ္ဍိကို ကျေးဇူးတင်ရမှာပါဗျာ၊ ဒီလျော်ကြေးကို မပဏ္ဍိလာမဆပ်ရင် သူဌေးက ကျွန်တော့်ကို အလုပ်ဖြုတ်မှာဗျ၊ ဒါဆို ကျွန်တော့်မှာ ကလေးနှစ်ယောက်နဲ့ ဒုက္ခရောက်ပြီလေ"

ပွင့်ပွင့်လင်းလင်းပြောတော့ သူမ မဲ့မဲ့ပြုံးမိ၏။

"စိတ်ချပါ၊ ဒီနားကပ်ကို ကျွန်မ အချိန်မီပြန်ရွေးမှာပါ



Scanned by CamScanner

မန်နေဂျာ၊ ကဲ ကျွန်မကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

မန်နေဂျာလက်ထဲမှာ ကျန်ခဲ့သော နားကပ်လေးသည် သူမကို အမြန်လာရွေးဖို့ တောင်းဆိုနေသယောင်။

မျက်ဝန်းထဲ ပြည့်လာသော မျက်ရည်များကို မျက်တောင်ကော့များဖြင့် ပုတ်ခတ်ထုတ်ပြီး ထိုနေရာမှ သူမ ချာခနဲ လှည့်ထွက်ခဲ့၏။

✡ ✡ ✡



"ဘာကြောင့် မမ ဒီလိုလုပ်လိုက်ရတာလဲဗျာ၊ မမမှာ အားလုံးပေါင်း ဒီနားကပ်တစ်ရံပဲရှိတော့တာ မဟုတ်လား"

အပြင်ရောက်တာနှင့် ဂျင်မီက မျက်စိမျက်နှာပျက်ဖြင့် သူမကို အပြစ်တင်သည်။

သူမမျက်နှာလေး တည်သွားကာ…

"ဒီလိုမှမလုပ်ရင် လျော်ကြေးကို တို့ဘယ်လိုလုပ်မလဲ ဂျင်မီ၊"

"ကျွန်တော့်ကြောင့်၊ ကျွန်တော့်ကြောင့်ပါဗျာ"

"မမနားကပ်ကို ပြန်ယူလိုက်ပါ၊ ကျွန်တော်သာ အချုပ်ခန်းထဲ ဝင်လိုက်ပါ့မယ်"

ငိုချင်လျက် မျက်နှာကြီးဖြင့် ဂျင်မီပြောတော့ သူမ အံလေး ကြိတ်လိုက်မိ၏။

"တော်စမ်း ဂျင်မီ၊ မင်း ဒီထက်ကောင်းတဲ့အကြံမျိုး မရှိတော့ဘူးလားဟင်၊ ငါက စိန်နားကပ်ယန်ပြီး မင်းအချုပ်ထဲရောက်တာကို ကြည့်နေရမှာလား"

ကိုယ်တိုင်က ဝမ်းနည်းကြေကွဲစိတ်ဖြင့် ငိုချင်နေပေမယ့် ဂျင်မီရှေ့မှာ မာန်တင်းထားရ၏။

"ကျွန်တော်တို့ ဘာလို့ ဒီလောက်အမြန်ကြီး ပြောင်းလဲသွားရတာလဲ မမရယ်"

သူမ နှုတ်ခမ်းလေး ဖိကိုက်ကာ

"လူကြီးတွေပြောတဲ့ လောကဓံဆိုတာ ဒါပဲနေမှာ ဂျင်မီ၊ လူဆိုတာ တစ်ချိန်မဟုတ် တစ်ချိန် လောကဓံကို ကြံ့ကြံ့ခံနိုင်ဖို့သာ အရေးကြီးတာပါ"

တစ်ဘက်မှာ ဒီလိုလေးနက်သော စကားမျိုးကို သူမ ဘဝမှာ ဒါ ပထမဆုံး ပြောမိခြင်း။

"ကျွန်တော်တော့ လောကဓံတွေဘာတွေ နားမလည်ဘူး၊ ဒက်ဒီ မာမိတို့နဲ့အတူသာ လိုက်သွားချင်တော့တာပဲ"

"ဖျန်း"





ယောက်ျားဖြစ်ပြီး စိတ်အားလျော့လွန်းသော ဂျင်မီအား ဒေါသဖြစ်ကာ ပါးရိုက်လိုက်မိသည်။

"ဟင်…မမ"

နာကျင်သွားသော ပါးပြင်တစ်ဖက်ကိုပွတ်ရင်း သူမအား ဂျင်မီ အံ့ဩသလိုကြည့်၏။

"အေး…နောက်တစ်ခါ ငါ့ရှေ့မှာ သေမယ့်အကြောင်း ပြောရင် မင်းကို ငါကိုယ်တိုင် သတ်ပေးမယ်၊ ကြားလား ဂျင်မီ"

ဖြူနုသောမျက်နှာမှာ နီရဲလျက် တင်းမာသည့်မျက်နှာဖြင့် သူမ ပြတ်သားစွာပြောတော့ ဂျင်မီ မျက်နှာပျက်လျက် နှုတ်ဆိတ်သွား၏။

ဂျင်မီကို ရိုက်မိသော သူမလက်အား ပြန်ငုံ့ကြည့်လိုက်သည်။

ဘာကြောင့်များ ဂျင်မီကို ဒီလက်နဲ့ ရိုက်မိသွားတာပါလိမ့်။

မိဘတွေဆုံးရှုံး၊ ပစ္စည်းဥစ္စာများ ဆုံးရှုံးနဲ့ အသက်ငယ်ရွယ်သေးတဲ့ မောင်ငယ်အား သူမ အတတ်နိုင်ဆုံး နှစ်သိမ့်ပေးရမည့်

အဖြစ်။

"ဖျန်း…ဖျန်း"

"ဟင်…မမ…မမ ဘာလုပ်တာလဲ"

ဒီလက်တွေနဲ့ ဂျင်မီကို ရိုက်မိလေခြင်းဟု ရင်ထဲနာကျင်လာလျက် သူမကိုယ်သူမ အပြစ်ပေးသည့်အနေဖြင့် ကိုယ့်ပါးကိုယ်ပြန်ရိုက်မိခြင်း။

ဂျင်မီက အံ့သြလွန်းစွာ ကြည့်ပြီး သူမလက်တွေကို အမြန်ဆွဲသည်။

"အဟင့်…ဟင့် ဂျင်မီ မောင်လေး၊ နောက်တစ်ခါမင်းကို မမ ဘယ်တော့မှမရိုက်တော့ပါဘူးကွယ်"

"မမရယ်"

သူမမျက်ရည်တွေမြင်တော့ ဂျင်မီကိုယ်တိုင် မျက်ရည်ကျလာ၏။ ကြည့်စမ်း သူမတို့မောင်နှမနှစ်ယောက်၏ ဘဝမှာ ဒီလိုဝမ်းနည်းကြေကွဲစွာဖြင့် မျက်ရည်ကျရလိမ့်မည် ဘယ်တုန်းကမျှ မထင်ခဲ့ပါလား။

"မမတစ်ယောက်လုံးရှိပါတယ် ဂျင်မီရယ်၊ အားမငယ်ပါ





နဲ့"

ကြိုးစားကာ အားပေးလိုက်ရသည့်တိုင် ဂျင်မီက သူမကိုခပ်ငိုင်ငိုင်ငေးကြည့်၏။ အခြေအနေအားလုံးကို ဂျင်မီလည်း သဘောပေါက်နားလည်နေတာပဲ။

သူမသက်ပြင်းလေး ကြိတ်ချကာ…

"နေ့လယ်စာ စားချိန်တောင်ရောက်ပြီ၊ မမတို့ဆိုင်မှာ ဝင်စားကြတာပေါ့ ဂျင်မီ"

ဂျင်မီ ခေါင်းခါယမ်းသည်။

"ကျွန်တော်မဆာပါဘူး မမရယ်"

"ဒီလိုမလုပ်နဲ့၊ လူမှာ ဘယ်လောက်ပဲ စိတ်ညစ်စရာရှိပါစေ အစာကိုတော့ ပုံမှန်စားရမယ် ဂျင်မီ၊ အစားမစားရင် ရောဂါဖြစ်မှာပေါ့"

ဂျင်မီကို နှစ်သိမ့်နေရပေမယ့် သူမကိုယ်တိုင်က ဘာမှစားချင်စိတ်မရှိပါ။ ရင်ထဲပြည့်နေ၏။

"မမလည်း စားမှာမဟုတ်လား"

"အင်း"



Scanned by CamScanner

ဟန်ဆောင်ခေါင်းညိတ်လိုက်ရသည်။ သူမစားမှ ဂျင်မီ စားမှာမဟုတ်လား။

"ဒါဆို စားကြတာပေါ့ မမ"

"ဘယ်မှာစားမလဲ ဂျင်မီ"

ဂျင်မီကို အလိုလိုက်ချင်တာကြောင့် သူမမေးခြင်းပါ။

"မမ ဘယ်မှာစားချင်လဲ"

"ရပါတယ် မမက ဂျင်မီစားတဲ့ဆိုင် စားမှာပါ"

ပထမဆုံးအကြိမ် မောင်နှမနှစ်ယောက် တစ်ယောက်အပေါ် တစ်ယောက် ညှာတာလာခြင်း။

"မမပဲရွေးပါ"

"အင်း...အင်း ဒါဆို မြန်မာစာပဲ စားကြရအောင်နော်၊ လာ ဂျင်မီ"

အငှားကားဖြင့် မြန်မာထမင်းဆိုင်သို့ သူမတို့လာခဲ့သည်။ နေ့လယ်စာစားချိန်မို့ ဆိုင်ထဲမှာ လူစည်နေ၏။

ထောင့်စားပွဲတစ်ခုမှာ နေရာယူလိုက်ရင်း,..

"မင်း ဘာဟင်းနဲ့စားမလဲ ဂျင်မီ"

Book Sharing





"မမကောင်းတာမှာပါ"

ထမင်းဆိုင်ထဲ ရောက်ပေမယ့် ဂျင်မီ စိတ်ဝင်စားဟန်မရှိ။ အရင်က အိမ်မှာ ဟင်းကောင်းတွေချက်သည့်တိုင်

"မစားချင်ဘူးဗျာ၊ ဟိုတယ်သွားစားမယ်"

ဆိုင်ကယ်သော့ဆွဲလျက် ထွက်သွားတတ်သော ဂျင်မီ။ သည်လိုဆိုင်မျိုးလေးမှာ လာစားရတာကို ဘယ်လောက်စိတ်ထိခိုက်နေမလဲ။

"ပုဇွန်ထုပ်နဲ့ နှစ်ပွဲပြင်ပေးပါ၊ ပြီးတော့ ကြက်သားဟင်း တစ်ပွဲနဲ့ ကန်စွန်းရွက်နဲ့မှိုကြော် တစ်ပွဲ"

စားကောင်းမည်ထင်ကာ သူမမှာပေးလိုက်ခြင်း။ ပုဇွန်ထုပ်ဆီပြန်က ဂျင်မီအကြိုက်ဖြစ်၏။

မကြာခင် ဟင်းတွေရောက်လာသည်။ တစ်ပွဲမှာ ပုဇွန်ထုပ်ဆီပြန်က နှစ်ကောင်တည်း။

"ဒီပုဇွန်ထုပ်နှစ်ပွဲလုံး မင်းစားလိုက် ဂျင်မီ၊ မမ ကြက်သားနဲ့စားမယ်"

သူမပြောရင်း ဟင်းပန်းကန်တွေကို ဂျင်မီရှေ့တိုးပေးလိုက်.

၏။

ဂျင်မီက သူမကို ရီဝေဝေကြည့်သည်။ ထို့နောက် ဟင်းတစ်ခွက်ကို သူမဘက်ပြန်တွန်းပို့ကာ

"ခုချိန်ကစပြီး ကျွန်တော့်အတွက် ဦးစားမပေးပါနဲ့ မမ၊ လောကဓံကို ကျွန်တော်တစ်ယောက်တည်း ခံနေရတာ မဟုတ်ပါဘူး၊ မမလည်း အတူခံနေရတာပဲ၊ ဘာကြောင့် ကျွန်တော်က အခွင့်အရေးပိုယူရမှာလဲ"

"ဂျင်မီရယ်"

မာမိတ္တိကိုတွန်းကသာ သူမတို့မောင်နှမ ဒီလိုလိမ္မာသိတတ်လျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

တစ်ယောက်မျက်နှာကို တစ်ယောက် မျက်ရည်ဝဲစွာ ကြည့်မိ၏။

သူမအရင်ဆုံးပြုံးဖို့ ကြိုးစားသည်။

"စားတော့ဂျင်မီ၊ အဆာလွန်လိမ့်မယ်"

ပြောရင်း ဂျင်မီပန်းကန်ထဲ သူမ ပုစွန်ထုပ်ကြီးတစ်ကောင် ခပ်ထည့်ပေးလိုက်၏။





"မမလည်း စားပါ"

ဂျင်မီက သူမကို ဟင်းပြန်ခပ်ထည့်ပေးသည်။ ထမင်းစားရန် ခေါင်းငုံ့လိုက်စဉ် မျက်ရည်တစ်ပေါက် လွင့်ကျလာသည်။ ဂျင်မီ မမြင်နိုင်အောင် ခေါင်းကို တွင်တွင်ငုံ့ထားလိုက်မိသည်။

ယခုအချိန် ဂျင်မီကိုကြည့်မိလျှင်လည်း ဘယ်လိုနေမလဲ ဆိုတာ သူမမသိချင်တော့ပါ။

ရင်ထဲမှာ ဒက်ဒီနှင့်မာမီကိုသာ ပြင်းပျစွာ သတိရနေမိတော့၏။

✡ ✡ ✡



Scanned by CamScanner

နှစ်လဆိုသောအချိန်သည် သူမတို့အတွက် တစ်ခဏလေး ဖြင့် ကုန်ဆုံးသွား၏။

ဒက်ဒီနှင့်မာမီတို့ကိစ္စ၊ ကြွေးရှင်းတမ်းကိစ္စများဖြင့် တစ်လ ကုန်ဆုံးခဲ့သလို ရှေ့ရေးအတွက် အလုပ်ရှာဖို့ နေထိုင်ဖို့ စဉ်းစားရင်း တစ်လထပ်ကုန်သွား၏။

သည်ကြားထဲ ဂျင်မီက အပြင်နေ့တိုင်းထွက်ကာ ပြန်လာ လျှင် သူမပေးလိုက်သောပိုက်ဆံ ကုန်လာသည်ချည်း။

အပြင်ထွက်သည့်အကြောင်းပြချက်က အလုပ်ရှာဖို့။

“မင်းအပြင်ထွက်တာတွေ ရပ်ရင်ကောင်းမယ် ဂျင်မီ”

“ဟာ မမကလည်း ကျွန်တော်အပြင်ထွက်တာ အလကား မှမဟုတ်ပဲ၊ အလုပ်ရှာဖို့သွားတာဗျ”

သူမ ခေါင်းခါယမ်းမိ၏။ အပြန်မိုးချုပ်တွင် ဂျင်မီပါးစပ်





က ဘီယာနံ့ ရနေတတ်တာပဲ။

“တော်ပြီ ဂျင်မီ၊ မင်းမှ ဆယ်တန်းမအောင်ဘဲ ဘာ အလုပ်မှ ရမှာမဟုတ်ဘူး၊ မမပဲ အလုပ်လိုက်ရှာမယ်”

“ဆယ်တန်းမအောင်ပေမယ့် တခြားလုပ်စရာတွေ တစ်ပုံ ကြီးပါ မမရာ၊ ကျွန်တော့်ဘော်ဒါတွေနဲ့ ကျောက်သွားတူးမယ်”

“ဘာ”

ကျောက်တူးသမားဘဝ ဘယ်လောက်ကြမ်းတမ်းတယ် ဆိုတာ ဂျင်မီ သိဟန်မတူ။

“ကျောက်အောင်ရင် ကျွန်တော်တို့ အရင်လို ချမ်းသာမှာ ဗျ မမ”

“စိတ်ကူးယဉ်မနေစမ်းနဲ့ ဂျင်မီ၊ မင်းတစ်သက်လုံး အရိပ် ထဲနေလာတာ ကြမ်းကြမ်းတမ်းတမ်း လုပ်နိုင်လို့လား”

“ကျွန်တော် ယောကျာ်းပါဗျ၊ မမနားကပ်ကို ကျွန်တော် ရအောင်ပြန်ရွေးပေးမယ်”

သည်စိတ်လေးတစ်ခုနှင့် ဂျင်မီကို ကျေးဇူးတင်လိုက်ပါ ၏။ ဒါပေမယ့် တစ်ယောက်တည်းသော မောင်ငယ်ကို ကြမ်းတမ်း

လေးလံတဲ့ ခရီးမျိုး သူမ ဘယ်မှာလွှတ်ရက်မှာလဲ။

"မင်းရဲ့စေတနာကို မမ ကျေးဇူးတင်ပါတယ် ဂျင်မီ၊ ဒါပေမယ့် အဲဒီလောက်ဝေးတဲ့ခရီးကို မင်းမသွားရဘူး၊ ကျောက်ဝှူး သမားဘဝဟာ ကြမ်းတမ်းတယ်၊ ဒီမှာပဲနေပါကွယ်"

"မမ ကျွန်တော့်ကို အထင်သေးတာပဲဗျ၊ ကျွန်တော့်လိုပဲ လူတိုင်းသွားကြတာ၊ မမပဲ လောကဓံခံနိုင်ရမယ်ဆို ကျွန်တော် လောကဓံခံနိုင်ပါတယ်"

တကယ့်ယောကျ်ားရင့်မကြီးဟန်ဖြင့် ဂျင်မီ ရင်ကော့ပြော သည်။ သူမကတော့ လုံးဝလက်မခံဘဲ ခါးသီးစွာငြင်း၏။

"မရဘူး၊ ဂျင်မီ့ မင်းမသွားရဘူး"

"မမကလည်းဗျာ"

ဂျင်မီအခန်းထဲ ဝင်သွား၏။ နောက်ထပ် ဘာမှမပြောတာ ကြောင့် သူမ စိတ်ချမ်းသာသွားရသည်။

မနက်ဖြန်ကစပြီး အလုပ်ရဖို့ သူမကြိုးစားရှာမှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်၏။

"ညစာအတွက် ဂျင်မီကို ကောင်းကောင်းချက်ကျွေးရ





မယ်"

သည်ကိုပြောင်းလာပြီးနောက် တစ်လလောက်အထိ သူမတို့ ဆိုင်ထမင်း၊ ဆိုင်ဟင်းဖြင့် အချိန်ကုန်ခဲ့၏။

ကြာတော့ ငြီးငွေ့လာသည်။ ဆိုင်ချက်တွေမို့ ဒီဟင်းတွေ ချည်း။

သို့သော် သူဌေးသမီးဘဝက ကိုယ့်ထမင်းကိုယ်ပင် ခူးမစားခဲ့ရသော သူမ ကိုယ်ဘာသာ ချက်ပြုတ်စားဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မည်လဲ။

"ကျွန်တော် ဒီဟင်းတွေမစားချင်တော့ဘူးဗျာ"

ဆိုင်ချက်ဟင်းများကို ဂျင်မီ လှည့်ပင်မကြည့်တော့တဲ့အခါ

"မမ ချက်ကျွေးမယ်နော် ဂျင်မီ"

ဟု ချော့လျက် ထမင်းကို ပေါင်းအိုးဖြင့် တည်သည်။ ရေဘယ်လောက်ထည့်ရမှန်းမသိ၍ အစက ပျော့စိသွား၏။

ဘဲဥကြော်က မဲတူးလို့။ အဆင်မပြေတဲ့ ထမင်းဟင်းတွေ ကိုကြည့်ကာ သူမငိုချင်သွားရသည်။

ဂျင်မီမလာခင် အိမ်မှထွက်၍ ဆိုင်ကိုပြေးကာ ထမင်း



Scanned by CamScanner

ဟင်းဝယ်ထားလိုက်ရသည်။

"ဒါ ဆိုင်ကဟင်းပဲ"

တစ်လလုံးလုံး ဆိုင်ဟင်းနဲ့ ရင်းနှီးလာသော ဂျင်မီကို ညာ၍မရပေ။

"မမချက်တဲ့ဟင်းက ပျက်သွားလို့ကွယ်"

ဂျင်မီ သက်ပြင်းချလျက်

"ရပါတယ်၊ ကျွန်တော်ရှိတာနဲ့ စားပါ့မယ်"

ထမင်းငုံ့စားနေသော ဂျင်မီကိုကြည့်ကာ သူမဟင်းကောင်းကောင်းချက်တတ်ဖို့ ဆုံးဖြတ်လိုက်သည်။

နောက်နေ့တွေ ထမင်းနှင့်ဟင်းကို ကြိုးစားချက်သည်။ ဟင်းချက်နည်းစာအုပ်တွေ ဖတ်၏။ လက်တွေ့ချက်ကြည့်၏။

လူဆိုတာ မွေးလာကတည်းက ဘာပညာမှ တတ်မလာပါ။ လုံ့လဝီရိယစိုက်ကာ ကြိုးစားသင်ခြင်းဖြင့် ကိုယ်လိုချင်သော ရည်မှန်းချက် ရောက်လာနိုင်သည်။

"မမချက်တဲ့ ထမင်းနဲ့ဟင်းက ကောင်းတယ်"

ဂျင်မီ ထိုသို့ချီးကျူးတော့ သူမ မောရကျိုးနပ်ပြီ။





"မောင်လေး စားကောင်းတယ်ဆိုရင် မမ အပင်ပန်းခံရကျိုးနပ်ပြီ"

ထိုအချိန်မှစကာ ဂျင်မီအကြိုက် သူမနေ့တိုင်းချက်ကျွေး၏။

ယခုလည်း စိတ်ဆိုးနေသော ဂျင်မီကို ဟင်းကောင်းကောင်းချက်ကျွေးဖို့ သူမဈေးသို့ထွက်ခဲ့သည်။

ဂျင်မီကြိုက်သော ဟင်းချက်စရာများဝယ်၍ ပြန်ခဲ့၏။ ထို့နောက် အကောင်းဆုံးချက်ပြုတ်။

ဟင်းတွေကျက်တော့ သူမရေချိုးလိုက်ပြီးမှ ထမင်းပွဲပြင်၏။

"ဂျင်မီ...ဂျင်မီ ထတော့၊ ညစာအသင့်ဖြစ်ပြီ"

စိတ်ကောက်အိပ်နေသော မောင်ငယ်ကို လေသံတိုးတိုးဖြင့် သူမချော့ကာ နိုးလိုက်သည်။

"အား...အိပ်ရေးကိုဝသွားတာပဲ၊ ထမင်းပွဲပြင်ပြီးပြီလား မမ"

"အင်း...အင်း ထ ရေချိုးလိုက်"

''အိုကေ''

အိပ်ရာဝသွားလို့လားမသိ လန်းဆန်းစွာဖြင့် ဂျင်မီ ရေချိုးခန်းထဲဝင်သွားသည်။

သူမဟင်းချည်နွေးပြီးချိန်မှာ ဂျင်မီ အဝတ်အစားလဲပြီး ရောက်လာ၏။

''ဟာ…ဟင်းတွေက အပုံစားပါလား မမ''

''အဟင်း…မင်းအကြိုက်တွေ တမင်ချက်ထားတာလေ''

''ငါတို့မမက ဒီလိုကျတော့ ချစ်ဖို့ကောင်းသားပဲ၊ ကဲ မမက အကောင်းဆုံးချက်ထားမှတော့ ကျွန်တော်ကလည်း အားပါးတရ စားရမှာပေါ့ဗျာ''

တကယ်ပဲ ဂျင်မီသည် သူမလက်ရာကို မြိန်ယှက်စွာ စားလေ၏။

ဂျင်မီ စိတ်ကောက်ပြေသွားပြီမို့ သူမမောရကျိုးနပ်သွားသည်။

''ထမင်းစားလို့ကောင်းရဲ့လား ဂျင်မီ''

''သိပ်ကောင်းတယ် မမ''





''အေး မင်းကျောက်သွားတူးရင် ဒီလိုထမင်းဟင်းကောင်းကောင်း စားရမှာမဟုတ်ဘူး ဂျင်မီ''

အစားကောင်းကြိုက်သော ဂျင်မီကို ကျောက်မသွားတူးဖို့ ကြောက်အောင် သူမ သွယ်ဝိုက်ဟန့်တားခြင်း။

ဂျင်မီက ဘာမှမပြောဘဲ

''မမမှာ ပိုက်ဆံဘယ်လောက်ရှိသေးလဲ''

''တစ်လလောက်တော့ သုံးစရာရှိပါသေးတယ်''

''ဩော်''

သူမ တိတ်သွားသောဂျင်မီကို အကဲခတ်လိုက်၏။

''မင်း ပိုက်ဆံလိုလို့လား ဂျင်မီ''

''လိုလည်း မမမှာပေးစရာမှမရှိတာ''

''မမရှိတဲ့ပိုက်ဆံယူလေ''

''ဒါဆို အိမ်စားရိတ်က ဘယ်လိုသုံးမလဲ မမ''

''ဒါကတော့''

သူမ ဆက်မပြောနိုင်။ ဂျင်မီပြုံးကာ

''ကျွန်တော် ပိုက်ဆံမလိုပါဘူး မမရယ်၊ ကဲ မမလည်း



Book Sharing

Scanned by CamScanner

ပင်ပန်းထားတယ်၊ စောစောအိပ်ရာဝင်တော့နော်''

''အင်း…မင်းလည်း ဘယ်မှမသွားတော့နဲ့''

''ဟုတ်ကဲ့ပါဗျာ''

ဂျင်မီ ခေါင်းညိတ်ပြီး စာအုပ်ဆွဲဖတ်နေတာကြောင့် သူမ စိတ်ချကာ အိပ်ရာဝင်ခဲ့သည်။ တစ်နေ့ကုန် မောပန်းထားမှုကြောင့် မကြာခင် အိပ်ပျော်သွားရ၏။

✡ ✡ ✡



အိပ်ရာမှနိုးချိန်တိုင်း "ငါဘယ်နေရာရောက်နေပါလိမ့်"ဟု သူမအမြဲတမ်း အံ့ဩသလိုကြည့်တတ်တာ နှစ်လရှိပြီ။

ဒါ ငါ့အိမ်မဟုတ်ပါလားဟု သိလိုက်တာနှင့် ရင်ထဲမှာ နာကျင်ခြောက်သွေ့ရ၏။

ဒက်ဒီနဲ့မာမီရယ်။

မိဘတွေရှိစဉ်က အေးမြသောအရိပ်၏ တန်ဖိုးကို သူမတို့ နားမလည်ခဲ့ပါလား။

သူမအိပ်ရာနိုးချိန်မှာ တစ်ခန်းလုံး တိတ်ဆိတ်နေ၏။

ဟင်း…ငါဒီနေ့ အိပ်ရာထနောက်ကျပါလား။ နေအတော် မြင့်ပြီဖို့ သူမ ကမန်းကတန်းထသည်။

ဂျင်မီတော့ အိပ်နေတုန်းပဲဖြစ်မည်။ မနက်စာပြင်ပြီးတာနှင့် သူမအပြင်ထွက်ဖို့ စဉ်းစားသည်။



Scanned by CamScanner

"ဂျင်မီ…ဂျင်မီ"

ဘရိတ်ဖတ်စ်ပြင်ပြီးတော့ ဂျင်မီ အခန်းသွားနှိုးသည်။ အတန်ကြာသည်အထိ အထဲကပြန်ထူးသံ မကြားရ။

"ဂျင်မီ ထတော့လေ၊ မမအပြင်သွားစရာရှိတယ်"

အခန်းတံခါးကို ခပ်ပြင်းပြင်းလေးခေါက်ရင်း ထပ်နှိုး၏။ သို့သော် အထဲမှ တိတ်မြဲ။

သူမ မျက်ခုံးလေးတွန့်လျက် အခန်းတံခါးကို တွန်းဖွင့်၏။

"ကျွီ"

အထဲမှ ချက်ချမထားတာကြောင့် လွယ်ကူစွာပဲ တံခါးပွင့်သည်။

"ဂျင်မီ…ဟင်"

ကြည့်စမ်း အခန်းထဲမှာ ဂျင်မီမရှိပါလား။ စောစောစီးစီး ဘယ်များသွားပါလိမ့်။

သူမစဉ်းစားရင်း မျက်လုံးများက စားပွဲပေါ်တင်ထားသော စာရွက်ဖြူလေးဆီအရောက်





"ဟင် ဒါဘာလဲ"

စိတ်ထဲထူးဆန်းကာ စာရွက်လေးကို အမြန်ဖွင့်ဖတ်လိုက်၏။

မမ….

ကျွန်တော် ကျောက်တူးဖို့လိုက်သွားပါပြီ၊ ကျွန်တော့်အတွက် ဘာမှစိတ်မပူပါနဲ့၊ ငွေစုပြီး ကျွန်တော်ပြန်လာခဲ့ပါ့မယ်၊ ကျန်းမာရေးကို ဂရုစိုက်ပါမမ။

ဂျင်မီ

"အို"

ဂျင်မီ့စာကိုဖတ်ပြီး သူမခေါင်းထဲ မိုက်ခနဲဖြစ်သွား၏။

ညက ညက သူမကို ဂျင်မီ အယုံသွင်းသွားတာပါလား။ နှစ်မြိုက်စွာအိပ်ပျော်သွားတဲ့ သူမကိုယ်သူမသာ အပြစ်တင်ရတော့မည်။

"ဂျင်မီရယ်…အဟင့် ဟင့်"

တစ်ယောက်တည်း ကျန်ခဲ့သော သူမက ဝမ်းနည်းစွာငိုရှိုက်မိသည်။ ဂျင်မီကို ဘယ်လိုက်ရှာရမှန်းမသိ။



Scanned by CamScanner

ဂျင်မီ ဆက်သွယ်မှသာလျှင် သူမသိမည်။

ပိုက်ဆံ…ပိုက်ဆံအတွက် ဂျင်မီထွက်သွားတာပဲ။ သူမ အံလေးတင်းတင်းကြိတ်ကာ အငိုရပ်လိုက်၏။

မဖြစ်ဘူး။ ပိုက်ဆံရဖို့ အလုပ်အမြန်ရှာမှ။ ဒါမှ နားကပ်ကို အမြန်ဆုံးပြန်ရွေးနိုင်မည် မဟုတ်လား။

ထိုအတွေးဖြင့် သူမ ရေချိုး၊ အဝတ်အစားလဲပြီး ထွက်ခဲ့၏။

"ဟင်…ဂျွန်"

"ပက်ဂ်ီပါလား"

မမျှော်လင့်ဘဲ ဂျွန်နှင့်လာတွေ့၏။ ကားမပါသည့်အပြင် အရင်လိုတစ်ကိုယ်လုံးတွင် စိန်တစ်ဖျပ်ဖျပ် ဖြစ်မနေသည့် သူမအား ဂျွန်က အထင်သေးသလို ကြည့်ကာ

"ယူတို့အကြောင်းတွေ ကြားရတာ စိတ်မကောင်းပါဘူး ပက်ဂ်ီ"

လှောင်သံဖြင့် ဂျွန်ပြော၏။ သူမ မျက်နှာလေးတည်လိုက်သည်။





"အကူအညီလိုရင် ပြောလေ၊ တို့ဘာကူညီရမလဲ ပက်ဂ်ီ"

"ကျေးဇူးတင်ပါတယ် ဂျွန်၊ မင်းဆီက ဘာအကူအညီမှ မလိုပါဘူး"

"ဟား…ဟား ပက်ဂ်ီက ခုထိမာနရှိတုန်းကိုး၊ ပိုက်ဆံလိုရင် ပြောပါလေ၊ တို့ကိုအားမနာပါနဲ့"

ကြည့်စမ်း မိဘတွေရှိစဉ် သူမဝတ်နိုင်စားနိုင်တုန်းက ဂျွန်အကြည့်၊ ဂျွန်အပြောတွေသည် သူမအပေါ် တလေးတစား။

ယခု ထိုပုံစံမဟုတ်ဘဲ ပိုက်ဆံအကြောင်းပြောလျှင် သူမက ပါလာမည့်ပုံ။ သူမ နှုတ်ခမ်းတင်းခနဲစေ့ကာ

"ဒီမှာ ဂျွန် နင့်လိုလူမျိုးဆီက ရွှေထွက်ပါမယ်ဆိုရင်တောင် ငါလက်မခံဘူးဆိုတာ မှတ်ထား"

ပြောပြီးတာနှင့် သူမလှည့်ထွက်ခဲ့၏။

လူတွေများ အတော်တရားကျစရာကောင်းပါလားဟု တွေးမိသည်။ ဆွေမျိုးအပေါင်းအသင်းဆိုတာ ပိုက်ဆံရှိမှ တော်ချင်တာပဲ။

သူမတို့ချမ်းသာစဉ်က ဆွေမျိုးအတင်းစပ်ကာဝင်ထွက်



Scanned by CamScanner

သွားလာနေသူတွေ၊ သူမကို ခင်ချင်ကြသူတွေက ယခုချိန် အနား တွင် တစ်ယောက်မှ မရှိတော့။

ယခုတော့ လောကကြီးအကြောင်း ကောင်းကောင်းသိလေပြီ။

"ပဂ္ဂ"

"ဟင်..သူဇာ"

1\. ဆယ်တန်းမှာအတူနေခဲ့သော သူဇာနှင့် မမျှော်လင့်ဘဲ ပြန်တွေ့သည်။ သူဇာက သူမကို ခြေဆုံးခေါင်းဆုံးကြည့်ကာ

"မင်းကိုပြန်တွေ့ရတာ တို့ဝမ်းသာတယ် ပဂ္ဂ၊ လာလေ တွေ့တုန်း မင်းကို လက်ဖက်ရည်တိုက်ပါရစေဦး"

သူမလက်ကိုဆွဲ၍ သူဇာခေါ်သည်။ ဆယ်တန်းအောင် ပြီးနောက် သူဇာက အလုပ်ဝင်သွား၏။

ထိုကတည်းက အဆက်အသွယ်ပြတ်ခဲ့ကာ ယခုပြန်တွေ့ခြင်းပါ။

"နေပါစေ သူဇာ၊ တို့သွားစရာရှိသေးလို့ပါ"

အရင်လိုအခြေအနေမဟုတ်တော့သော သူမက သူဇာကို





ရှောင်ချင်၏။

သူဇာက စိတ်သဘောကောင်းတဲ့ သူငယ်ချင်းဖြစ်ပေမယ့် သူမက ကိုယ့်ဘာသာ စိတ်မလုံချင်၍ပါ။

"အမယ်လေး ပဂ္ဂရယ် တို့လည်း အလုပ်သွားရမှာပါ၊ တို့နှစ်ယောက် ချိန်းရင်တောင်လွဲမယ်၊ ရှင်က ကိုယ်ပိုင်ကားနဲ့ သွားတဲ့သူဆိုတော့ ဘယ်နေရာမဆို ရွှတ်ခနဲရောက်ပါတယ်၊ တို့လို လိုင်းကားစီးတဲ့သူတွေသာ အချိန်မီပြေးရတာပါဟယ်"

ဘာမှမသိသော သူဇာက ယခုထိ သူမကို အထင်ကြီးဆဲ။ သူမ သက်ပြင်းလေးချလိုက်သည်။

ထို့နောက် သူဇာခေါ်ရာ အနီးဆုံး လက်ဖက်ရည်ဆိုင် ဝင်၏။

"မင်းက သူဌေးသမီးဆိုတော့ ဒီလိုဆိုင်မျိုး ဘယ်ထိုင်ချင်မှာလဲနော် ပဂ္ဂ"

"ရပါတယ် သူဇာ၊ ဒါလည်းကောင်းတဲ့ဆိုင်ပဲ"

လိုက်လျောစွာ သူမပြောတော့ သူဇာ အံ့ဩသလိုကြည့်၏။



Scanned by CamScanner

"ရှင် ပြောင်းလဲသွားသလိုပဲ ပဂ္ဂီ"

ထိုစကားကြောင့် သူမ မချိသလိုပြုံးသည်။ သူမ၏ လက်ရှိအခြေအနေကို သူဇာအား ဘယ်လိုရှင်းပြရမှန်းမသိ။

"ရှင်ချမ်းသာတယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် ဒီနေ့တော့ တို့ရှင်းပါရစေနော် ပဂ္ဂီ"

ပိုက်ဆံရှင်းရမှာကိုပဲ အားနာစွာ ခွင့်တောင်းနေသော သူဇာ။ သူမ မချိပြုံးဖြင့် ခေါင်းညိတ်ရပြန်သည်။

"နောက်တစ်ခါ တို့ရှင်းပါ့မယ် သူဇာ"

"ဒါဆို ရှင်နဲ့တို့ ဒုတိယအကြိမ် ဆုံဦးမယ်ဆိုတဲ့သဘောလား ပဂ္ဂီ၊ တို့တော့ မထင်ပါဘူးနော်၊ တော်ကြာ ပဂ္ဂီက တို့ကိုမေ့သွားမှာ"

များသောအားဖြင့် သူမမိတ်ဆွေသူငယ်ချင်းများသည် လူကုံထံတွေချည်းမို့ သူဇာ အားငယ်စွာပြောခြင်း။

သူဇာရယ် အခုချိန်မှာ ရှင်အထင်ကြီးနေတဲ့ လူတွေ တို့နား တစ်ယောက်မှ မရှိတော့ပါဘူးဟု သူမစိတ်ထဲက ပြောမိ၏။

"ဒီလိုမဟုတ်ပါဘူး သူဇာရယ်"





"ဘာပဲဖြစ်ဖြစ် တို့တော့ ပဂ္ဂီနဲ့ပြန်တွေ့တာ သိပ်ဝမ်းသာတယ်၊ ကဲ လက်ဖက်ရည်လည်းသောက် မုန့်လည်းစားပါနော် ပဂ္ဂီ"

"တော်ပါပြီကွယ်၊ လက်ဖက်ရည်ပဲ သောက်ပါ့မယ်"

သူဇာ ကျေနပ်အောင် သူမ လက်ဖက်ရည်သောက်လိုက်၏။

"ရှင်က အရင်အတိုင်းလှဆဲပဲနော် ပဂ္ဂီ"

"အဟင်း အခုလက်ဖက်ရည်တိုက်တာက သူဇာနော်"

အပြုံးလေးဖြင့် သူမပြောတော့ သူဇာ ခေါင်းခါယမ်းသည်။

"တို့က မြှောက်တာမဟုတ်ဘူး ပဂ္ဂီ၊ အမှန်ပြောတာပါကွယ်"

"ကျေးဇူးပဲ သူဇာ"

ထိုစဉ် သူဇာက နာရီတစ်ချက်ကြည့်သည်။

"ဘုရားရေ…ရုံးချိန်ကျော်တော့မှာပါလား"

အမှန်တော့ ဒီနေရာမှာ သူမသာ ကားပါလာလျှင် သူဇာ



BookSharing

Scanned by CamScanner

ကို လိုက်ပို့ရမည့်အဖြစ်။

ယခု သူမကိုယ်တိုင်က အငှားကားစီးနေရပြီ။ ထို့ကြောင့် သူဇာကိုသာ အားနာကာ…

"အေးကွယ်…တို့မှာလည်းကားမပါတော့"

"ပဂ္ဂိကားက ပျက်နေလို့လားဟင်"

ထိုအမေးကို သူမ ခေါင်းခါယမ်းပြလိုက်၏။

"တို့မှာ အရင်လိုကိုယ်ပိုင်ကား မစီးနိုင်တော့ပါဘူး သူဇာ"

"ဟင်"

သူဇာ ကံ့သြစွာကြည့်တော့ သူမစိတ်ထဲ သိမ်ငယ်သွားသလို ခံစားရပေမယ့် အမှန်တရားကို မဖုံးကွယ်ချင်ပါ။

"ရှင်…ရှင် တစ်ခုခုဖြစ်လာသလား ပဂ္ဂိ၊ ဒါကြောင့် တွေ့စကတည်းက ရှင့်မျက်နှာမကောင်းတာ တို့သတိပြုမိတယ်"

သူမ သက်ပြင်းချကာ သူဇာအား ခပ်ငေးငေးကြည့်လိုက်၏။

✡ ✡ ✡



တကယ်တမ်းမှာ အလုပ်တစ်ခုရဖို့ဆိုတာ မလွယ်ပါလား ဟု သူမသိလိုက်ချိန်မှာ တစ်လကြာခဲ့ပြီ။

မာမိတို့ရှိစဉ်က ပိုက်ဆံကို လွယ်လွယ်သုံးခဲ့သော သူမ တကယ်တမ်း ကိုယ့်အားကိုယ်ကိုးလာရချိန်တွင် အလုပ်၏တန်ဖိုး၊ ပိုက်ဆံ၏တန်ဖိုးကို သိလာရသည်။

အရင်က ပိုက်ဆံကို ရေလိုသုံးခဲ့တာတွေအတွက် သူမ နောင်တရမိ၏။ ဒက်ဒီနှင့်မာမိတို့ ကိုယ်တိုင်က ပိုက်ဆံကို တန်ဖိုးမထား လွယ်လွယ်သုံးခဲ့ခြင်းအတွက် ကုမ္ပဏီတစ်ခုလုံး အကြွေးဖြင့် အပ်လိုက်ရတဲ့အဖြစ်။

"ပဂ္ဂိ"

"ဟော…သူဇာလာ"

လွန်ခဲ့သော တစ်ပတ်က သူဇာကို သူမ လိပ်စာနှင့်



Scanned by CamScanner

ဖုန်းနံပါတ်ပေးခဲ့၏။ ထို့ကြောင့် ရုံးပိတ်ရက်မှာ သူဇာတစ်ယောက် သူမထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

"ကိုမိဘတွေ ဆုံးကုန်ပြီသူဇာ၊ ကုမ္ပဏီကလည်း အကြွေးတွေ ဝိုင်းဝိုင်းလည်ကျန်ခဲ့လို့ ပိုသမျှရောင်းပြီး ဆပ်လိုက်ရတယ်"

"ဖြစ်မှဖြစ်ရလေ ပဂ္ဂီရယ်၊ အဲဒီအကြောင်း သူဇာ လုံးဝ မသိလိုက်ဘူး၊ ဘာမှစိတ်ဓာတ်မကျပါနဲ့ သူငယ်ချင်းရယ်၊ ငါတို့ ရှိပါသေးတယ်၊ အခု ရှင်ဘာလုပ်မယ်စိတ်ကူးလဲ ပဂ္ဂီ"

သူဇာနှင့် ပထမတစ်ကြိမ်တွေ့စဉ်က သူမအကြောင်း ထိုမျှ အကြမ်းဖျင်းပြောခဲ့၏။

သူဇာက သူငယ်ချင်းကောင်းပီသသည်။ ဘာမျှမရှိတော့သော သူမကို ကြင်နာစွာ ပိုဆက်ဆံ၏။

"မှန်တာပြောရင် တို့အလုပ်တစ်ခု ရှာနေတယ် သူဇာ"

"အော်...ဒါပဲ ဟုတ်လား၊ အေးလေ တို့လည်း ပဂ္ဂီအတွက် သင့်တော်မယ့် အလုပ်မျိုး ရှာပေးပါ့မယ်ကွယ်"

ထိုသို့ ပြောခဲ့ပြီးနောက် ယခုအခါ သူဇာရောက်လာရခြင်း ပင်။





"ရှင့်အတွက် အလုပ်တော့ရှိတယ် ပဂ္ဂီ"

"ဘာအလုပ်လဲ သူဇာ"

ရောက်မဆိုက်ပင် သူဇာကပြော၏။ သူမက သူဇာ အတွက် လက်ဖက်ရည်ဖျော်ယူလာသည်။

"အလုပ်ကတော့ သူဌေးရဲ့ပီအေပဲ ပဂ္ဂီ"

"ဟင်"

ပီအေ (သို့) အတွင်းရေးမှူးဆိုသော အလုပ်ဟု ကြားလိုက်တာနှင့် သူမမျက်နှာလေး ပျက်ချင်သွား၏။

"ရှင် အဲဒီအတွင်းရေးမှူးမနဲ့ တွဲနေတာမဟုတ်လား ကိုစောရင်"

နောက်ဆုံးအကြိမ် စကားများခဲ့စဉ်က မာမိုးမေးသံကို သူမပြန်ကြားယောင်လျက် ခေါင်းခါယမ်းမိသည်။

"တို့ကို တစ်မျိုးတော့မထင်ပါနဲ့ သူဇာ၊ အတွင်းရေးမှူး အလုပ်ကို တို့မလုပ်ချင်ဘူး သူဇာ"

"အင်းလေ...ပဂ္ဂီလို ကုမ္ပဏီပိုင်ရှင်သူဌေးသမီး တစ်ယောက်က ဒီလိုအတွင်းရေးမှူးအလုပ်ကို ဘယ်လုပ်ချင်ပါ့



Scanned by CamScanner

မလဲ''

သူမငြင်းတာကို သူဇာက ဒုတ်မျိုးအထင်နှင့် ပြော၏။

''မဟုတ်ဘူး သူဇာ၊ တို့က သူဌေးသမီးဖြစ်ခဲ့လို့ ပြောတာမဟုတ်ဘူး၊ သူဇာသိတဲ့အတိုင်း အတွင်းရေးမှူးတွေကို သူဌေးနဲ့ပတ်သက်ပြီး အထင်သေးတတ်ကြတာလေ''

''အို ဒီအတွက်ဆိုရင်တော့ စိတ်ချပါ ပဂ္ဂီ၊ အခု သူဌေးက အတွင်းရေးမှူးတွေနဲ့ အဲဒီလိုအထင်ခံရမှာကြောက်လို့၊ ယောက်ျားလေးအတွင်းရေးမှူးကိုပဲ ရှာနိုင်းတာပါ''

''ဟင် ယောက်ျားလေးပီအေ ဟုတ်လား၊ ဒါများ သူဇာရယ် ဘာကြောင့် တို့ကိုလာပြောနေရတာလဲ''

သည်တော့ သူဇာက သူမကြည့်ပြီး သက်ပြင်းချ၏။

''ရှင်က လခကောင်းတဲ့အလုပ်မျိုး လိုချင်တာဆို၊ ပြီးတော့ စားစရိတ်ငြိမ်း၊ နေစရာအငြိမ်းလိုမျိုး အလုပ်ရချင်တာပြောခဲ့တယ် မဟုတ်လား''

''အင်းလေ ဒါပေမယ့် ဒီအလုပ်က တို့နဲ့မဆိုင်ဘူးမဟုတ်လား သူဇာ''





ယောက်ျားလေးအလိုရှိသော အလုပ်ကို သူမ ဘာကြောင့် စိတ်ဝင်စားရမှာလဲ။

''ဘာလို့မဆိုင်ရမှာလဲ ပဂ္ဂီ၊ အခုအလုပ်က ရှင်လိုချင်တဲ့ အရာတွေနဲ့ အကိုက်ပဲ၊ လခလည်းကောင်းတယ်၊ နေစရာလည်း ရမယ်''

''ခက်ပါလား သူဇာ၊ ဒါပေမယ့် ရှင်တို့သူဌေးလိုချင်တာ က ယောက်ျားလေးဆို''

လွှယ်လွှယ်လေးနှင့် စကားရှုပ်နေသော သူဇာကို သူမကပဲ ရှင်းအောင်ထပ်မေးလိုက်ရ၏။

''အဲဒါဘာဆန်းလဲ၊ ရှင်က ယောက်ျားလေးယောင်ဆောင်ပြီး အလုပ်ဝင်ပေါ့ ပဂ္ဂီ''

''ဘာ တို့က ယောက်ျားလေးယောင်ဆောင်ရမယ် ဟုတ်လား''

အကြံဉာဏ်ထူးဆန်းသော သူဇာကို အံ့သြသလို သူမ မေးမိ၏။

ကျောင်းနေကတည်းက သူဇာသည် ရုပ်ရှင် ဝတ္ထုများ

ကြည့်ကာ ဖတ်ကာ စိတ်ကူးယဉ်တတ်သည်။ ယခု သူမကို စိတ်ကူးလာယဉ်နေပါလား။

သူမမေးတော့ သူဇာ ခပ်ပြုံးပြုံးခေါင်းညိတ်ကာ...

"ဒါပေါ့ ပဂ္ဂီ၊ အလုပ်တစ်ခုရဖို့ဆိုတာက သိပ်လွယ်တဲ့ ကိစ္စ မဟုတ်ဘူးလေ၊ ဒီတော့ ရှင်အလုပ်ရဖို့ ဒီနည်းပဲရှိတယ်"

ကိုယ်တိုင်အလုပ်ရှာခဲ့ပြီးသော သူမက သူဇာ၏စကားကို စိတ်ထဲမှကြိတ်၍ ထောက်ခံရမလို။

"လခက ဘယ်လောက်လဲ သူဇာ"

"သုံးသိန်း"

"သုံးသိန်း ဟုတ်လား"

သူမထပ်မေးတော့ သူဇာ ခေါင်းညိတ်သည်။ စိတ်ထဲက အမြန်တွက်လိုက်၏။

တစ်လသုံးသိန်း။

ဆယ်လဆို သိန်းသုံးဆယ်။

ဒါဆို သူမနားကပ်လေးကို ပြန်ရွေးနိုင်ပြီ။ စားစရိတ်ငြိမ်း ဆိုတော့ သူမ ဘာမှအပိုသုံးစရာမရှိ။





"နေတာကကော"

"သူဌေးအိမ်မှာ"

"ဟင်"

"ဟုတ်တယ်၊ ရှင်ကရုံးမှာတင် သူဌေးရဲ့ ပီအေမဟုတ် ဘူး၊ သူ့အိမ်မှာလည်း ပီအေလိုက်လုပ်ရမှာ ပဂ္ဂီ၊ သူဌေးက တစ်ကိုယ် တည်းသမားလေ"

"ဘာ...ဒါ...ဒါဆို လုပ်လို့ဘယ်ဖြစ်မလဲ သူဇာ"

တစ်ခါမှ မရင်းနှီးတဲ့ သူစိမ်းယောကျ်ားတစ်ယောက်အိမ် ကို သူမလိုက်နေရမည်ဆိုကာ တွေးကြည့်ရုံဖြင့် ကြက်သီးထစရာ။

"ကိုယ်က မိန်းကလေးဘဝနဲ့ လိုက်နေရမယ်ဆိုရင်တော့ ဟုတ်ပါတယ် ပဂ္ဂီ၊ ဒါပေမယ့် ရှင်က သူဌေးအိမ်မှာ ယောကျ်ား လေးဘဝနဲ့ အသွင်ပြောင်းပြီး လိုက်နေရမှာလေ၊ ရှင့်ကို သူဌေးက မိန်းကလေးမှန်း ဘယ်လိုသိမှာလဲ"

သည်တစ်ချက်လည်း ဟုတ်တာပဲလို့ သူမတွေး၏။ ယောကျ်ားချင်းဆိုတဲ့အသိဖြင့် သူဌေးက သူမကို ရစ်ဖို့ ကျမည် မဟုတ်။



Scanned by CamScanner

သူမဘက်ကသာ ပိရိစွာနေထိုင်တတ်ဖို့လို၏။

"သူဌေးအိမ်မှာ ရှင်က ကိုယ့်အခန်းကိုယ်ရမှာပဲ ပဂ္ဂိ လွတ်လပ်ပါတယ်"

"ကောင်းပြီလေ တို့ ရှင့်သူဌေးကိုလိုက်တွေ့ပါမယ် သူဇာ"

"ဒါဆို ရှင့်ပုံစံ အရင်ပြောင်းရမယ် ပဂ္ဂိ"

ဟုတ်တာပေါ့။ ယခု သူမဆံပင်က ပခုံးထက်မှာဝဲလျက် လှိုင်းတွန့်တွေနှင့်လေ။

အရင်ဆုံး သူမကိုယ်သူမ ယောကျ်ားလေးအသွင် ပြောင်းရလေသည်။

✡ ✡ ✡



ကပ်ကြေးညှပ်သံတစ်ချပ်ချပ်က ဘဝသစ်ကိုပြောင်းဖို့ သူမအား အသံပေးနေသယောင်။

ပခုံးပေါ်မှ ဆံနွယ်တွေသည် ကပ်ကြေးကဖြင့် လွင့်ခနဲ၊ ဝဲခနဲ ပြတ်ကျလာသည်။

"ကဲ ရပြီ"

ဆံပင်ညှပ်သမား၏စကားအဆုံး သူမ မှန်ထဲကြည့်လိုက်သည်။ သွယ်ဝန်းသောမျက်နှာလေးတွင် မျက်ခုံးထူထူ၊ နှာတံချွန်ချွန်၊ မျက်လုံးဝိုင်းတစ်စုံနှင့် ပန်းနုရောင်နှုတ်ခမ်းတစ်စုံ။

နားရွက်အောက်ထိ ခပ်တိုတိုညှပ်ထားသော ဆံပင်ပုံစံကြောင့် သူမဝတ်ထားသည့် ဂျင်းဘောင်းဘီအဖြူရောင် တီရှပ်ပေါ်တွင် ဂျင်းဂျာကင် ခပ်နွမ်းနွမ်းနှင့် သူမအသွင်က တကယ့်ယောကျ်ားလေး လူငယ်တစ်ယောက်စတိုင်လ်။



Book Sharing

Scanned by CamScanner

"ကြည့်စမ်း ခုလိုကြည့်တော့ ရှင့်ကို မိန်းကလေးမှန်း ဘယ်သူသိမလဲ ပ၊ အယ်လေ မင်းညို"

မှန်ထဲမှ သူမပုံစံကိုကြည့်ကာ သူဇာ အားပါးတရ ပြော၏။

ယခုချိန်မှာတော့ အရင်သူဌေးသမီးဘဝက လူသိများခဲ့သော ပဏ္ဍုနာမည်ကို ဖျောက်လျက် ရှင်မင်းညိုဆိုသော သူမအမည်ရင်းမှ မင်းညိုဟု သူဇာအား ပြောင်းလဲခေါ်စေ၏။

"ဒီလိုကြတော့ တို့ကို ပဏ္ဍုမှန်း လူတွေမှတ်မိနိုင်သေးရဲ့လား သူဇာ"

"ဟင့်အင်း လုံးဝပဲ၊ ပ အယ် မင်းညို၊ အရင်က ရှင့်ပုံစံဟာ အမြဲတမ်း ခေတ်မီအဝတ်အစားတွေနဲ့ လှလှပပ ကျော့ကျော့ရှင်းရှင်းလေ၊ အခုလို ဆံပင်တိုဝို မျက်နှာပြောင်ပြောင် ယောကျ်ားလေးအသွင်နဲ့ဆိုတော့ မှန်တာပြောရင် ဒီပုံစံနဲ့ ရှင့်ကိုတွေ့ရင်တောင် တို့မမှတ်မိဘူး ပ…အယ် မင်းညို"

သူဇာအပြောကြောင့် သူမကျေနပ်စွာ ပြုံးလိုက်၏။ အဓိက သူမကို ပတ်ဝန်းကျင်ဟောင်းမှလူတွေ မမှတ်မိဖို့ပါပဲ။





"သူဇာ အထူးဂရုစိုက်ပါနော်၊ တို့ကို ပဏ္ဍုလို့မခေါ်မိစေဖို့"

"စိတ်ချပါကွယ်၊ အခုကစပြီး သတိထားပါ့မယ် မင်းညို"

သည်တစ်ခါတော့ အထစ်အငေါ့မရှိ သူမ၏ မင်းညိုဆိုသော နာမည်ကို သူဇာ အဆင်ပြေချောမောစွာ ခေါ်နိုင်လေပြီ။

သူမ သက်ပြင်းချလျက်

"ကျေးဇူးတင်ပါတယ် သူဇာ"

"အို ဒီလိုမပြောပါနဲ့ကွယ်၊ အလုပ်ရဖို့က သူဌေးနဲ့သွားတွေ့ရဦးမှာ"

"တို့ဘက်က အဆင်သင့်ဖြစ်ပါပြီ သူဇာ"

သည်ထက်အဆင်ပြေမည့်အလုပ် သူမအတွက် ရှာမတွေ့နိုင်ပြီမို့ ရှင်ဆိုင်ဖို့သာရှိတော့၏။

"ဒါဆို တို့လိပ်စာပေးထားတဲ့အတိုင်း သွားလိုက်တော့ မင်းညို"

"ဟင် ရှင်က မလိုက်တော့ဘူးလား သူဇာ"



Scanned by CamScanner

"လိုက်ချင်ပါတယ်ကွယ်၊ ဒါပေမယ့် သူ့ကို ခဏပြော ပြီး ထွက်လာတာ"

သူဆိုတာက သုဇာ၏ခင်ပွန်းဟု ညွှန်းခြင်း။ သုဇာ လက်ထပ်လိုက်တာ တစ်နှစ်မပြည့်သေးဟု သိရသည်။

"အေးလေ…တို့ဘုရားသွားလိုက်ပါ့မယ် သုဇာ"

"ဘာမှမစိုးရိမ်ပါနဲ့ မင်းညိုရယ်၊ သူ့ဌေးကို တို့ကြိုပြီး ဖုန်းဆက်ပြောထားပါတယ်"

"အင်းလေ"

ဈေးဆိုပြီး ထွက်လာသော သုဇာက လက်ထဲမှာခြင်း တောင်းဗလာ။ သူမဆီရောက်နေ၍ ဘာမှမဝယ်ရသေးပေ။

"အပြန်မှာ ဖုန်းဆက်ပေးနော် မင်းညို"

"စိတ်ချပါ သုဇာ၊ ကဲ ဒါဆို တို့သွားပြီ"

"အဆင်ပြေပါစေကွယ်"

သုဇာနှင့်လမ်းခွဲပြီး သူမထွက်ခဲ့၏။ ကားငှား၍ သူ့ဌေး အိမ်ဆီ လာလိုက်သည်။

ဘောက်ထော်ပြည်သာယာလမ်းတွင်ရှိ ကြီးမားခန့်ညား





သည့် အုတ်တံတိုင်းများဖြင့် ကာရံထားသော ခြံကြီးရှေ့မှာ သူမ ရပ်နေတာ အနည်းငယ်ကြာပြီ။

"ဒီလိပ်စာပဲ"

လက်ထဲမှ သုဇာပေးသောလိပ်စာနှင့် ယခုရောက်နေသည့် တိုက်နံပါတ်ပြန်ကြည့်ရင်း အမှန်ဖြစ်ပြီမို့ သူမအားတင်းရ၏။

အပြင်မှနေ၍ ကြီးမားခန့်ညားသော ဆင်ဝင်ကျယ်ကြီးနှင့် ခေတ်မီအဖြူရောင်နှစ်ထပ်တိုက်ကို မြင်နေရသည်။

ဟင်း…ရောက်မှတော့မထူးပါ။ လက်သည်းရှည်များကို တိရိစ္ဆာညှပ်ထားသည့် ဖြူနုသောလက်ချောင်းလေးဖြင့် လူခေါ်ဘဲလ် ကို သူမ အသာနှိပ်လိုက်၏။

ရင်ထဲမှာ တထိတ်ထိတ်။ ယောကျ်ားလေးအသွင် ဟန်ဆောင်ထားပေမယ့် သူမစိတ်ကမလုံ။

"ဘာမှစိတ်မလုံဖြစ်မနေနဲ့ ဟ၊ ရှင့်ပုံစံက အရပ်မြင့်မြင့်၊ ဖြူဖြူသန့်သန့်လေးနဲ့ တကယ်လူချောချာတိတ်လေးတစ်ယောက် အစစ်ဟန်ပဲ"

သုဇာ၏ အားပေးစကားကို ပြန်ကြားယောင်လျက် မျက်နှာ



Scanned by CamScanner

ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထားလိုက်၏။

မကြာခင် ခြံတံခါးဖွင့်လာသည်။ အသက်လေးဆယ်ကျော် သာမန်ရုပ်ရည်နှင့် ကိုယ်ခန္ဓာတုတ်တုတ်ဖြင့် လူတစ်ယောက် ထွက်လာကာ

"ဘာကိစ္စရှိလို့လဲ မောင်ရင်"

သူမကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လျက် မေး၏။ သူမက ချောင်းတစ်ချက်ဟန့်ပြီး လည်ချောင်းရှင်းလိုက်သည်။

"ကျွန်တော် သူဌေးနဲ့လာတွေ့တာပါ"

"နာမည်က"

"မင်းညို"

"ဪ…ဒါဆို သူဌေးမှာထားတယ်၊ အထဲဝင်ပါ"

ယခုမှပဲ သူမကို ဂုံခါးဖွင့်ပေးတော့သည်။

ဪ တကယ်ထာမ်းမှာ သူဌေးတစ်ယောက်နှင့် တွေ့ဖို့ မလွယ်ပါလားဟု သိလိုက်၏။

သူမဝဲ့ ချမ်းသာစဉ်ကတော့ အိမ်ကို မည်သူမဆို လွယ်လင့်စွာ ဝင်ထွက်ခွင့်ပေးခဲ့တာ ပြန်အမှတ်ရမိသည်။





ကြည့်ရတာ ဒီသူဌေးဟာ အတော်ကိန်းခန်းကြီးတဲ့ပုံပဲ။

"မောင်ရင် ဒီကစောင့်နေပါ၊ ကျုပ် သူဌေးကို သွားအကြောင်းကြားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ကွန်ကရစ်လမ်းအတိုင်းလျှောက်ပြီး ဆင်ဝင်မှဖြတ်၍ အောက်ထပ်ဧည့်ခန်းရောက်ခဲ့သည်။

ကျယ်ဝန်းသော ဧည့်ခန်းထဲမှာ ခေတ်မီပစ္စည်းများဖြင့် ပြည့်နေ၏။

တစ်အိမ်လုံး တိတ်ဆိတ်နေတာကြောင့် လူမှနေရဲ့လားဟု ထင်ချင်စရာ။

"သူဌေး ခဏနေလာလိမ့်မယ် မောင်ရင်"

"ဪ…ဟုတ်ကဲ့"

ခြံစောင့်ကြီး ပြန်ဆင်းလာပြီးပြောသည်။ သူမ ဧည့်ခန်းကို လှည့်ပတ်ကြည့်ရင်း မထိုင်ဘဲ စောင့်နေလိုက်၏။

အရင်တုန်းကတော့ သူမဘဝသည် ဒီလိုခန့်ညားသားနားမှုတွေဖြင့် ပြည့်စုံစွာ နေခဲ့ရတဲ့ဘဝကို သတိရလျက် လက်ရှိသူမ

အဖြစ်ဆိုးအား တွေးကာ စိတ်ဝယ် ဝမ်းနည်းချင်လာရသည်။

အို မတွေးနဲ့ပဂ္ဂီ။

ဒါတွေဟာ ပြီးခဲ့ပြီ။ အခုလက်ရှိဘဝကို နင် ရဲရဲရင်ဆိုင်ပါ ပဂ္ဂီ။

အားငယ်ချင်လာသည့်စိတ်ကို တင်းလျက် ခေါင်းခါယမ်းထုတ်လိုက်စဉ်

"အဟမ်း"

"ဟင်"

နောက်မှ ချောင်းဟန့်သံကြောင့် လှည့်ကြည့်လိုက်တော့ အပေါ်ထပ်လှေကားမှ ဆင်းလာပြီး သူမကိုရပ်ကြည့်နေသည့် အသက်သုံးဆယ်ဝန်းကျင် လူတစ်ယောက်။

အရပ်မြင့်မြင့်မှာ အသားဝင်းစိုစိုဖြင့် မျက်လုံးမျက်ခုံး ကောင်းကောင်းဖြင့် ချောမောခန့်ညားသော ထိုလူကို တွေ့ရခိုက် သူမစိတ်ထဲ ဖျတ်ခနဲ လှုပ်ရှားသွားရသည်။

ဘုရား....ဘုရား။

ဒါ ဘယ်လိုဖြစ်တာပါလိမ့်။





သူမဘဝမှာ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ ရင်မခုန်ခဲ့ဖူးပေ။ ယခုတော့ သူ့ကို မြင်မြင်ချင်းမှာ

"မင်းက မသူဇာလွှတ်လိုက်တဲ့ မင်းညီဆိုတာလား"

ကြည့်စမ်း ရုပ်ရည်တင် ခန့်ညားချောမောတာမဟုတ်။ အသံကြဲဇာလည်း ကောင်းသူတစ်ယောက်ပါလား။

"ဗျာ...ဟုတ်ကဲ့"

ကိုယ့်ကိုယ်ကို တည်ငြိမ်အောင် ကြိုးစားပြီး သူမခေါင်းညိတ်လိုက်၏။

သူက တည်ငြိမ်သောအကြည့်များဖြင့် သူမကို အကဲခတ်သည်။

ထိုအချိန် သူမစိတ်ထဲ နေရခက်လျက် ဟန်ဆောင်ထားသော ဘဝကို သူရိပ်မိသွားမလားဟု စိုးရိမ်နေမိ၏။

"မသူဇာကတော့ မင်းကို အပြည့်အဝ ထောက်ခံထားတာပဲ၊ မင်း မိဘနှစ်ပါးလုံးက ဆုံးသွားပြီဆို"

"ဟုတ်ကဲ့"

သူ့ကိုမကြည့်ဘဲ သူမအသံတိုးတိုးနှင့် ဖြေလိုက်၏။ သူဇာ

ကို သူမ၏ဘဝမှန် အသိမပေးဖို့ ပြောထားခဲ့သည်။ ဘဝသစ်မှာ စိတ်သစ်လူသစ်နှင့် သူမရပ်တည်ချင်သည်။

"ဒီမှာတော့ ခြံစောင့်ဦးထော်ရယ်၊ ထမင်းချက် ဦးဖိုးကွန်းနဲ့ ငါပဲရှိတယ်၊ မင်း ဒီမှာလာနေနိုင်ရဲ့လား မင်းညို"

"ဗျာ...ဟုတ်...ဟုတ်ကဲ့"

သူမ ကမန်းကတန်း ခေါင်းညိတ်ရင်း 'ဒါ သူမကို အလုပ်ခန့်လိုက်တာလား' ဟု တွေး၏။

"ကဲ ကဲ ထိုင်ဦး၊ ဦးဖိုးကွန်း လက်ဖက်ရည်လာပို့လိမ့်မယ်"

"ဟုတ်ကဲ့"

ခေါင်းညိတ်ရင်း သူမနီးရာဆိုဖာဆက်တီခုံတွင် ဝင်ထိုင်၏။

သူက သူမနှင့် မျက်နှာချင်းဆိုင်ဝင်ထိုင်လျက်

"မင်းကြည့်ရတာ မိဘတွေရှိတုန်းက အလိုလိုက်ခံရပုံပဲ"

"ဗျာ"

သူမ ဆတ်ခနဲ သူ့ကိုမော့ကြည့်၏။ သူကတော့





အေးဆေးတည်ငြိမ်စွာပင်

"မင်းပုံစံကြည့်ရတာ ယောကျ်ားလေးတန်မဲ့ နုလွန်းလို့လေ"

"ဒါကတော့"

တစ်စုံတစ်ခုကိုပြောဖို့ သူမကြိုးစားသည်။ သူ လက်ကာပြလျက်

"မင်းတို့လို ချာတိတ်တွေအကြောင်း ငါကောင်းကောင်းသိပါတယ်ကွာ၊ မိဘလက်ထက်တုန်းက လက်ဖြန့်ပိုက်ဆံတောင်းဘဝကို ပေါ့ပေါ့ပါးပါးနေခဲ့သမျှ ခုလို မိဘတွေမရှိတော့တဲ့အချိန်မှာ ဘာတစ်ခုမလုပ်ကိုင်တတ်တာ"

ယခုမှတွေ့ပေမယ့် သူက သူမအကြောင်းတွေကို သိနေသလိုပြောနေပါလား။

အတိတ်ကိုမေ့ထားချင်သော သူမမှာ သူ့စကားကြောင့် မိဘတွေနှင့် အရင်ဘဝဟောင်းကို သတိရလျက် ငိုချင်သွားရသည်။

"အမယ် ဟိတ်ကောင် ငိုတော့မငိုလိုက်နဲ့နော်၊ ငါက ယောကျ်ားဖြစ်ပြီး မျက်ရည်ကျတာ အမုန်းဆုံးပဲ"



Book Sharing

Scanned by CamScanner

နှာသီးဖျားလေးတွေ့ နီလာသော သူမကိုကြည့်ကာ သူ အသံခပ်မာမာဖြင့် ပြောလိုက်သည်။

သည်တော့မှ သူမလက်ရှိအချိန်ကို သတိရလျက် ခေါင်းဆတ်ခနဲမော့ကာ

"ကျွန်တော်မငိုပါဘူး သူဌေး"

ချက်ချင်းမျက်နှာတင်းမာလျက် သူမ ခပ်ဆတ်ဆတ် ပြန်ပြောလိုက်၏။

"အဟွန်း…ဟွန်း မင်းလေသံက ခပ်မာမာပါလားကွ ဟင်၊ ဒါ အရင်ကအကျင့်တွေဖြစ်မယ်"

"ဗျာ…ကျွန်တော် ဟို"

သေချာတာပေါ့။ သူဌေးသမီးဘဝကလာသော သူမသည် မည်သူတစ်ဦးတစ်ယောက်၏ အဆူအငေါက်ကိုမှ မခံရခဲ့ဖူးပါ။

မိဘနှစ်ပါးက ဖူးဖူးမှုတ်အလိုလိုက်ခဲ့တာကြောင့် ယခုလို အသံမာမာပြောလာတော့ နဂိုမာနစိတ်လေး ထောင်းခနဲဖြစ်ပေါ်သွားခြင်းလေ။

ခပ်စူးစူးကြည့်နေသော သူ့ကို မျက်လွှာပင့်ကြည့်ကာ





"ကျွန်တော် တောင်းပန်ပါတယ်"

ဒါဟာ သူမဘဝတွင် ပထမဆုံးအကြိမ် သူစိမ်းတစ်ယောက်ကို တောင်းပန်လိုက်ခြင်းဖြစ်၏။

✡ ✡ ✡



Scanned by CamScanner

"မသူဇာက ငါ့ဆီမှာ ရှိးသားပြီးအကျင့်စာရိတ္တကောင်းတဲ့ ဝန်ထမ်းအဖြစ်လုပ်လာတာ သုံးနှစ်ရှိပြီကွ၊ ဒီတော့ သူလိုလူက အစစအရာရာ ထောက်ခံပေးလိုက်တဲ့ မင်းကို ငါအလုပ်ခန့်လိုက်မယ်"

"ဗျာ…ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်သူဌေး"

သူငယ်ချင်းသူဇာ၏ ကောင်းမှုကြောင့် သူမ အလုပ်အလွယ်တကူရသွားတာပါလား။

"လခကတော့ မင်းကို မသူဇာ ပြောထားပြီးပြီထင်တယ်"

"ဟုတ်ကဲ့"

"အေး…မင်းအလုပ်ကတော့ ရုံးမှာကော အိမ်မှာပါ ငါ့အတွက် ပီအေလုပ်ဖို့ဆိုတာကော"





"ဟုတ်ကဲ့၊ သူဇာပြောထားပါတယ်"

သူမ ဘယ်လိုတာဝန်မျိုးတွေ ထမ်းဆောင်ရမည်ဆိုတာ သူဇာ ကြိုတင်အသိပေးထားတာ မဟုတ်လား။

"ရုံးမှာကတော့ ရုံးအလုပ်ပေါ့ကွာ၊ အိမ်မှာကြတော့ ငါ့အတွက် လက်ဖက်ရည်ဖျော်ပေးတာကအစ ငါရုံးသွားရင် ဝတ်ဖို့အင်္ကျီ၊ အပြင်သွားတိုင်း ဝတ်ဖို့ဝတ်စုံ၊ စသည်ဖြင့်ပေါ့ကွာ၊ မင်းက လူနဲ့ဆိုတော့ ဒါမျိုးလုပ်နိုင်မှာပါ"

လခသုံးသိန်းနှင့် တန်အောင် သူမအလုပ်နှစ်မျိုးလုပ်ရမည်ဟု နားလည်လိုက်၏။

အလွန်ဆုံး သည်းခံလုပ်လျှင် ဆယ်လပေါ့။ ထိုဆယ်လကုန်ဆုံးတာနှင့် သူမ စိန်နားကပ်လေး ပြန်ရွေးနိုင်မည်။

"ကျွန်တော် ကြိုးစားပါ့မယ်သူဌေး"

"ဟုတ်ပြီလေ၊ ဒါဆို ဒီကို မင်းဘယ်နေ့ပြောင်းလာမလဲ"

သူမက ရုတ်တရက်မဖြေသေးဘဲ တစ်ခဏစဉ်းစားပြီးမှ

"ဟို…ကျွန်တော်နေရမှာက"

"အဟွန်း…မင်းက ငါ့ရဲ့ပီအေဆိုတော့ အပေါ်ထပ်က



Scanned by CamScanner

ငါ့အခန်းဆောင်းမှာပေါ့ကွာ၊ ဘာလဲ မင်းကို ငါနဲ့အတူတူအိပ်နိုင်းမယ်လို့ ထင်နေတာလားကွဟင်''

''ဟာ''

သူက ခပ်နောက်နောက်မေးလိုက်ပေမယ့် အဖို့စင် သူမမှာ မျက်နှာလေးနီကာ ရှက်သွားရ၏။

''ကြည့်စမ်းပါဦး မျက်နှာကိုနီသွားတာပဲ၊ မင်းကွာ မိန်းမကျနေတာပဲ''

အသားဖြူသောသူမအဖို့ မျက်နှာကို အကဲခတ်ကြည့်ရုံဖြင့် ခံစားချက်ပြောင်းသွားပုံကို သိနိုင်တဲ့အဖြစ်။

''ဟို...ဒါဆို မနက်ဖြန် ကျွန်တော်ပြောင်းလာပါ့မယ်''

သူ့အကြည့်များကို ရှောင်ရှားရင်း သူမအဖြေပေးလိုက်၏။

ထိုစဉ် ဦးဖိုးကွန်း လက်ဖက်ရည်လာပို့သည်။

''အတော်ပဲ ဦးဖိုးကွန်း၊ ခင်ဗျားတို့ကို ဒီကောင်မင်းညိုနဲ့မိတ်ဆက်ပေးရမယ်၊ ဦးထော်ကိုပါ ခေါ်လိုက်ပါဦး''

''ဟုတ်ကဲ့''

အသက်ငါးဆယ်အရွယ် ရိုးသားအေးဆေးပုံရသော ဦးဖိုး





ကွန်းက သူမကို တစ်ချက်ပြုံးပြပြီး ထွက်သွားသည်။

''ငါပြောတဲ့ ထမင်းချက်ဦးဖိုးကွန်းဆိုတာ သူပဲ၊ ခြံစောင့်ဦးထော်ကိုတော့ မင်းတွေ့ခဲ့ပြီမဟုတ်လား မင်းညို''

''ဟုတ်ကဲ့၊ တွေ့ခဲ့ပါတယ် သူဌေး''

''အေး သူတို့က မင်းနဲ့အတူ တစ်အိမ်တည်းအတူနေကြမယ့် လူတွေပဲ၊ ကဲ ကဲ လက်ဖက်ရည်သောက်ဦး''

''ဟုတ်ကဲ့''

ပြောရင်း သူကိုယ်တိုင်လည်း ယူသောက်သည်။ ထို့ကြောင့် သူမလည်း ယူသောက်လိုက်၏။

''ဟင်းကတော့ ဦးဖိုးကွန်းချက်တာဆိုတော့ မင်းကြိုက်တာရှိရင်လည်း ပြောပေါ့ကွာ''

''ဟုတ်ကဲ့''

သူမခေါင်းသာညိတ်နေလိုက်သည်။

''သူဌေး ကျွန်တော်တို့ရောက်ပါပြီ''

''သြော်...လာကြဗျာ၊ ဒါက ကျွန်တော်အသစ်ခန့်လိုက်တဲ့ ကျွန်တော့်ရဲ့အတွင်းရေးမှူး မောင်မင်းညိုပဲ၊ မင်းညိုက ဒီအိမ်မှာ



Scanned by CamScanner

ကျွန်တော်နဲ့အတူ လာနေမှာဆိုတော့ ခင်ဗျားတို့က ဂရုစိုက်လိုက်ပါ"

"ဟုတ်ကဲ့ပါ သူဌေး"

ဦးဖိုးကွန်းနှင့် ကိုထော်က ပြိုင်တူခေါင်းညိတ်သည်။

"ဦးဖိုးကွန်း"

"ဗျာ သူဌေး"

"မနက်ဖြန် မင်းညို ပြောင်းလာမှာဆိုတော့ သူ့အတွက် အခန်းကို ကျွန်တော့်အခန်းရဲ့ဘေးက အခန်းကို ရှင်းထားပေးပါ"

"စိတ်ချပါသူဌေး၊ ကျွန်တော် အသင့်ပြင်ပေးထားပါ့မယ်"

လူကြီးတစ်ယောက်က သူမနေဖို့အခန်းကို ရှင်းထားပေးမည်ဆိုတာကြောင့် အားနာသွားသည်။

"ဟို နည်းနည်းပါးပါးပဲ ရှင်းထားပေးပါ၊ ကျန်တာ ကျွန်တော်ရောက်မှ ရှင်းပါ့မယ် ဦးလေး"

"ဟာ…ရပါတယ်၊ ဦးလေးကို အားမနာပါနဲ့ မောင်မင်းညို"

"ဟုတ်ပါတယ် မောင်မင်းညို၊ ဒီအိမ်ရောက်လာလို့





လိုတာရှိရင်ပြောပါ၊ ဦးထော်တို့ အချိန်မရွေးကူညီပါ့မယ်"

သဘောကောင်းကြပုံရသော ဦးထော်နှင့် ဦးဖိုးကွန်းတို့ကြောင့် သူမ ဒီအိမ်လာနေဖို့ အနည်းငယ်အားရှိသွားရ၏။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

သူမ လိုက်လိုက်လှဲလှဲစွာပြောလိုက်သည်။

"ဒါဆို ကျွန်တော်တို့ အလုပ်သွားလုပ်လိုက်ပါဦးမယ် သူဌေး"

"ကောင်းပြီ"

ဦးဖိုးကွန်းနှင့် ဦးထော်တို့နှစ်ယောက် နှုတ်ဆက်ပြီး ထွက်သွားသည်။

"မင်း လူတွေကို ဒီလိုပဲ အားနာတတ်သလား မင်းညို"

"ဗျာ"

ရုတ်တရက် သူဌေး၏အမေးကြောင့် သူမ ဘာဖြေရမှန်းမသိ။

သူ ခပ်တည်တည်ကြည့်လျက်

"အေးပေါ့ကွာ အားနာသင့်တဲ့လူကို အားနာရပေမယ့်



Scanned by CamScanner

အပြင်လုပ်ငန်းခွင်မှာတော့ လူတိုင်းကိုအားနာလို့မရဘူးကွ''

''ဟုတ်ကဲ့၊ ကျွန်တော် မှတ်ထားပါ့မယ်''

ရိုကျိုးစွာ သူမပြန်ဖြေလိုက်သည်။ ယခုချိန်မှစကာ သူ၏ဝန်ထမ်းဖြစ်ပြီမို့ ထိုစိတ်ထားမျိုးမွေးရတော့မည်လေ။

သူက နာရီတစ်ချက်ငုံ့ကြည့်တာကြောင့် သူမနေရာမှထလိုက်ရင်း

''ကျွန်တော့်ကိုခွင့်ပြုပါဦး သူဌေး''

''ကောင်းပြီ၊ ဩော် ဒါနဲ့ မင်း ငါ့နာမည်ကိုကော သိရဲ့လား မင်းညို''

လှည့်ထွက်တော့မည့် သူမခြေလှမ်းတို့ နေရာမှာပြန်ရပ်လျက်

''ဟုတ်ကဲ့ သိပါတယ်၊ သူဌေးနာမည်က ဦးဇော်ချမ်းပါ''

''ဟုတ်ပြီ၊ ကဲ မင်းသွားနိုင်ပြီ''

သူမ လှည့်ထွက်ခဲ့သည်။ အပြင်ဘက်ရောက်တော့ ငါ ဘာတွေလုပ်နေမိပါလိမ့်မှာ ဘာသာစဉ်းစားမိ၏။ ဂျင်မီသိလျှင် သူမဒီလိုလုပ်မှာကို တားမည်ထင်၏။ မိဘတွေသာ သူမ ဒီလိုအဖြစ်





ကို တမလွန်ကသိလျှင် ဘယ်လောက်ရင်နာလိုက်မလဲ။

မတတ်နိုင်ပြီ။

ကံကြမ္မာက သူမဘဝကို ပြောင်းလဲဖို့ ဖန်တီးလိုက်ပြီ။ နေရာမှရပ်နေ၍မဖြစ်။ ဂျင်မီလို ယဉ်ရှယ်သေးတဲ့ လူတစ်ယောက်တောင် ခွန်စားကာ အလုပ်သွားလုပ်နေပြီ။

သူမ ဒီမှာလုပ်တယ်ဆိုတာ မြို့ပေါ်မှာ။ တိုက်၊ ကားနှင့်နေရသေးသည့်အလုပ်။ ဂျင်မီလို တောထဲတောင်ထဲ ခရီးကြမ်းကြီးမှာ ဒုက္ခခံစရာမလိုပေ။

သည်တော့ သူမက ပိုလုပ်သင့်၏ဟု ယူဆကာ အံကိုတင်းတင်းကြိတ်လျက် ရှေ့ဆက်ဖို့သာ ဆုံးဖြတ်တော့၏။

✡ ✡ ✡



Book Sharing

Scanned by CamScanner

"အလုပ်ခန့်လိုက်ပြီဆိုတော့ ရှင့်အတွက် ဝမ်းသာပါတယ် မင်းညို"

လူကိုယ်တိုင်တွေ့၍ ပြောချင်သည်မို့ သူဇာအိမ်သို့ သူမ လာခဲ့၏။ သာမန်ရပ်ကွက်လေးတစ်ခုမှာ သူဇာတို့လင်မယား အိမ်ငှားနေသည်။

သူမရောက်တော့ သူဇာခင်ပွန်း ရှိမနေပါ။

သူဇာက သူမကို အားနာစွာကြိုဆိုသည်။

"ဒီထိအောင်လိုက်လာရသလားဟယ်၊ အားနာလိုက်တာ ကွယ်"

"ဒီစကားမပြောပါနဲ့ သူဇာ၊ တို့ အရင်က ပဂ္ဂိုလ်မဟုတ်ပါဘူး၊ ဘဝသစ်က မင်းညိုပါ"

"အင်း အဟင်း ဟုတ်ပါပြီလေ၊ ဒါနဲ့ သူဌေးနဲ့တွေ့ခဲ့





လားဟင်"

"အင်း...တို့ကိုအလုပ်ခန့်လိုက်တယ်"

ထိုစကားအဆုံး သူဇာက သူမအတွက်ဝမ်းသာကြောင်း ပြောခြင်း။

"သူဇာကျေးဇူးကြောင့် ရတာပါ"

"အမလေး ဒီလိုမပြောပါနဲ့နော်၊ သူဌေးက ရှင့်ကိုသဘောကျသွားလို့နေမှာပါ မင်းညို၊ ပါးစပ်အကျင့်ပါအောင် ရှင့်ကို မင်းညိုပဲ ခေါ်တော့မယ်နော်"

သူ ခေါင်းညိတ်လိုက်သည်။

"ခေါ်ပါ၊ ရှေ့လည်း အမြဲဒီလိုခေါ်ရမှာ၊ တို့လည်း နားအကျင့်ဖြစ်အောင်ပေါ့ သူဇာ"

မင်းညိုဘဝ ခံယူထားသော သူမကို သူဇာက စိတ်မကောင်းသလိုကြည့်၏။

"ရှင် စိတ်ပင်ပန်းမှာပေါ့ မင်းညို"

သူမ တစ်ချက်ပျော့ပျော့ပြုံးကာ...

"အနိုက်အတန့်ပေါ့ သူဇာ၊ မနက်ဖြန် တို့ သူဌေးဆီ

ပြောင်းရမယ်"

"သူဌေးက သဘောကောင်းတယ်မဟုတ်လား မင်းညို"

သူမ တစ်ခဏ တိတ်ဆိတ်ပြီးမှ သူဇာကိုကြည့်သည်။

"လူကတော့ ယောကျ်ားပီသပုံပါပဲ၊ အပြောအဆိုလည်း မဆိုးပါဘူး၊ တစ်ခုပဲ"

"ဘာလဲဟင် မင်းညို"

"ဩော်…သူဇာပြောတုန်းက သူဌေးဆိုတဲ့လူ ဒီလောက်ငယ်လိမ့်မယ်လို့ မထင်ခဲ့ဘူး"

သည်တော့ သူဇာရယ်ကာ

"ဘာလဲ ရှင်က အသက်ငါးဆယ်လောက်ရှိတဲ့ ထိပ်ပြောင်ပြောင်၊ ဗိုက်ပူပူ၊ ရုပ်ဆိုးဆိုးလူကြီးလို့ ထင်နေတာလားဟင်"

သူမ အသာပြုံးလိုက်ရင်း

"အင်းပေါ့…အစကသာသိရင်"

"ဘာလဲ ရှင်မလုပ်ဘူးလား မင်းညို၊ ဒါကြောင့် တို့က ကြိုမပြောတာသိလား"

ကြည့်စမ်း သူဇာက တမင်ထိန်ချန်ထားတာ။ သူမကတော့





ပုံစံမေးဖော်မရလိုက်ခြင်း။

"အလုပ်တစ်ခုရဖို့က မလွယ်ဘူးဆိုတာ တို့သိပါတယ် သူဇာ၊ သူ့ဘာသာ လူငယ်ဖြစ်ဖြစ် လူကြီးဖြစ်ဖြစ် တို့လုပ်မှာပါကွယ်"

"အဟင်း ဒီလိုမှပေါ့ မင်းညိုရယ်၊ တို့ကလည်း ရှင့်ကို အလုပ်ရစေချင်လို့ပါ၊ ပြောစမ်းပါဦး သူဌေးက ရှင့်ကို နည်းနည်းမှ မရိပ်မိဘူးမဟုတ်လား"

သူမ ခေါင်းညိတ်လိုက်၏။

"အင်း…ထင်တာပဲလေ၊ ဒါနဲ့ အရင်က သူဌေးပီအေ မထားဘူးလား သူဇာ"

ပထမဆုံးအကြိမ် ဦးဇော်ချမ်းအကြောင်းကို သူမ စိတ်ဝင်စားစွာ မေးမိခြင်း။

"ထားတယ် မင်းညို၊ မိန်းကလေးပဲ ဒါပေမယ့်ကွာ ရှင်မြင်တဲ့အတိုင်း သူဌေးက အသက်လည်းငယ်၊ ချောလည်းချောတော့ အဲဒီမိန်းကလေးက သူဌေးကို ဆွဲဆောင်တယ်လေ၊ သူဌေးက စိတ်မဝင်စားတော့ သူက သူဌေးမကောင်းကြောင်းတွေ လျှောက်



Scanned by CamScanner

ပြောတယ်၊ ဒါနဲ့ အလုပ်က ထုတ်ပစ်လိုက်ရတယ် မင်းညို"

"သြော်…ဒီလိုဖြစ်ခဲ့တာလား၊ ခုမှ ပီအေထားတာက ကော",

သူမနှင့်သက်ဆိုင်သည့် အလုပ်ကိစ္စဖြစ်၍ ဆက်မေးရ၏။

"နောက်ပိုင်း သူဌေးက ပီအေမထားဘဲ တစ်နှစ်လောက် နေသေးတယ် မင်းညို၊ ဒါပေမယ့် သူဌေးက အလုပ်များသူဆိုတော့ ပီအေမရှိလို့မဖြစ်တာနဲ့ တို့ကို ယောကျာ်းလေးပီအေ ရှာခိုင်းတာ"

"သြော်"

ဦးဇော်ချမ်းဘက်ကတွေးလျှင် ဒီလို ယောကျာ်းလေးပီအေ ရှာခိုင်းတာ မဆန်းပေ။

သူမကလည်း မိန်းကလေးဘဝဖြင့် ဒီတစ်သက် ပီအေ အလုပ်ကို လုပ်ဖို့စိတ်ကူးမရှိ၍ တော်သေးသည်ဟု ပြောရမည်။

ယခုတောင်မှ မတတ်သာလွန်း၍ အခြေအနေကြောင့် လုပ်ရတာ။

"မနက်ဖြန် ရှင်ပြောင်းဖို့ တို့ ဘာကူညီရဦးမလဲ မင်းညို"

"ဟင့်အင်း ရပါတယ်သူဇာ၊ ခုလိုမေးတာ ကျေးဇူးပဲ"



သည်လိုအချိန်မှာ အကောင်းဆုံးသူငယ်ချင်းအဖြစ် သူဇာ ရှိနေ၍ တော်သေးသည်။

"တို့နှစ်ယောက်ကြားမှာ ကျေးဇူးဆိုတဲ့စကား မသုံးပါနဲ့ ကွယ်၊ ဒါနဲ့ ရှင့်အခန်းကို ပြန်အပ်မှာလား မင်းညို"

"ဟင့်အင်း…မအပ်ဘူး၊ အခန်းငှားခ တစ်နှစ်စာ အပြတ် ပေးပြီးသားလေ၊ မအပ်တာက ဂျင်မီပြန်လာတဲ့အချိန် အခန်းရှိနေရ အောင်လို့ပဲ သူဇာ"

ဂျင်မီအကြောင်းပြောတော့ သူမ မျက်နှာညိုးသွား၏။ သူဇာ သက်ပြင်းချသည်။

"ဟုတ်ပါတယ်လေ ရှင်လည်း တစ်လတစ်ခါ နှစ်ခါ လောက် ပြန်ကြည့်လို့ရတာပဲ၊ ဟော ဟိုမှာ ကိုစံပြန်လာပြီ"

သူမကြည့်လိုက်တော့ သာမန်ရုပ်မျိုးနှင့် အသားညိုညို လူတစ်ယောက်။

"ကိုစံနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ သူဇာတို့ကုမ္ပဏီက လေ မင်းညိုတဲ့"

"သြော် ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော်

က ကိုစံထူးပါ"

"ဟုတ်ကဲ့"

လူရိုးတစ်ယောက်ဖြစ်ပုံရသော ကိုစံထူးကို သူမပြုံးပြလိုက်သည်။

ကိုစံထူးက သူမကို အံ့သြသလိုကြည့်သည်။

ယောကျ်ားဖြစ်ပြီး ဒီကောင်နှလှချည်လား၊ ရုပ်ကလည်း ခပ်ချောချောနဲ့။

"မင်းညိုရေ ဒီမှာထမင်းစားသွားနော်"

"ဟာ မလုပ်ပါနဲ့၊ တို့ ခုပဲစားလာခဲ့ဆယ် သူဇာ၊ အခုပြန်တော့မှာ"

"အို…နေပါဦး မင်းညိုရယ်"

သူဇာက လက်ဖမ်းဆွဲမတတ် သူမကိုတားသည်။ ဒါကို ကိုစံထူး မသိမသာအကဲခတ်၏။

ကြည့်စမ်း သူဇာနဲ့ဒီကောင် ရိုးမှရိုးရဲ့လား။

ကိုစံထူးကလွဲလို့ သူဇာသည် သူစိမ်းယောကျ်ားတစ်ယောက်ကို ဒီလို တရင်းတနှီး မဆက်ဆံဖူးပါ။



"လုပ်စရာတွေရှိသေးလို့ သွားပြီသူဇာ၊ ကိုစံထူး ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

သူမတို့နှစ်ယောက်ကို အကဲခတ်နေသည့် ကိုစံထူးကိုပါ နှုတ်ဆက်ပြီး ပြန်ခဲ့၏။

နောက်ပိုင်းမှာတော့

"နေပါဦးသူဇာ ဒီကောင်နဲ့မင်းက ဘယ်တုန်းက ဒီလောက်ရင်းနှီးသွားတာလဲဟင်"

သဝန်တိုသော မျက်နှာဖြင့် ခါးထောက်မေးလာသည့် ကိုစံထူးကို သူဇာ နားမလည်သလိုကြည့်၏။

"ရှင် ဘယ်ကောင်လဲ ကိုစံ"

"ဟော့ မသိချင်ယောင်ဆောင်မနေနဲ့၊ စောစောပြန်သွားတဲ့ မင်းညိုဆိုတဲ့ကောင်ကို ပြောတာကွ"

"ရှင်…အဟီး"

ကိုစံထူးစကားကြောင့် သူဇာ အံ့သြသွားပြီးမှ စိတ်မထိန်းနိုင်သလို တစ်ချက်ရယ်လိုက်သည်။

"ကြည့်စမ်း…ဒီကောင်နာမည်ကြားတာနဲ့ကို မင်း ဒီလောက်အူမြူးရလား သူဇာ"

"အို…မ…မဟုတ်ပါဘူးကိုစံရယ်၊ ကိုစံက သူဇာ အပေါ် ခုလိုတစ်ခါမှ သဝန်မတိုဖူးတော့ ဝမ်းသာမိလို့ပါ"

ဘယ်လိုအကြောင်းဖြစ်ပါစေ

"ရှင်ယောကျ်ားကိုတောင် ဝိုဟာ ပဋိဖြစ်ကြောင်း ဖွင့်မ ပြောလိုက်ပါနဲ့နော် သူဇာ"

ဟု အသေအချာမှာထားသည်မို့ ကိုစံထူးအား သူမ စကား လွှဲလိုက်ခြင်း။

"အေး…အရင်က ငါ မင်းကို ဘာကိစ္စသဝန်တိုရမှာလဲ၊ မင်းမှာ ဒီလိုခပ်ချောချော ယောကျ်ားလေးမိတ်ဆွေမှ မရှိပဲကွ"

သေချာပြီ။ ဒါဆိုလျှင် မင်းညိုယောင်ဆောင်ထားတဲ့ ပဋိ ကို ဘယ်သူကမှ မိန်းကလေးဟု ထင်မည်မဟုတ်။

ယခု ကိုစံထူးပင် အထင်လွဲကာ သူဇာအား စွပ်စွဲနေပြီ မဟုတ်လား။

✡ ✡ ✡

သူမရောက်သွားချိန်တွင် ဦးဇော်ချမ်း ရှိမနေပါ။ ဦးဖိုးကွန်း နှင့် ဦးထော်က သူမကို လှိုက်လှဲစွာကြို၏။

"မောင်မင်းညို ရောက်လာပါပြီ၊ ဦးလေး အခန်းအသင့် ပြင်ထားတယ်"

"ဇုသေတ္တာ ဦးထော်ယူခဲ့တယ်၊ ကိုမင်းညို"

အငှားကားဖြင့်လာသော သူမကို ခြံတံခါးဖွင့်ပေးလျက် ဆင်ဝင်အောက်ထိ ကားရပ်စေ၏။

ကားထွက်သွားတာနှင့် ဦးထော်က ခြံတံခါးပြန်ပိတ်သည်။

"သူဌေးရှိလား ဦးလေး"

"မရှိဘူးကွယ့် အပြင်သွားတယ်"

ရုံးပိတ်ရက်မို့ သူအပြင်ထွက်သွားခြင်းဖြစ်မည်။ ဦးထော် က သူမ၏သေတ္တာကို သယ်ပေးသည်။ ဦးဖိုးကွန်းက အခန်းပြရန်

Scanned by CamScanner

ရှေ့မှာတက်၏။

အပေါ်ထပ်သည်လည်း အတော်ကျယ်ဝန်း၏။

"ဒီအခန်းပဲ မောင်မင်းညို"

ဦးဖိုးကွန်း ဖွင့်ပြသောအခန်းမှာ အတန်ငယ်ကျယ်ဝန်းလျက် ရှင်းလင်းသပ်ရပ်နေ၏။

"အမှန်တော့ ဒီအခန်းက အထူးဧည့်သည်တွေအတွက် ထားတာ၊ ရေချိုးခန်းနဲ့ သန့်စင်ခန်းလည်းပါတယ်"

"ဟုတ်ကဲ့"

မာစတာဘတ်ရှမ်း အခန်းရလိုက်တာကြောင့် သူမကြိတ်၍ ဝမ်းသာသွား၏။

ရေချိုးဖို့စိတ်မပူရတော့။ ကိုယ့်အခန်းနှင့်ကိုယ်မို့ လွတ်လပ်သည်။

"ဟိုဘက်က သူဌေးရဲ့အခန်းပဲ"

"ဩော်"

သူမအခန်းနှင့်ကပ်လျက် တစ်ဖက်ခန်းမှာ တံခါးပိတ်ထား၏။



"သေတ္တာဒီမှာထားခဲ့ မောင်မင်းညို"

"ကျေးဇူးတင်ပါတယ် ဦးထော်"

"မောင်မင်းညို ခဏနားလိုက်ပါ၊ ပြီးမှ ထမင်းစားတာပေါ့"

"ရပါတယ် ဦးလေး၊ ကျွန်တော် စားလာခဲ့ပါတယ်"

"အေး…အေး ဒါဆို နားဦး၊ သူဌေးလာမှ အတူစားကြတာပေါ့"

"ဟုတ်ကဲ့"

ဦးဖိုးကွန်းလည်း ပြန်ထွက်သွားတာကြောင့် သူမတံခါး ပိတ်လိုက်၏။

မီးခိုးရောင်ကော်ဇောများ ခင်းထားသောအခန်းတွင် တစ်ယောက်အိပ်ခုတင်၊ မွေ့ယာ၊ အိပ်ရာခင်း၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး အားလုံးအသစ်များချည်း။

စာကြည့်စားပွဲနှင့် မှန်တင်ခုံတစ်ခုပါသေး၏။ ရေခဲသေတ္တာ ဝမ်းဒိုးတစ်ခု။

အို အားလုံးအပြည့်အစုံပါပဲလား။

Scanned by CamScanner

အခန်းနံရံမှာ နံရံကပ်ကျွန်းသားဗီရိုကြီးတစ်လုံး။ သူမဖွင့်ကြည့်သည်။ ချိတ်နှင့်ထားရန်တစ်ခန်း၊ တစ်ဖက်မှာ အထပ်လေးငါးခုပါသော စင်များနှင့်။

သူမ သေတ္တာသဲက အဝတ်များကို ပြောင်းထည့်လိုက်သည်။

အမှန်တော့ သူမအဝတ်အစားတွေမှာ မိန်းကလေးဝတ်များသာဖြစ်၏။

ယခုမှ မင်းညိုယောင်ဆောင်ရသည်မို့ ဂျင်းဘောင်းဘီလေးငါးထည်နှင့် တီရှပ်အနည်းငယ်။ အပေါ်ထပ်ဝတ် ရှပ်အင်္ကျီလေးငါးထည်ဖြစ်သည်။

ခြံထဲသို့ကားဝင်လာသံကြောင့် သူမတံခါးပိတ်ပြီး အောက်ထပ်သို့ ခပ်သွက်သွက်ဆင်းခဲ့သည်။

ထင်တဲ့အတိုင်း သူပြန်ရောက်လာခြင်း။ သူမ ဆင်ဝင်အောက်သို့ ထွက်ကြိုလိုက်၏။

"ဩော် မင်းရောက်လာပြီကိုး"

"ဟုတ်ကဲ့"





သူ ကားပေါ်မှဆင်းလာသည်။ သူမက သူ့လက်ထဲမှ သားရေအိတ်ကို လှမ်းယူ၏။

ပီအေတစ်ယောက်၏ တာဝန်ကို သူမစယူလိုက်ခြင်း။ သူက အလိုက်သင့်ပေးသည်။

"မင်းအဆင်ပြေရဲ့လား မင်းညို"

"ဟုတ်ကဲ့ အားလုံးအဆင်ပြေပါတယ် သူဌေး"

အပေါ်ထပ် သူတက်သွားတော့ သူမနောက်မှလိုက်ခဲ့သည်။

သူက အခန်းတံခါးကို ဖွင့်ဝင်၏။ သူမအခန်းထိပ်မှာ ရပ်ကျန်ခဲ့သည်။ ရုတ်တရက် သူ့အခန်းထဲလိုက်ဝင်ဖို့မရဲ။

"ဟိတ်ကောင် လာလေကွာ"

သူနောက်ပြန်လှည့်ကြည့်ပြီး ခေါ်သည်။

"ဗျာ...ဟုတ်ကဲ့"

သူခေါ်ပြီမို့ သူမအရဲစွန့်ဝင်လိုက်ရ၏။ အခန်းကြီးကကျယ်ဝန်းသလောက် ပစ္စည်းတွေကစုံလှသည်။ အားလုံး နောက်ဆုံးပေါ်အကောင်းစားတွေချည်း။



Scanned by CamScanner

အဲကွန်းမှလာသော လတ်ဆတ်သင်းပျံ့သည့် ခပ်ဖျော့ဖျော့ ရနံ့က တစ်ခန်းလုံး မွှေးကြိုင်နေ၏။

သူမဝင်ပြီး အခန်းတံခါးကိုမပိတ်တော့။

"ဟာ ဒီကောင် တံခါးပိတ်လေကွာ"

"ဗျာ…ဟုတ်…ဟုတ်ကဲ့"

သူစိတ်ကြိုက် အခန်းတံခါးပိတ်လိုက်ရ၏။ ချပ်ခနဲ တံခါး ပိတ်သွားချိန်မှာ သူနှင့်သူမ နှစ်ယောက်တည်း သီးခြားဖြစ်သွား သလိုလို။

"ဒီအခန်းကို မင်းစိမ်းနေလို့မရဘူး မင်းညို၊ နောက်ဆို မင်း အမြဲဝင်ထွက်နေရမှာ"

"အို"

ထိုအသံက သူမစိတ်ထဲမှ အော်လိုက်ခြင်း။ သူက သူမကို လှည့်မကြည့်ဘဲ စကားပြောရင်း အပေါ်ဝတ်အင်္ကျီကို ချွတ်လိုက် နိုက် သူမမျက်စိထဲ ပြာခနဲဖြစ်သွားရသည်။

"ငါက အလုပ်ကလည်းများ၊ တစ်ယောက်တည်းသမား ဆိုတော့ အခန်းက မင်းမြင်တဲ့အတိုင်းပဲ"





ရှုပ်ပွနေသော ပစ္စည်းတွေကိုကြည့်ရင်း သူပြော၏။

"အခု ကျွန်တော်ရောက်လာပါပြီ"

သူ့ဆန္ဒစားလျှင် သူ့ဝန်ထမ်းဖို့ အသင့်ဖြစ်ရမည်မဟုတ် လား။

"အေး ငါတော့ မင်းကိုပဲအားကိုးရမယ်၊ ဦးဖိုးကွန်းတို့ ကြတော့ လူကြီးတွေမဟုတ်လား"

သူပြောရင်း လှည့်လာသည်။ သူမက ရုတ်တရက်မကြည့် ရဲတာမို့ ဆောဆောက သူချွတ်လိုက်သော အပေါ်ဝတ်အင်္ကျီကို လှမ်းယူ၍ ချိတ်နှင့်ချိတ်လိုက်၏။

"ဒါနဲ့ . မင်းအခန်းကိုကောကြိုက်ရဲ့လား"

"ဗျာ ဟုတ်ကဲ့"

သူ့ကိုမကြည့်ဘဲ သူမခေါင်းညိတ်သည်။

"အေး အခန်းချင်းနီးတော့ မင်းကို ငါ အချိန်မရွေးလှမ်း ခေါ်လို့ရတာပေါ့ကွာ၊ အခန်းထဲမှာ ဖုန်းရှိတယ်မြင်လား"

"ဟုတ်ကဲ့"

သူမအခန်းထဲက အနီရောင်ဖုန်းလေးကို ဖျတ်ခနဲမြင်



Scanned by CamScanner

ယောင်မိ၏။

"ငါ ဖုန်းမဆက်လို့ ဟောဒီဘဲလ်သံကြားရင်လည်း မင်းကိုခေါ်တယ်ပဲ မင်းညို"

"ဟုတ်ကဲ့"

သူက လက်တွေပြဟန်ဖြင့် ဘဲလ်နှိပ်ပြ၏။

'တီ'ခနဲ ခပ်စူးစူးအသံက သူမအတွက် တာဝန်ပဲဟု။

"မနက်ဆို အိပ်ရာက ငါ ခြောက်နာရီထတယ်၊ အိပ်ရာထတာနဲ့ ဘရိတ်ဖတ်စားရင်း သတင်းစာဖတ်တယ်၊ ပြီးမှ ရေချိုးတယ်၊ ရေချိုးပြီးတော့ လုပ်စရာရှိတာ နည်းနည်းလုပ်တယ်၊ ကိုးနာရီမှာ ကုမ္ပဏီသွားတယ်ကွ"

သူ့အချိန်တွေကို ပြောပြနေခြင်းဟာ သူမအတွက် သွယ်ဝိုက်သောနည်းဖြင့် အချိန်ဇယားဆွဲပေးနေခြင်းဟု နားလည်လိုက်သည်။

"ကျွန်တော် သဘောပေါက်ပါပြီ"

"အေးပွန်း မင်းက ပါးနပ်မယ်လို့ ငါယုံကြည်ပါတယ် မင်းညို၊ ကဲ ငါရေချိုးလိုက်ဦးမယ်"





သူမပခုံးကို တစ်ချက်ပုတ်ပြီး သူ ရေချိုးခန်းဘက်ဝင်သွား၏။

သူ့အခန်းကလည်း မာစတာဘက်ရမ်းမို့ ရေချိုးခန်း၊ သန့်စင်ခန်းပါသည်။

သူရေချိုးနေချိန်မှာ သူမ အလိုက်သိစွာဖြင့် စောစောက ရှုပ်ပွနေသော အရာတွေကို ချက်ချင်းသိမ်းဆည်းလိုက်၏။

မိန်းမသားပေမို့ ပစ္စည်းတွေကို ဘယ်လိုနေရာထားရမလဲဆိုတာ သိပြီးသားပါ။

အချိန်ဘယ်လောက်ကြာသွားတယ်မသိ

"ဟာ ငါ့ကောင်က တယ်ဟုတ်ပါလားကွ၊ အခန်းကို ခဏလေးနဲ့ ရှင်းလိုက်တာပဲ"

အသံကြောင့် သူမလှည့်ကြည့်လိုက်တော့

"အမေ့"

ဖျတ်ခနဲ မျက်နှာကို လက်ဝါးနှင့်အုပ်လိုက်မိ၏။

သူ သူရယ်လေ…

ခေါင်းမှဆံပင်များ ရေစိုလျှက် ဝင်းဝါထွားကြိုင်းကျစ်လစ်



Scanned by CamScanner

သော ကိုယ့်အထက်ပိုင်းဗလာကျင်းလျက် ခါးမှ အဖြူရောင်သဘက်ကြီး ပတ်ထားသည်မဟုတ်လား။

သည်လို ယောကျ်ားတစ်ယောက်၏ လွတ်လပ်သော အနီးကပ်ပုံစံကို သူမဘဝမှာ ပထမဆုံးတွေ့ဖူးခြင်းမို့ ရင်ထဲတုန်ယင်သွားရသည်။

အထူးသဖြင့် သူ့ရင်ဘတ်ပေါ်က မွေးညှင်းစိမ်းတွေ။

"ဟိတ်ကောင် ဘာဖြစ်တာလဲကွ"

"ဗျာ…ဟို ကျွန် ကျွန်တော် မျက်လုံးထဲ အမှိုက်ဝင်သွားလို့ပါ သူဌေး"

သူ့ရှေ့မှာ မျက်နှာကို လက်နှင့်အုပ်မိတဲ့အဖြစ်က ယောကျ်ားဆန်ရာမကျတာမို့ စကားလွှဲပြောမိလိုက်ကာမှ

"ဟင် ဟုတ်လား၊ အခုကော မင်းမျက်စိထဲ အမှိုက်ရှိသေးလား၊ လာ မျက်စိထဲ ကိုယ်မှုတ်ပေးမယ်"

ဆိုးခနဲ ဆတ်ခနဲ သူမနားသို့ရောက်လာပြီး ပခုံးကိုဆွဲကိုင်ကာ သူမမျက်နှာနှင့် သူ့မျက်နှာ အနီးကပ်ယှဉ်လျက် ကြည့်လာသည်။





"ဘယ်မှာလဲကွ၊ မင်းမျက်လုံးထဲကအမှိုက်"

သူကတော့ သူမကို ယောကျ်ားလေးဟုသိထားတာကြောင့် မျက်နှာက တည်တည်ငြိမ်ငြိမ်။

သူမမှာသာ မျက်နှာတွေအလိုလိုနီရဲလာကာ

"ဟို ဟို အမှိုက်က ထွက်သွားပါပြီ၊ သူဌေးအတွက် ရေချိုးပြီးဝတ်ဖို့ အဝတ်အစား ကျွန်တော်ထုတ်ထားပါတယ်၊ လဲလိုက်ပါဦး"

သူ့လက်များကြားမှ သူမပခုံးလေးကို ကြွကာ လွတ်အောင်လုပ်ပြီး ပြောလိုက်ရ၏။

သူပြုံးကာ

"အိုကေ…မင်း ဒီလိုအလိုက်သိလိမ့်မယ်လို့ ကိုယ်ထင်သား‌ပဲ"

"ဟို ကျွန်တော် အခန်းခဏပြန်လိုက်ပါဦးမယ် သူဌေး"

"အေး…အေး ဒင်နာ ညခြောက်နာရီစားမယ် မင်းညို"

"ဗျာ ဟုတ်ကဲ့"

သူမခေါင်းညိတ်ပြီး တစ်ချိုးတည်း အခန်းဘက်လစ်ခဲ့၏။



Book Sharing

Scanned by CamScanner

သူမအခန်းပြန်ရောက်တာနှင့် တံခါးပိတ်လိုက်ပြီး စောစောက ရင်တုန်ရင်ခုန်ခဲ့သမျှ လက်နှင့်ဖိကာ အမောဖြေရင်း

"ငါ ငါ ရှေ့လျှောက် ဘယ်လိုစခန်းသွားရမှာပါလိမ့်"

ဟု တစ်ယောက်တည်း မစဉ်းစားတတ်အောင် ဖြစ်ရလေ၏။

✡ ✡ ✡

နာရီမှ မနက်ငါးနာရီ အချက်ပေးမြည်သံကြောင့် သူမ အိပ်ရာမှ လန့်နိုးသွား၏။

ဩော် ဟုတ်သားပဲ။ ညကနာရီကို သူမသံပတ်ပေးခဲ့တာ။ ယခု သူမက ပင်္ကိဘဝနှင့် ရှိနေတာမဟုတ်။ မင်းညီဘဝဖြင့် သူဌေးဦးဇော်ချမ်းထံ ရောက်နေတဲ့အဖြစ်။

"ကိုယ်က မနက်ခြောက်နာရီ ဘရိတ်ဖတ်စ်စားတယ်"

ထိုစကားသံကြားယောင်လျှက် မနက်ငါးနာရီထဖို့ သူမ ကြိုးစားခြင်းပင်။

သူမက ဦးဇော်ချမ်း၏ ပီအေ။ ဒီတော့ ဦးဇော်ချမ်းနိုးတာနှင့် အသင့်ဖြစ်အောင် စီစဉ်ရမည်။

ထို့ကြောင့် သူမ ခုတင်ပေါ်မှ ဆင်းလိုက်သည်။ မှန်တင်ခုံရှေ့ရပ်လိုက်တော့ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ဆံပင်ခပ်တိုတို

ညှပ်ထားသော မိန်းကလေးတစ်ယောက်။ ဒါဟာ သူမတဲ့လား၊ ပင်္ကဘဝက အိပ်ရာမှ ရှစ်နာရီ ကိုးနာရီမှထကာ အသင့်ပြင်ထားသည့် ဘရိတ်ဖတ်စ်က သူမရှေ့အရောက်ပါ။

အို ငါ ဘာကြောင့် အတိတ်ကရှေထီးဆောင်းခဲ့တဲ့ ဘဝကို သတိရနေမှာလဲ။ ယခုလက်ရှိဘဝကို သတ္တိရှိရှိ ရင်ဆိုင်ရမည်။

ထို့ကြောင့် ရေချိုးခန်းထဲဝင်လိုက်၏။ ကိုယ်လက်သန့်စင် ရေချိုးပြီးနောက် ဂျင်းဘောင်းဘီ၊ တီရှပ်တို့ ဝတ်လိုက်ချိန် သူမက မင်းညိုဖြစ်သွားပြီ။

အပေါ်မှ အပြာကွက်ရှပ်အင်္ကျီ ကောက်စွပ်ပြီး အခန်းတံခါးဖွင့်ထွက်ခဲ့၏။

"ဟော မောင်မင်းညို"

"မနက်စာ ဘာတွေလုပ်ထားလဲ ဦးကွန်း"

"သူဌေးအတွက်လား၊ ဟောဒီမှာ အားလုံးအဆင်သင့်ပဲ မောင်မင်းညို"

သူမကြည့်လိုက်တော့ ပေါင်မုန့်မီးကင်၊ ကြက်ဥပြုတ်ပဲ့ဘိွင်၊ ဝက်အူချောင်းကြော်နှင့် ကော်ဖီတို့ဖြစ်သည်။



"သူဌေးက နေ့တိုင်းဒီလိုပဲစားသလား ဦးကွန်း"

"ကျုပ်တော့ ဒါပဲလုပ်ပေးတာ"

"ကောင်းပြီလေ ဒါနဲ့ ထမင်းရှိလား"

"ဘာလုပ်မလို့လဲ မောင်မင်းညို၊ မင်းစားမလို့လား"

"အို မဟုတ်ပါဘူး၊ သူဌေးစားမလားလို့ ထမင်းကြော်တစ်ပွဲလောက်လုပ်ဖို့ပါ"

ဘရိတ်ဖတ်စ်စားပြီး ရုံးသွားတတ်သည့် သူဌေးအဖို့ ဒီလောက်လေးနှင့်ဆို နေ့လယ်စာ စောစောဆာနိုင်သည်။

ထမင်းကြော်တစ်ပွဲလောက် စားသွားမှ အဆင်ပြေမည်ဟု သူမတွေး၏။

"မောင်မင်းညို ကြော်မှာလား"

"ဟုတ်ကဲ့"

"ရေခဲသေတ္တာထဲမှာ အသီးအရွက် အသားငါးတွေ အသင့်ရှိတယ် မောင်မင်းညို"

"ဟုတ်ကဲ့"

ဦးဖိုးကွန်းက သူမထမင်းကြော်နိုင်ဖို့ ဖယ်ပေး၏။

သူမက ရေခဲသေတ္တာထဲမှ ကြက်သားနည်းနည်းနှင့် အသီး အရွက်ကိုယူသည်။

ထို့နောက် ကြက်ဥ၊ ဝက်အူချောင်းတို့ဖြင့် ထမင်းကိုရော မွှေကြော်သည်။

"ဟာ...ထမင်းကြော်နံ့က မွှေးနေတာပါပဲလား မောင်မင်းညို"

ဂ. ဦးဖိုးကွန်း ချီးကျူးတော့ သူမပြုံးနေလိုက်၏။

"မြည်းကြည့်ပါဦး ဦးကွန်း"

သူဌေးအတွက် ထမင်းကြော်ကို တစ်ပန်းကန်ဖယ်ထားပြီး ကျန်တာမြည်းနိုင်းလိုက်သည်။

ဦးဖိုးကွန်းက တစ်ဇွန်းခပ်စားကြည့်ကာ

"ကောင်းတယ် မောင်မင်းညို၊ မောင်မင်းညိုကြည့်ရတာ တော်တော်ချက်ပြုတ်တတ်ပုံပဲ"

"အဟင်း တစ်ယောက်တည်းသမားဆိုတော့ ဒီလိုပါပဲ ဦးကွန်း၊ ခြောက်နာရီထိုးတော့မယ် သူဌေးဆင်းလာလောက်ပြီ ဦးကွန်း"





ထမင်းစားခန်းမှာ ကျယ်ဝန်းသည်နှင့်အမျှ သန့်ရှင်းလှပနေ၏။ ထမင်းစားပွဲပေါ်တွင် သူ့အတွက် ဘာရိတ်ဖတ်စ်ကအသင့်။

မကြာခင် သူ ထမင်းစားခန်းထဲဝင်လာသည်။

"ဘာရိတ်ဖတ်စ် အသင့်ပါပဲသူဌေး"

သူခေါင်းညိတ်၍ ခုံတွင်ထိုင်သည်။ ကရားထဲမှ ကော်ဖီကို သူမ ကြွေပန်းကန်လုံးထဲ ငှဲ့ထည့်ပေးလိုက်၏။

"ကျွန်တော် ထမင်းနည်းနည်းကြော်ထားတယ်၊ သူဌေး နည်းနည်းမြည်းကြည့်ပါလား"

"အင်း ကောင်းသားပဲ"

ထမင်းကြော်ပန်းကန်ကို သူ့ရှေ့ချပေးလိုက်သည်။ သူ တစ်ဇွန်းခပ်စား၏။

"ကောင်းတယ်ကွ၊ ဦးဖိုးကွန်းလက်ရာလား"

"မဟုတ်ပါဘူး သူဌေး၊ မောင်မင်းညို ကြော်ထားတာပါ"

"ဩော် ဒါဆို မင်းစားဖို့ပေါ့ မင်းညို"

သူမကိုကြည့်၍ သူမေးသည်။ သူမ ခေါင်းခါယမ်းကာ



Scanned by CamScanner

"မဟုတ်ပါဘူးသူဌေး၊ အစကတည်းက သူ့ဌေးအတွက် ကြော်ထားတာပါ"

"ဩော် ဒါဆို မင်းအတွက်က"

"ကျွန်တော် ကော်ဖီပဲသောက်ပါ့မယ်"

သည်တော့ သူခေါင်းခါယမ်း၏။

"ဘယ်ဟုတ်မလဲ၊ ဒီတစ်ပန်းကန်လုံး ကိုယ်မကုန်ဘူး၊ မင်းးတစ်ဝက်စားရမယ်"

"ဟာ နေပါစေ"

"ပန်းကန်တစ်ချပ်ယူလိုက် မင်းညို"

အမိန့်လိုသူပြောတော့ သူမ ပန်းကန်ပြားယူပေးလိုက်ရ၏။

"မင်းနဲ့ငါက ရုံးအတူသွားရမယ့်လူတွေ၊ ဒီတော့ ဗိုက်ဆာခံနိုင်နိုင် စားထား"

ငါသူဌေးပဲဟု လက်အောက်ငယ်သားတွေအပေါ် အထက်စီးနင်းမရှိသည့် သူ၏စိတ်ဓာတ်ကို သူမ ရုတ်တရက် လေးစားလိုက်မိ၏။

ဘရိတ်ဖတ်စ်စားပြီးချိန်မှာ သူက သတင်းစာဖတ်သည်။





သူမက သူ့အတွက် လိုအပ်တာတွေ ပြင်ဖို့ အပေါ်ထပ်တက်ခဲ့၏။

သို့သော် အပေါ်ရောက်တော့ သူ့အခန်းထဲမဝင်ဘဲ လေသာဆောင်ရှေ့ ရပ်နေမိသည်။

သူမရှိဘဲ သူမတစ်ယောက်တည်း အခန်းထဲ မဝင်ချင်ပါ။ ပိုင်ရှင်ခွင့်ပြုမှကောင်း၏။

"မင်းဘာလုပ်နေတာလဲ"

"ဗျာ"

လေသာဆောင်မှာရပ်နေသော သူမ အသံကြောင့် လှည့်ကြည့်တော့ သူ။

"ငါနဲ့လိုက်ခဲ့၊ နေ့စဉ် ရုံးအတွက် လိုအပ်တဲ့စာရွက်စာတမ်း ယူရမယ့်ပစ္စည်းတွေ ပြထားပေးမယ်"

"ဟုတ်ကဲ့"

ယခုမှ သူမအသက်ရှူချောင်သွား၏။

"ဘာကြောင့် မင်း ငါ့အခန်းထဲမဝင်တာလဲ မင်းညို"

"ကျွန်တော်"

သူမဖြေရခက်တော့ သူပြုံးသည်။

"မင်းကိုငါယုံလို့ ငါ့ရဲ့အတွင်းရေးမှူးအဖြစ် ခန့်တာပဲ မင်းညို၊ ငါ့အခန်းကို မင်းအခန်းလိုသဘောထားပါ"

"ဗျာ...ဟုတ်ကဲ့"

သူကခွင့်ပေးပြီမို့ နောက်ဆို သူမ ခပ်ရဲရဲဝင်ထွက်ဖို့ ဆုံးဖြတ်၏။

သူ အလုပ်နှင့်သက်ဆိုင်ပတ်သက်တဲ့ စာရွက်စာတမ်း၊ ပစ္စည်းများ ပြပေးသည်။

"နောက်ဆို မင်း ဒီထက်ပိုသိသွားမှာပါ မင်းညို"

"ဟုတ်ကဲ့"

"ကဲ ကိုယ်နည်းနည်းအလုပ်လုပ်လိုက်ဦးမယ်"

ပြောရင်း သူ့ကွန်ပျူတာရှေ့ထိုင်၏။ သူအလုပ်လုပ်နေစဉ် သူမက အသံတိတ်တိတ်ဖြင့် တစ်ခန်းလုံးရှင်းလင်းလိုက်သည်။

"ဟား...ရှစ်နာရီတောင်ထိုးပြီ၊ ကိုယ် ရေချိုးတော့မယ်"

"ဟုတ်ကဲ့ ကျွန်တော် သူဌေးအတွက် ဝတ်စုံထုတ်ထားပေးပါ့မယ်"

သူခေါင်းညိတ်ပြီး ရေချိုးခန်းဘက် ဝင်သွား၏။





သည်တစ်ခါတော့ သူမပါးပြီ။ သူ့အတွက် အဝတ်ထုတ်ပြီးတာနှင့် ကိုယ့်အခန်းပြန်ခဲ့၏။

တစ်ခုအံ့သြစရာကောင်းတာက သူ့အတွက် ဝတ်စုံရွေးပေးချိန်မှာ သူမစိတ်တို့ လှုပ်ရှားနေခြင်းပင်။

အခန်းထဲရောက်တော့ သူမ သက်ပြင်းလေးကြိတ်ချမိ၏။

ပက္ကိ...ပက္ကိ...

ခုတော့ ညည်းက သူစိမ်းယောကျ်ားတစ်ယောက်အတွက် ဝတ်စုံတောင် ရွေးပေးနေရပါလား။

အရင်က သူမအလှနှင့် သူမဇနကို ယစ်မူးလျက် ချဉ်းကပ်လာသည့် ယောကျ်ားများအား ဂရုမစိုက်ခဲ့သမျှလေ။

ကိုးနာရီထိုးတာနှင့် သူမသည် သူ့နောက်မှ အတက်ချိုကျစ်၊ သူ၏ယောကျ်ားကိုင် ပိုက်ဆံထည့်သည့် သားရေအိတ်တို့ကို ကိုင်ကာ လိုက်ခဲ့ရ၏။

"မင်းကားမောင်းတတ်သလား မင်းညို"

"ဗျာ ဟုတ်ကဲ့"

သူမကို ကားများမောင်းခိုင်းဦးမှာလားဟု တွေးစဉ်



Book Sharing

Scanned by CamScanner

"လိုင်စင်ကောရှိရဲ့လားကွဟင်"

"ဟုတ်…ဟုတ်ကဲ့ ရှိပါတယ်"

သည်အချိန် သူမလိုင်စင်တောင်းကြည့်လျှင် အခက်။ သူမ၏လိုင်စင်မှာ ပက္ကိအမည်နှင့်သာမို့ ခက်ပြီ။

သို့သော် သူမကံကောင်းသွားတာက

"အင်း ငါက ကားမောင်းတာကို ပင်ပန်းတယ်လို့ သဘောမထားဘူးကွ၊ ဒါကြောင့် ဒရိုင်ဘာမထားတာ၊ ဒါပေမယ့် တစ်ခါတစ်ခါ ငါအလုပ်များတဲ့အခါ မင်းမောင်းပေါ့ မင်းညို"

"ဟုတ်ကဲ့ သူဌေး"

သွက်လက်စွာ သူမခေါင်းညိတ်သည်။ လောလောဆယ် လိုင်စင်ပြဿနာ စိတ်အေးသွားတာမို့ အသက်ရှူချောင်သွားရ၏။

ကားမောင်းနေသောသူ့ကို မထင်မှတ်ဘဲ ငေးကြည့်မိသည်။

ဘေးတိုက်အမြင်မှာလည်း သူ့အသွင်က ခန့်ညားတည်ကြည်လို့ပါလား။

✡ ✡ ✡



"ဒီနေ့ ခင်ဗျားတို့အားလုံးကို စုစည်းနိုင်းရတာကတော့ ဟောဒီက ကျွန်တော့်ရဲ့အတွင်းရေးမှူးအသစ်နဲ့ မိတ်ဆက်ပေးချင်လို့ပါ၊ သူက ကျွန်တော်ခန့်လိုက်တဲ့ အတွင်းရေးမှူး ကိုမင်းညိုပဲ"

ဦးဇော်ချမ်း၏ မိတ်ဆက်ပေးမှုအဆုံး သူမနေရာမှထ၍ အားလုံးကို ခေါင်းညွှတ်နှုတ်ဆက်လိုက်သည်။

"ကျွန်တော် မင်းညိုပါ၊ အားလုံးနဲ့တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ကလည်း ကိုမင်းညိုကို ဝမ်းသာစွာကြိုဆိုပါတယ်ခင်ဗျာ"

ဝန်ထမ်းများကိုယ်စား တစ်ယောက်က ထပြောသည်။ မိတ်ဆက်ပေးမှုအဆုံး လက်ခုပ်သံတွေ ဆူညံသွား၏။

သူဌေးက သူမကိုပြုံး၍ လှမ်းကြည့်သည်။ သူမပြန်ပြုံး



Scanned by CamScanner

လိုက်ပေမယ့် တစ်ခဏပါပဲ။

ထို့နောက် လုပ်ငန်းပိုင်းဆိုင်ရာများ ဆက်ဆွေးနွေးကြသည်။ သူမက ဦးဇော်ချမ်းအနားမှာထိုင်လျက် မှတ်တမ်းတင်၏။

အစည်းအဝေးပြီးချိန်မှာ အားလုံး ကိုယ့်နေရာကိုယ်ပြန်တော့

''အဆင်ပြေရဲ့လား မင်းညို''

''ဟင် သူဇာ၊ အင်း အဆင်ပြေပါတယ်''

သူမနောက်မှ သူဇာလိုက်လာ၍ မင်းခြင်းဖြစ်သည်။ သူဌေးက ရှေ့မှာရောက်နေ၏။

''ရှင့်အမူအရာသိပ်ကောင်းတာပဲ မင်းညို''

''ရှူးတိုးတိုး သူဇာ''

သူမက ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီကြည့်ရင်း နှုတ်ခမ်းပေါ် လက်ညိုးတင်လျက် ရှူးခနဲတား၏။

''အဟင်း မစိုးရိမ်ပါနဲ့၊ ဘယ်သူမှမရိပ်မိပါဘူး၊ ကဲ တို့သွားမယ် မင်းညို''

''အင်း''

သူဇာက အောက်ထပ်ရုံးခန်းပြန်သွား၏။ သည်တော့မှ





သူမ သက်ပြင်းကြိတ်ချလျက် သူဌေးနောက် ခပ်သွက်သွက်လိုက်ရသည်။

ထိုအချိန် ရုံးဝန်ထမ်းများကြား၌

''သူဌေးပီအေလေးက ချောလိုက်တာနော်''

''အေးဟယ် ဖြူဖြူသန့်သန့် ချောချောလေး''

''ဘာလဲ ရှင်က သဘောကျသွားပြီလား''

''ခစ်...ဒါပေါ့ဟဲ့''

မိန်းကလေးဝန်ထမ်းတချို့၏ တီးတိုးပြောသံကြားရတော့ သူဇာ ရယ်ချင်သွားသည်။

ပဏ္ဍိကို တကယ်ယောကျာ်းလေးအစစ် ထင်နေပြီပဲ အဟင်း။

သည်အကြံ သူဇာပေးခဲ့ခြင်း မှန်သွားပြီ။ မင်းညို ခေါ် ပဏ္ဍိကလည်း ဆံပင်တိုလေးနှင့်ဆိုတော့ တကယ့်လူငယ်တစ်ယောက်အတိုင်း။

ပဏ္ဍိခေါ် မင်းညိုကတော့ အပေါ်ထပ်တွင် လုံးဝမအားပေ။ ဦးဇော်ချမ်း အလုပ်များတာတွေကြည့်ကာ သူဌေးတစ်ယောက်ဆိုပြီး



Scanned by CamScanner

စိမ်နှင့်နေလို့မရပါလားဟု အောက်မေ့မိ၏။

ဦးဇော်ချမ်း အလုပ်များသလောက် သူမလည်း များရတာပါပဲ။

"ကလင် ကလင်"

ဖုန်းသံကြောင့် သူမကိုင်လိုက်၏။

"ကိုဇော်လားဟင်"

တစ်ဖက်မှ အမျိုးသမီးတစ်ယောက်၏အသံ။

"ဗျာ. မဟုတ်ပါဘူး၊ ကျွန်တော်က သူ့ရဲ့အတွင်းရေးမှူးပါခင်ဗျာ"

"အို ကိုဇော်က ပီအေအသစ်ခန့်လိုက်ပြီကိုး"

"ဟုတ်ကဲ့"

တစ်ဖက်မှ အမျိုးသမီး လှာရှည်နေတာကြောင့် သူမစိတ်မရှည်ချင်တော့ပေ။

သို့သော် ဒီဖုန်းကို သူဌေးကိုယ်စား သူမကိုင်ပေးနေရတာ။

"ဒါနဲ့ ကိုဇော်ရှိတယ်မဟုတ်လား"

"ဟို ခုဖုန်းဆက်တာ ဘယ်သူပါလဲခင်ဗျာ"





အလုပ်များသော သူဌေးက ဖုန်းကိုင်နားထောင်၍ မအားပါ။

"အို ဒီဖုန်းနံပါတ် သူမြင်ရင်သိပါတယ်"

"ဟို နာမည်လေးပြောပါခင်ဗျာ"

"ကျွတ် မင်းဘယ်လိုပီအေလဲဟင်၊ ကိုဇော့်ကိုသာ ဖုန်းသွားပေးလိုက်စမ်းပါ"

တစ်ဖက်မှ အတင်းအကြပ်တောင်းဆိုနေတာကြောင့် သူမက သူ့ကို ဖျတ်ခနဲလှမ်းကြည့်သည်။

သူက လက်ရပ်ခေါ်ပြီး ဖုန်းနံပါတ်ကြည့်၏။ ထို့နောက် ခေါင်းခါပြသည်။

"ဟဲလို...ဟဲလို"

"ဗျာ...ဟို သူဌေးမရှိပါဘူး၊ အပြင်သွားပါတယ်ခင်ဗျာ"

ပြောပြီး သူမဖုန်းချလိုက်သည်။ သူပြုံးကာ

"အေး နောက်ဆို ငါဘယ်လိုလူတွေကို တွေ့ချင်တယ်၊ ဘယ်လိုလူတွေကို မတွေ့ချင်ဘူးဆိုတာ မင်းသိလာလိမ့်မယ်



Scanned by CamScanner

မင်းညို''

''ဟို စောစောက အမျိုးသမီးက''

''အလကားပါကွာ အဲဒီဖုန်းနံပါတ်ဆိုရင် ငါမရှိဘူးပဲပြော ဟုတ်လား''

''ဗျာ…ဟုတ်ကဲ့''

ဟင်း မလွယ်ပါလား။ အတွင်းရေးမှူးတစ်ယောက်၏ တာဝန်မှာ ဒါတွေပါသလား။

''ကလင်…ကလင်''

အတွေးမဆုံးခင် နောက်ထပ်ဖုန်းသံ ပေါ်လာတော့ သူမ အမြန်ကိုင်လိုက်ရသည်။

''ဟဲလို''

''ကိုချမ်းလားဟင်''

''ဗျာ မဟုတ်ပါဘူး၊ ကျွန်တော်က သူဌေးအတွင်းရေးမှူး ပါခင်ဗျာ''

''ဪ…ဪ ဒါဆို မင်းသူဌေးကို ဖုန်းပေးလိုက်ပါ''

သူဌေးမဟုတ်ဘူးဆိုတာနှင့် စောစောက ချွဲအီအီအသံ





သည် ချက်ချင်းမာဆတ်သွားလိုက်တာ။

''ဟုတ်ကဲ့၊ နာမည်လေးပြောပါခင်ဗျာ''

''အို နွဲ့ဆိုသူသိပါတယ်''

''ဗျာ နွဲ့ ဟုတ်လား''

နွဲ့ဆိုသောအမည်ကို သူမတမင်ခပ်ကျယ်ကျယ်လေး ပြောလိုက်ခြင်း။ တမင် သူကြားအောင်လို့လေ။

နွဲ့ဆိုတော့ သူခေါင်းထောင်လာသည်။ ထို့နောက် သူမကို ခေါင်းညိတ်ပြသည်။

''ဟဲလို ကိုချမ်းကို ဖုန်းပေးလိုက်ပါဆို''

တစ်ဖက်မှ စိတ်မရှည်သံ။ သူကလည်း ခေါင်းညိတ်နေပြီမို့

''ဗျာ…ဟုတ်ကဲ့၊ သူဌေး ခုပဲရောက်လာပါပြီ''

အလိုက်သင့် ကြည့်ကောင်းအောင် ပြောပြီး ဦးဇော်ချမ်း လက်ထဲသို့ သူမဖုန်းထည့်ပေးလိုက်သည်။

''ဟဲလို''

''အို ကိုချမ်း၊ နွဲ့လေ၊ နွဲ့ပါ''



Scanned by CamScanner

"အဟွန်း…နွဲ့အသံမှတ်မိပါတယ်ဗျာ၊ ကိုယ်တောင် နွဲ့ကို သတိရနေတာ"

အပြုံးမျက်နှာဖြင့် ဖုန်းပြောနေသော သူ့ကို သူမနားမလည်သလို ကြည့်သည်။

စောစောတုန်းက အမျိုးသမီးကြတော့ မတွေ့ချင်တဲ့သူ ... ည် နွဲ့ဟု အသံကြားတာနှင့် မျက်နှာတစ်ခုလုံး ပြုံးလို့ပါလား။

အတွင်းရေးမှူးကိုကြတော့ အမျိုးသမီးမခေါ်ချင်တဲ့လူက ပြင်ပမှတခြားအမျိုးသမီးတွေနှင့်တော့ ရင်းနှီးရှုပ်ထွေးနေသလိုပါလား။

အို ဒါက သူ့ကိစ္စ။

သူမနှင့်မဆိုင်ဟု သဘောထားလျက် လုပ်စရာရှိတာ ဆက်လုပ်နေလိုက်၏။

"တီ"

"ပြောပါ"

"သူဌေးနဲ့တွေ့ဖို့ ဧည့်သည်ရောက်နေပါတယ်"

ရုံးခန်းပြင်ဘက်မှ ဝန်ထမ်းက သူမထံ အကြောင်းကြား





သည်။

"ဘယ်သူတွေလဲ"

"ကုန်သည်ဦးပိုက်တို့ပဲ"

"ဪ…ခဏ"

သူ့ကိုကြည့်လိုက်တော့ ခုချိန်ထိ ဖုန်းပြောလို့မပြီးသေးပါ။ ဟင်း ဘာတွေဒီလောက်ပြောနေတာပါလိမ့်။ တစ်ယောက်ကလည်း ဘာတွေချွဲနေတယ်မသိ။

"ဧည့်သည်တွေကို ဆယ့်ငါးမိနစ်လောက် ခဏစောင့်နိုင်းထားပါ၊ ဒီမှာ သူဌေးအလုပ်ရှုပ်နေလို့"

"ဟုတ်ကဲ့"

သူဖုန်းဆက်လို့မပြီးတာကြောင့် တစ်ဖက်ကို ဧည့်သည်တွေ ခဏစောင့်ခိုင်းလိုက်ရ၏။

အလုပ်ရှုပ်နေတယ်ဆိုတဲ့သူဌေးက မိန်းမတစ်ယောက်နှင့် ဖုန်းပြောနေတာ ဧည့်သည်တွေသိလျှင် စိတ်ဆိုးမည်ထင်။

ခဏနေ သူဖုန်းပြောပြီးတာနှင့်

"ဦးပိုက်တို့က သူဌေးကိုတွေ့ဖို့ စောင့်နေပါတယ်"



Book Sharing

Scanned by CamScanner

"ဟော ဟုတ်လား သူတို့ကို အမြန်ခေါ်လိုက်ကွ မင်းညို"။

"ဟုတ်ကဲ့"

ယခုမှ ရေးကြီးသုတ်ပျာဟန်နှင့် သူမ မသိမသာမျက်စောင်းထိုးရင်း ညှိသည်တွေဝင်လာဖို့ ပြောလိုက်ရ၏။

✡ ✡ ✡



နေ့လယ်စာစားချိန်တွင်မူ။

"ကိုဇော်"

"ဩော် ကျော့ပါလား"

လက်ထဲမှာ စတီးလ်ငါးဆင့်ချိုင့်ကြီးနှင့် ခေတ်မီစွာပြင်ဆင်ထားသည့် အမျိုးသမီးတစ်ယောက် ရောက်လာ၏။

ဖုန်းကြိုတင်မဆက်ဘဲ ရောက်လာတာကြောင့် အတွင်းရေးမှူး လက်သစ်ဖြစ်သော သူမပင် မတားနိုင်တော့။

"အဟင်း ကိုဇော် နေ့လယ်စာ မစားရသေးဘူးမဟုတ်လား၊ ဒါကြောင့် ကျော့လာပို့တာ"

"ဟာ တကူးတကနဲ့ အားနာစရာကြီးကျော့ရယ်"

"အို ကိုဇော်ကလည်း ကျော့ကိုများ အားနာစရာလား၊ ကိုဇော့်အကြိုက်တွေ ကျော့ကိုယ်တိုင်ချက်လာခဲ့တာ"



Scanned by CamScanner

ထမင်းချိုင့်ကြီးကို စားပွဲပေါ်တင်လျက် ဖွင့်ပြမည့်ဟန်ပြင်နေလေသည်။

သူက သူမကိုလှမ်းကြည့်ကာ

"မင်းညို ဒီချိုင့်ကိုယူလိုက်ပါ"

"ဗျာ ဟုတ်ကဲ့"

ကျောလက်ထဲကချိုင့်ကို သူမလှမ်းယူလိုက်၏။ ကျော့က သူမကို ခပ်တည်တည်တစ်ချက်ကြည့်ပြီး

"စောစောက ဖုန်းကိုင်တာမင်းလား"

"ဟုတ်ကဲ့"

"အေး ခုနက ကိုဇော်ဆီ ဖုန်းဆက်တာ ငါပဲ၊ နောက်တစ်ခါ ငါ့ဖုန်းခေါ်တာနဲ့ ကိုဇော်ကိုပေးပါ"

အမိန့်ပေးနေသော ကျော့ကြောင့် သူဌေးကို သူမလှမ်းကြည့်လိုက်၏။

"သြော် စောစောက ကိုယ်အပြင်သွားနေလို့ပါ ကျော့၊ ကဲ မင်းညို ထမင်းပွဲပြင်လိုက်ပါ"

"ဟုတ်ကဲ့ သူဌေး"





သူမအနားမှထွက်လာပြီး ထမင်းပွဲပြင်သည်။ ဟင်းတွေက စုံလင်လှ၏။

"မင်းညိုရေ ဒီထမင်းတွေ မင်းစားလိုက်၊ ငါနဲ့ကျော့ အပြင်သွားစားမယ်"

"ဗျာ…ဟုတ်ကဲ့"

တကယ်ပဲ သူဌေးနှင့်ကျော့ အပြင်ထွက်သွားသည်။ ကျော့က ထမင်းချိုင့်ကြီး သူမနှင့်ထားခဲ့ရတာကို သိပ်ကျေနပ်ပုံမရပေ။

ကြည့်စမ်း ဒီလောက်များတဲ့ ထမင်းဟင်းတွေ သူမတစ်ယောက်တည်း ဘယ်လိုကုန်မလဲ။

အောက်ထပ်ဆင်း၍ သူဇာကိုခေါ်၏။

"မင်းညို"

"ထမင်းစားပြီးပြီလား သူဇာ"

"မစားရသေးဘူး၊ ခုပဲအလုပ်ကပြီးတယ်၊ မင်းညိုကော"

"မစားရသေးဘူး သူဇာ၊ တို့နဲ့လိုက်ခဲ့ သူဇာ"

"နေဦး ထမင်းဗူးယူလိုက်ဦးမယ်"

သူမထားခဲ့ပုံပြောမည်ပြုပြီးမှ ဝန်ထမ်းတချို့ အကဲခတ်နေ

တာကြောင့် ကြည့်နေလိုက်ရ၏။

"မင်းညို ထမင်းချိုင့်မပါဘူးမို့လား၊ သူစာနဲ့အတူစားကြတာပေါ့၊ သူဌေးကော စောစောက အမျိုးသမီးတစ်ယောက်နဲ့ ထွက်သွားတာတွေ့တယ်"

အပေါ်ထပ်သို့ နှစ်ယောက်အတူတက်ရင်း သူစာပြောသည်။

"ဟုတ်တယ်၊ ဒါကြောင့် တို့ သူစာကို လာခေါ်တာ"

"ဪကွယ် ရှင်မပါသွားတာသိလို့ တို့လည်း အလုပ်ပြီးတာနဲ့ ရှင်နဲ့အတူစားမလို့ တက်လာဖို့ပါပဲ မင်းညိုရယ်"

သူမအပေါ်ထားသော သူစာ၏စေတနာကြောင့် ပြုံးမိရသည်။

"စေတနာအကျိုးပေးတယ်ဆိုတာ ဒါပေါ့ သူစာ၊ ဒီမှာကြည့် သူစာ"

"ဟင် ဒါတွေက"

ဖြူဖွေးကော့ပွံ့နေသော ထမင်းနှင့် ဆီပြန်ဟင်းများကိုတွေ့တော့ သူစာ နားမလည်သလို သူမအားကြည့်၏။





"အဟင်း အဲဒါ စောစောက သူဌေးအတွက်ဆိုပြီး အမျိုးသမီးယူလာတဲ့ချိုင့်လေ သူစာ၊ ဒါကို တို့နဲ့ထားပြီး သူဌေးကအပြင်သွားစားတာ"

"ဪ ဒီလိုလား၊ အဟင်း သူဌေးက ပညာပါတယ်နော်"

"ဟုတ်တယ် သူစာ၊ ကဲ ဒါတွေအားလုံး တို့နှစ်ယောက်အတွက်ပဲ စား သူစာ၊ ရှင့်ချိုင့် သိမ်းထားလိုက်"

သူမ စေတနာပိုစွာဖြင့် သူစာပန်းကန်ထဲသို့ ဟင်းတွေခပ်ထည့်ပေးသည်။

"မင်းညိုလည်းစားပါ"

"စားစမ်းပါ သူစာရယ်၊ တို့က အမြဲစားနေရတာပါ"

"အေးဟယ် ဟင်းတွေက ကောင်းလိုက်တာ မင်းညိုရယ်"

ရသည့်လခလေးများဖြင့် အိမ်လခ၊ ကားခများနှင့် အိမ်စားရိတ်ကိုချေတာပြီး ငါးပိရည်၊ ကန်စွန်းရွက်ကြော်တို့ဖြင့်သာ အများဆုံးစားခဲ့ရသည့် သူစာအဖို့ ဒီလိုကောင်းလွန်းတဲ့ ဟင်းလျာ

က နတ်သုဒ္ဓါ။

သူဇာ အားရပါးရစားတာကို ကျေနပ်စွာ သူမကြည့်နေမိ၏။ သူမအတွက်ကတော့ ဒီလိုဟင်းမျိုးတွေဆိုတာ မွေးကတည်းက စားလာခဲ့ရတာမဟုတ်လား။

"ဒါကြောင့် သူဇာကို တို့လာခေါ်တာပေါ့"

"အင်း ဒီလိုလာခေါ်တာကို တခြားသူတွေက ကြည့်နေတယ် မင်းညို၊ အဟီး ရှင်က သူဇာကိုကြိုက်လို့ လာရောတယ် ထင်နေမလားပဲနော်"

"အဟင်း ဟင်း၊ ဒါဆို ရယ်စရာကြီးပေါ့ သူဇာ"

ကိုယ့်အကြောင်းကိုယ်သာသိသော သူမနှင့် သူဇာတို့အတွက် ပတ်ဝန်းကျင်၏ ထင်မြင်ချက်ကို ဂရုမစိုက်နိုင်ပါ။

"ဒါနဲ့ ရှင် သူဌေးအိမ်နေရတာ အဆင်ပြေရဲ့လား မင်းညို"

"အင်း ပြေပါတယ် သူဇာ၊ ကိုယ့်အခန်းနဲ့ကိုယ့်နေရတော့ လေ"

"သူဌေးက ရှင့်ကို လုံးဝမရိပ်မိဘူး မဟုတ်လား"





ထိုစကားကို သူဇာက လေသံတိုးတိုးနှင့်မေး၏။ သူမ ခေါင်းညိတ်လိုက်သည်။

"တော်သေးတာပေါ့ မင်းညို၊ ကောင်မလေးတချို့တောင် ရှင့်ကို ကောင်ချောလေးမှတ်ပြီး စိတ်ဝင်စားနေတယ်သိလား"

သူဇာက ပြုံးစေ့စေ့ပြောသည်။ သူမ လိုက်ပြုံးရင်း

"တို့ပုံစံက ဒီလောက်တောင် ပီပြင်နေလို့လား သူဇာ"

"အို သိပ်ပီပြင်တာပေါ့၊ အခုပဲ ရှင် သူဇာကိုလာခေါ်တော့ မနာလိုတဲ့မျက်ဝန်းတွေနဲ့ ကြည့်နေကြတာ"

"တို့တော့ သတိမထားမိလိုက်ဘူး သူဇာ၊ သူဌေးလာကာ နီးပြီ"

ထမင်းပွဲကို သိမ်းလိုက်ကြသည်။ သူမတားသည့်ကြား မှ သူဇာက ချိုင့်တွေဆေးပေးခဲ့၏။

မကြာခင် ဦးဇော်ချမ်းတစ်ယောက်တည်း ပြန်ရောက်လာသည်။

"ဟူး...မလွယ်ပါလား"

အပေါ်ကုတ်အင်္ကျီကိုချွတ်ပြီး ပါးစပ်ကို တစ်ချက်မှုတ်



Scanned by CamScanner

လျှက် သူညည်း၏။

"မကျော့ကော မပါဘူးလား သူငွေး"

"ပြန်သွားပြီ၊ မင်းကော ထမင်းစားပြီးပြီလား"

"ဟုတ်ကဲ့"

သူမခေါင်းညိတ်လိုက်၏။

သူက စားပွဲနောက်မှ ဆုံလည်ခုံတွင် ဝင်ထိုင်သည်။

"သူငွေးက ဘာလို့ ကျော့ထမင်းချိုင့်ကို မစားတာလဲ"

သူမသိချင်တာမေးတော့ သူ မျက်မှောင်ကြီးတွန့်သည်။

"ဟာ...သူထမင်းစားမှတော့ ငါ သူ့ကိုအားနာနေရမှာပေါ့ကွ၊ ဒါကြောင့် မင်းနဲ့ထားပစ်ခဲ့တာ"

"ကျော့တော့ စိတ်ဆိုးနေမှာပဲ သူငွေး"

သည်တော့ သူ ပခုံးတွန့်၏။

"မတတ်နိုင်ဘူး၊ နောက်တစ်ခါ လာမပို့ရဲအောင် လုပ်လိုက်တာ၊ ဒါနဲ့ မင်းစားလို့ကောင်းရဲ့လား"

"ဟင်းတွေက ကောင်းတော့ကောင်းပါတယ်၊ ကျော့က သူငွေးအတွက်မို့ထင်တယ် သေချာချက်လာတာပဲ"





သူ့ရှေ့မှာ ကျော့ကို တမင်ချီးကျူးလိုက်၏။ အမှန်လည်း ဟင်းတွေချက်တာ ကောင်းပါသည်။

"မင်းတော်တော်အတာပဲ မင်းညို၊ ကျော့လိုမိန်းမလား ဟင်းချက်မှာ၊ ဒါတွေအားလုံး ဆိုင်ကဝယ်လာတာကွ"

"ဟင် သူငွေးက ဘယ်လိုသိလဲ"

သူမ အံ့ဩနားမလည်သလိုမေးတော့ သူပြုံးသည်။

"မင်း မမြင်လိုက်ဘူးလား၊ သူ့လက်နှစ်ဖက်လုံး လက်သည်းရှည်တွေ လှလှပပနဲ့ထားတာ၊ အဲဒါ ဟင်းချက်တဲ့လက် မဟုတ်ဘူးကွ"

"သြော်"

သူ့စကားကြောင့် သူမလက်တွေကို ယောင်ရမ်းကြည့်မိ၏။

ကိုယ်တိုင်ဟင်းချက်ပါပြီဆိုကတည်းက လှပသောလက်သည်းတွေကို နှမျောစွာဖြတ်လိုက်ရတာ မဟုတ်လား။

"မင်းလည်း မိန်းမတွေကို သတိထား၊ မင်းက ရုပ်လေးချောတော့ ကောင်မလေးတွေက စိတ်ဝင်စားမှာပဲ"

"ဟာ သူဌေးကလည်း"

သူမမျက်နှာနီသွားတော့ သူ မျက်မှောင်တွန့်၏။

"ဒီကောင် ယောကျ်ားဖြစ်ပြီး အတော်ရှက်တတ်ပါလား"

သူစိတ်ထဲက မှတ်ချက်ချလိုက်မိခြင်းပါ။

ပဋိမှာတော့ သူ့ကို ယောကျ်ားလေးမှတ်ကာ ပြောနေတဲ့ သူ့အား မကြည့်ဝံ့၍ ခေါင်းငုံ့ထားလိုက်၏။

✡ ✡ ✡



"ဒီည ခုနစ်နာရီ သူဌေး ဒင်နာသွားစရာရှိပါတယ်၊ ကျွန်တော် ဝတ်စုံထုတ်ထားပြီးပါပြီ"

ရုံးမှပြန်ရောက်ပြီးနောက် ခဏသာနားပြီး သူ ခြံထဲဆင်း၏။ ပန်းပင်တွေကို သူကိုယ်တိုင် ရေလောင်းပေးသည်။

ထိုအချိန် သူမက ကိုယ့်အခန်းတိုယ် ပြန်နား၏။

သူ ခြံထဲကပြန်တက်လာတော့ စာကြည့်ခန်းဝင်သွားတာ ပြန်မထွက်လာ။

သူမ သွားရောက်သတိပေးရ၏။

"အင်း အခုဘာယ်နှစ်နာရီလဲ မင်းညို"

"ခြောက်နာရီပါ သူဌေး"

"ဟာ အချိန်တွေကလည်း ကုန်လွယ်လိုက်တာ"

ရုံးကပြန်ရောက်တာ ငါးနာရီမို့ ထိုမျှအချိန်ကုန်လွယ်ခြင်း



Scanned by CamScanner

က မဆန်းပါ။

"ကဲ ငါရေချိုးတော့မယ်၊ မင်းလည်း အသင့်ပြင်ထား တော့"

"ဗျာ ကျွန်တော်ပါလိုက်ရမှာလား သူဌေး"

မလိုက်ချင်ဟန်ဖြင့် သူမမေးတော့ သူ စိတ်မရှည်သလို ဆတ်ခနဲကြည့်သည်။

"ဒီကောင် မင်းက ငါ့ရဲ့အတွင်းရေးမှူးကွ၊ ငါသွား လေရာ လိုက်ရမယ်"

"ဟုတ် ဟုတ်ကဲ့"

မတတ်သာ၍ သူမခေါင်းညိတ်လိုက်ရ၏။ နေလယ်တုန်း ကတော့ သူမကိုမခေါ်ဘဲ မကျော့နှင့်သူ နှစ်ယောက်တည်း ထွက် သွားတာကြတော့မပြော။

သူ့ကျောပြင်ကြီးကို သူမ မျက်စောင်းကြီးတိုးမိသည်။

အပေါက်ဝရောက်မှ သူက ဆတ်ခနဲလှည့်ကြည့်ပြီး

"ဟိတ်ကောင် အမြန်လုပ်"

"ဗျာ၊ ဟုတ်ကဲ့"





သူ့နောက်မှ သူမလိုက်ထွက်ပြီး ကိုယ့်အခန်းကိုယ်ပြန်ခဲ့ သည်။ ဒင်နာလိုက်ဖို့ သူမလည်း ရေချိုးပြီး ပြင်ဆင်ရမည်။

ဟင်း ဝါ့ဘဝကလည်း။

သူမကြိတ်ကာ သက်ပြင်းလေးချမိရ၏။

ထိုအချိန်

ရေပန်းဖွားများအောက်မှ တစ်ယောက်တည်းကြိတ်ပြုံးမိ သူက ဇော်ချမ်း။

ဒီကောင်လေးမင်းညိုကို တွေ့စမှပင် ဘယ်ဘဝရေစက် ကြောင့်မသိ သူ့စိတ်ထဲက ညီငယ်တစ်ယောက်လို ချစ်ခင်သွားရ သည်။

မသူဇာက ထောက်ခံပေး၍ဆိုပေမယ့် သူကိုယ်တိုင်က မင်းညိုအပေါ် ခင်မင်စိတ်ဖြင့် အလုပ်ခန့်လိုက်တာပါ။

"သူ့ဘဝက သနားစရာကောင်းပါတယ် သူဌေး၊ မိဘ နှစ်ပါးလုံးဆုံးပြီးနောက် ဘာမှမလုပ်တတ်မကိုင်တတ်နဲ့ တစ်ယောက် တည်းကျန်ခဲ့တာပါ"

မင်းညိုအကြောင်းကို မသူဇာဆီမှ ကြားကတည်းက

သူ့သနားစိတ်ဝင်မိတာလည်း မသိ။

ဖော်ချမ်းကိုယ်တိုင်ကလည်း မိဘနှစ်ပါးမရှိတော့ဘဲ တစ်ယောက်တည်းကျန်ခဲ့တာ ကြာပြီ။

မင်းညိုတို့ဘဝတူခြင်းမို့ စာနာတာလည်း ပါနိုင်သည်။

"ကျွန်တော် ဘယ်မှာနေရမှာလဲ"

ယောကျ်ားလေးတန်မယ့် အသားအရေဖြူစင်လွန်းကာ မျက်ခုံးထူထူနှင့် ချောမောသောမျက်နှာတွင် တစ်စုံတစ်ရာ အားငယ်ရိပ် လွှမ်းနေသလိုပါပဲ။

"မိဘတွေရှိတုန်းက အစွမ်းကုန်အလိုလိုက်ခြင်းခံခဲ့ရတာပါ သူ့ငွေး"

မသူဇာပြောတာထက် လက်တွေ့မှာ မင်းညိုကို မြင်လိုက်ရတော့ တကယ့်ရွှေမင်းသားလေးပဲ သိလိုက်၏။

သည်လိုကောင်မျိုးလေးတွေအတွက် စိတ်မနိုင်လျှင် အန္တရာယ်များစွာရှိနိုင်တာကြောင့် သူ တမင်အလုပ်ခန့်လိုက်တာလည်းပါသည်။

"ဒီကောင်လေးမျက်ဝန်းတွေက သိပ်ကိုရိုးသားကြည်စင် လွန်းတယ်"

လူတစ်ယောက်၏ ဥပဓိရုပ်ကိုကြည့်ပြီး အပေါ်ယံအမြင်လောက်တော့ သူလည်း အကဲခတ်နိုင်၏။

မင်းညိုကို ရိုးသားတဲ့လူငယ်တစ်ယောက်ပဲဟု သူ့အလိုလိုယုံကြည်နေသည်။

"အထီးကျန်နေတဲ့ ငါ့အတွက် ညီငယ်အဖော်တစ်ယောက်ရသလိုပါပဲ"

ယခုလည်း ဒင်နာမလိုက်ချင်သော မင်းညိုကို သူတမင်ခေါ်ခြင်းဖြစ်၏။

သေချာတာက မင်းညိုသည် ဒီခေတ်ယောကျ်ားလေးတွေနှင့် မတူတာပဲ။

သူများတွေအတွက် ဒီလိုဒင်နာပွဲမျိုးသွားဖို့ အခွင့်ချောင်းတက်ကြွစွာရှိနေသလောက် မင်းညိုကတော့ လိုက်ရမှာကိုပဲ ကြောက်နေပုံ။ ဒီကောင့်ကိုစရတာ ပျော်၏။

သူ့အဝတ်အစားလဲပြီး ထွက်လာတော့ မင်းညို အသင့်ဖြစ်နေသည်။ ထုံးစံအတိုင်း ဂျင်းဘောင်းဘီတီရှပ်နှင့် အပေါ်က

ရုပ်အင်္ကျီကွက်။

''ကျွန်တော် အသင့်ဖြစ်ပါပြီ သူဌေး''

သူမရွေးပေးခဲ့သော ခံနက်ရောင် အနောက်တိုင်းဝတ်စုံ ပြည့်နှင့် သူ့ပုံစံက တကယ်ပဲ ခန့်ညားချောမောနေ၏။

တစ်ချက်သာ ငေးကြည့်ဖြစ်ပြီး ခေါင်းကို ချက်ချင်းငုံ့သည်။

''မင်းမှာ တခြားအဝတ်အစား မရှိဘူးလား မင်းညို''

''ဗျာ''

မထင်မှတ်သော သူ့ မေးခွန်းကြောင့် သူမ အဖြေရခက်သွား၏။

ဒင်နာပွဲများစွာကိုတက်ခဲ့ဖူးသော သူမအတွက် ဝတ်စုံ အထပ်လိုက်ရှိပါသည်။

သို့သော် ထိုဝတ်စုံတွေက မိန်းကလေးအဝတ်အစားတွေ။ ယခု သူမသည် 'မင်းညို'အမည်ခံထားသော ယောကျ်ားလေး တစ်ယောက်။ သည့်အတွက် ထိုဝတ်စုံတွေကို သူမ ဘယ်လိုဝတ် ရမည်နည်း။



''သောရီးပဲ မင်းညို၊ ကဲ သွားစို့''

''ဟုတ်ကဲ့''

လွှတ်ခန့်မေးလိုက်ပြီးမှ မင်းညိုကို သူ အားနာသွားရ၏။ ဒင်နာအတွက် တစ်ခြားဝတ်စုံကို မင်းညိုအားဝတ်စေချင်မိခဲ့သည်။

သို့သော် သူလိုချင်တဲ့ဝတ်စုံမျိုး မင်းညိုမှာ ရှိနိုင်မည်လား။

သူ့အဝတ်အစားတွေ ပေးဝတ်ရအောင်လည်း မင်းညိုနှင့် သူသည် ဆင်နှင့်ဆိတ်လိုကွာနေ၏။

အင်း နောက်မှ။ နောက်မှ ဒီကောင်လေးအတွက် အဝတ် ဝယ်ပေးရမယ်။

ဒင်နာသို့ရောက်တော့ လူအတော်စည်နေပြီ။ မီးရောင် အောက်တွင် မြူးကြွသော တေးဂီတသံနှင့်အတူ ရယ်မောပျော်ရွှင် နေသောလူများ။

''ကိုဇော်''

''နှံပါလား''

အနက်ရောင်လက်ပြတ်ဝမ်းဆက်နှင့် အနီရောင်ဆံပင်ဆိုး ထားသော မိန်းမတစ်ယောက်။

“ဟင်း ကိုဇော်တို့များ နွဲ့ကိုတော့ ဝင်မခေါ်ဘူး”

“အဟွန်း နွဲ့လိုက်မယ်မှန်း မသိလို့ပါဗျာ၊ ခုတွေ့ပြီပဲ”

သူ အပြုံးဖြင့်ပြော၏။

“ဟင်း ဟင်း ဟုတ်ပါတယ်လေ၊ ကိုဇော်ကိုတွေ့ရတာ နွဲ့အတွက် အားလုံးပြည့်စုံသွားသလိုပဲ”

ချောမောခန့်ညားသည်နှင့်အမျှ ချမ်းသာပြည့်စုံသော သူ့ကို လိုချင်မက်မောကြတဲ့ အမျိုးသမီးတွေ ဝိုင်းနေတာမဆန်းပါ။

ထိုသို့ သူ အမျိုးသမီးတွေနှင့် ဆက်ဆံတိုင်း အလိုမကျစိတ်ဖြင့် သူမမှာ တစ်ယောက်တည်းကြိတ်ကာ သက်ပြင်းချမိရတာ မကြာခဏ။

“ကဲ မင်းညို၊ မင်းလည်း လွတ်လွတ်လပ်လပ်နေ ဟုတ်လား”

“ဗျာ ဟုတ်ကဲ့”

သူမဘက်လှည့်ပြောပြီး နွဲ့ဆိုတဲ့ အမျိုးသမီးနှင့် သူထွက်သွား၏။

ကြည့်စမ်း။ လူကို ခေါ်တုန်းကခေါ်လာပြီး ယခုကြတော့





တစ်ယောက်တည်း ပစ်ထားတာ။

ထွက်ခွာသွားသော သူ၏ကျောပြင်ကို အံလေးကြိတ်ကာ ကြည့်ပြီး သူမက မကျေမနပ်တွေးမိသည်။

ဘာကြောင့်မှန်းမသိ။ သူနှင့်နွဲ့ကိုကြည့်ပြီး ရင်မှာ အားငယ်ဝမ်းနည်းစိတ်တို့ အလိုလိုဖြစ်မိရတာ

ပဂ္ဂိ ပဂ္ဂိ။

ညည်းသတိထားလေ။

အခုညည်းဟာ ပဂ္ဂိဘဝနဲ့မဟုတ်ဘဲ မင်းညိုဘဝနဲ့ သူ့နား ရောက်နေတာ။

အရင်ကလို ပဂ္ဂိစိတ်နှင့်ဆိုလျှင်တော့ ဒီလိုအချိန် သူမနား အမျိုးသားတွေ ဝိုင်းဝိုင်းလည်ကာ ခေါင်းမော့နေပြီ။

ယခုတော့

“မောင်း ယူ”

အသံကြောင့် သူမကြည့်လိုက်တော့

“ဟင် စင်ဒီ”

အနီရောင်ဂါဝန်နှင့် စင်ဒီက သူမဆီလာနေ၏။



Book Sharing

Scanned by CamScanner

စင်ဒီ စင်ဒီတစ်ယောက် သူမကို မှတ်မိသွားပြီလား။ သူမ စိတ်လှုပ်ရှားစွာတွေးရင်း ,စင်ဒီကို ပျော်ခနဲ ကျောနိုင်းရပ်လိုက်သည်။

"ဒီမှာ ယူ တို့က ယူနဲ့မိတ်ဆက်ချင်လို့"

သူမပုခုံးကို လှမ်းပုတ်ပြီး စင်ဒီပြောတော့ အခက်ကြုံရ၏။ သူမ ဘာလုပ်ရမှန်းမသိ။

"မီးရောင်အောက်မှာ ယူရဲ့ချောမောတဲ့ မျက်နှာကို မြင်လိုက်ရတော့ တို့ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ အဟင်း"

စင်ဒီအသံက မှုမမှန်။ အနည်းငယ်လေးကာ သူမကို မှတ်မိပုံမရ။

သူမ ဖျတ်ခနဲ စင်ဒီနားမှထွက်ခဲ့သည်။

"ယူ ယူရေ ခဏနေပါဦး"

နောက်မှ စင်ဒီခေါ်သံပါလာပေမယ့် လှည့်မကြည့်မိ။ ထိုစဉ်

"စင်ဒီ"

"ဩော် ရွှန်"





"ဘယ်သွားနေတာလဲ စင်ဒီ၊ လာ ဟိုမှာပွဲကစနေပြီ"

သစ်ပင်ရိပ်အောက်က သူမလှမ်းကြည့်၏။ ရွှန်က စင်ဒီကို တွဲခေါ်သွားသည်။

တော်သေးတာပေါ့။

ရွှန်နှင့်သူမ မျက်နှာချင်းဆိုင် မတွေ့လိုက်လို့။

ဦးဇော်ချမ်းကို လိုက်ရှာတော့ လူတွေကြားမှာ ရယ်မောစကားပြောနေသည်။ အထူးသဖြင့် သူ့နားမှာ အမျိုးသမီးတွေလေ။

✡ ✡ ✡

ဒင်နာကပြန်လာချိန်မှာ ည ဆယ့်တစ်နာရီရှိပြီ။ အသောက်များလာသော သူက အနည်းငယ်မူးနေသည်။

"သူဌေး သိပ်မူးနေရင် ကျွန်တော်ကားမောင်းရမလား"

အလိုက်သိစွာ သူမမေးတော့ သူခေါင်းညိတ်၏။

"အင်း အဟွန်း အဆင်ပြေတာပေါ့ကွာ၊ ဒါနဲ့ မင်းကော သောက်ထားသေးလား"

"ဗျာ ဟင့်အင်း၊ ကျွန်တော် မသောက်ပါဘူး သူဌေး"

သူမခေါင်းခါရမ်းပြောရင်း ကားသော့ယူလိုက်သည်။ သူ့အတွက် ကားတံခါးဖွင့်ပေး၏။

"သင့်ခ်ယူ"

သူကားထဲဝင်ထိုင်ရင်းပြောသည်။ သူမဒရိုင်ဘာနေရာတွင် ထိုင်လိုက်၏။ ထို့နောက် ကားကို ကျွမ်းကျင်စွာ မောင်းသည်။





သူမဘေးမှ သူမျက်ဝန်းများ မေးကာလိုက်လာသည်။ သူ့ထံမှ အယ်ကိုဟောနံ့နှင့် ကိုယ်သင်းနံ့မွှေးမွှေးတို့က လေနှင့်အတူ သူမနှာဝသို့ လာရောက် ကလူကျီစယ်နေ၏။

"ဒင်နာမှာပျော်ရဲ့လား မင်းညို"

"ဗျာ"

"အဟွန်း မိန်းမလှလေးတွေပေါတယ်လေကွာ"

စကားပြောနေပေမယ့် သူ့ မျက်ဝန်းတွေမှင်မှိုင်လာ။ သူမ သက်ပြင်းလေးကြိတ်ချရင်း

"သူဌေးတော့ အတော်ပျော်ခဲ့တယ်မဟုတ်လား"

"အဟွန်း ဒါပေါ့ကွ၊ မင်းမြင်တယ်မဟုတ်လား၊ ကိုယ့်နားမှာ ဝိုင်းဝိုင်းလည်နေတာ"

ဘာကြောင့်မှန်းမသိ။ အမျိုးသမီးတွေ သူ့နားရှိနေချိန်မှာ သူမစိတ်ထဲ အလိုမကျချင်ပါ။ ဂုဏ်ယူစွာပြောနေသော သူ့ကို နှုတ် ခမ်းလေးကိုက်ကာ ငဲ့ကြည့်လိုက်ပြီး

"သူဌေးက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကိုး"

အမှန်တရားပေမယ့် သူမ ခပ်ရွဲ့ရွဲ့လေးပြောလိုက်ခြင်းပါ။

"အဟွန်း ဟွန်း မင်းလည်းစွဲပါတယ် မင်းညိုရာ၊ ကောင်မလေးတွေ မင်းကို လာမိတ်ဆက်တယ်မဟုတ်လား"

ထိုအပြောကြောင့် စင်ဒီမိတ်ဆက်တာ သူမြင်သွားသလားဟု သူမတွေးလိုက်၏။

"ကျွန်တော်တို့က ဂုဏ်မရှိ ငွေမရှိဘာဝပါ သူဌေး၊ ဒီတော့ ဘယ်သူ စိတ်ဝင်စားမှာလဲ"

"ဟာ ဒီကောင် ယောကျ်ားဖြစ်ပြီး အားငယ်လှချည်လားကွ ဟင်၊ ဒီမှာ မင်းညို မိန်းမတွေကလေ တကယ်ချစ်မိပြီဆိုရင် ဘာရာထူးဂုဏ်မှ မလိုအပ်ပါဘူးကွာ၊ သူတို့ကတောင် ပြန်လုပ်ကျွေးသေးတယ်"

မျက်လုံး ဆတ်ခနဲပွင့်လာကာ သူမကိုကြည့်ပြီး သူပြောသည်။

"ဒါဆို သူဌေးနားကပ်နေတဲ့ အမျိုးသမီးတွေကြတော့ကော"

"အဟွန်း သူတို့ကို ငါစိတ်မဝင်စားပါဘူးကွာ၊ အလိုက်အထိုက် ဆက်ဆံနေတာပါ၊ သူတို့ဘာလိုချင်တယ်ဆိုတာ ငါသိပါ





တယ်"

သူက တည်ငြိမ်သော မျက်နှာဖြင့်ပြောသည်။ သူ့ကို နားမလည်သလိုကြည့်မိ၏။

"ဟို ဒီလောကအများကြီးထဲမှာ သူဌေးချစ်တဲ့သူ မပါဘူးလား"

"နိုး နိုး နှလုံးသားရဲ့ခံစားချက်ဆိုတာကလည်း ဆန်းကျယ်တယ် မင်းညို၊ လူတစ်ယောက်ကို လှတိုင်း ချောတိုင်း ဂုဏ်ရှိတိုင်း၊ ချစ်လို့ရတာမဟုတ်ဘူးကွ၊ အချစ်ဆိုတာက သူ့အလိုလိုဖြစ်ပေါ်တာမျိုးပဲ"

"ဪ"

သည်လိုကြတော့လည်း အချစ်နှင့်ပတ်သက်ပြီး သူ့ခံယူချက်က လေးစားစရာကောင်းနေ၏။ သူ့မှာ တကယ်ချစ်တဲ့သူ မရှိသေးဘူးဆိုတော့ သူမ စိတ်သက်သာရရသွားသလိုပါပဲ။

"မင်းညို မင်းက ရုပ်လေးချောတော့ ရည်းစားတွေများမှာပေါ့"

"ဟာ ကျွန်တော် ဒီလိုလူမဟုတ်ပါဘူး သူဌေး၊



Scanned by CamScanner

ကျွန်တော် လည်း သူဌေးလိုပဲ၊ ခုချိန်ထိ တကယ်ချစ်တဲ့သူ မရှိသေးပါဘူး"

"အဟွန်း ဟွန်း ဒါဆိုရင် တို့ဆရာတပည့်နှစ်ယောက်က ဘဝတူတွေပေါ့ကွ"

"အို"

ပြောရင်း သူက သူမပခုံးကို ဖက်လိုက်တာကြောင့် မျက်လုံးလေးဝိုင်းကာ ရင်ထဲ အိုခနဲဖြစ်သွားရ၏။

"ဒီမှာ မင်းအတွက် ငါ၊ သင့်တော်မယ့် မိန်းကလေးရှာပေးမယ် မင်းညို"

"နေ နေပါစေ သူဌေး၊ ကျွန်တော် ဒါတွေ စိတ်မဝင်စားသေးပါဘူး"

သူမ ခေါင်းအမြန်ခါယမ်းရင်း ပခုံးပေါ်မှ သူ့လက်ကို မသိမသာ ဖြုတ်လိုက်ရ၏။

"မင်းလည်း အရွယ်ရောက်ပြီပဲ ချစ်သူလေး ဘာလေး ထားပေါ့ကွာ၊ ယောကျ်ားဆိုတာ ဒါမှ အတွေ့အကြုံရှိမှာ"

ထိုစကားကို သူမ မကြိုက်နှစ်သက်ပါ။ သူက ယောကျ်ား





တစ်ယောက်အနေဖြင့်ပြောနေပေမယ့် တကယ်တမ်း သူမက မိန်းမသားဆိုတော့ ခံရခက်ပါသည်။

မိန်းမတွေဟာ ယောကျ်ားတွေရဲ့ ကစားစရာအရုပ်မဟုတ်ပါ။

ထို့အတူ ယောကျ်ားတွေကလည်း မိန်းမတွေရဲ့ ကစားစရာမဟုတ်။ ရင်ထဲက တကယ်မချစ်ဘဲနှင့် အိုင်တွေတိုင်းခြေဆေးတတ်သော အကျင့်မျိုးကို မုန်း၏။

ထို့ကြောင့် သူမ ပဋိဘဝဖြင့်ရှိစဉ်က အမျိုးသားတွေ ဝိုင်း ဝိုင်းလည်ခဲ့ပေမယ့် ရင်ထဲမှ တကယ်ချစ်တဲ့လူ မရှိတာကြောင့် အားလုံးကို တည်ငြိမ်စွာပဲ ငြင်းဆန်ခဲ့၏။

ဒါဟာ သူမမာနကြီးတာမဟုတ် ဘဝမှာ တကယ်ချစ်တဲ့သူနဲ့သာ တွေ့ဆုံချင်သည်။

"ဒါဆို သူဌေးက အတွေ့အကြုံအများကြီး ရှိနေတာပေါ့"

"အဟွန်း ဟွန်း ကိုယ်ကမရှာလည်း သူတို့က လာနေတာလေ၊ ဒါပေမယ့် ဘူမျှားနစ်နာအောင် ကိုယ် ဘယ်တော့မှ အခွင့်အရေးမယူပါဘူးကွာ၊ ယောကျ်ားတစ်ယောက်ရဲ့တန်ဖိုးကို



Scanned by CamScanner

ကိုယ်ထိန်းသိမ်းပါတယ်"

အင်း သူ့ပဲကျေးဇူးတင်ရဦးမည်ဟု သူမစိတ်ထဲက ပြောလိုက်သည်။ အမှန်တော့ မိန်းကလေးတွေကလည်း အလွန်။ ခုက မလှုပ် မြင်းမလှုပ်ဆိုသလို သူ့ထံ မကြခဏ လာနေကြတာပဲ။

"ကျွန်တော် သူဌေးကို လေးစားပါတယ်"

"ဟား ဟား ငါက မင်းရဲ့စံပြပုဂ္ဂိုလ်ကြီးတော့ မဟုတ်ဘူးနော် မင်းညို၊ ငါလည်း စိတ်မထိန်းနိုင်တဲ့တစ်နေ့ ဆိုးချင်ဆိုးမိမှာကွ"

ထိုနေ့မျိုးရောက်မလာပါစေနဲ့ဟုသာ သူမကားမောင်းရင်းကြိတ်ဆုတောင်းလိုက်၏။

"အိမ်ရောက်တော့မယ် သူဌေး၊ အိပ်ချင်နေပြီလား"

"အင်း ဒါနဲ့ မင်းကားမောင်းတာ၊ အတော်ကျွမ်းကျင်ပါလားကွ၊ နောက်ဆို မင်းကိုပဲ ကားမောင်းခိုင်းရမယ်"

သည်လိုကားမျိုးတွေဆိုတာ သူမအရင်က မောင်းနေကြမို့ မဆန်းပါ။

သူကားမောင်းခိုင်းမယ်ဆိုတိုင်း လိုင်စင်ကိစ္စသတိရလျက်





မျက်လုံးပြူးရသည်။

အိမ်ရောက်တာနှင့် ကားပေါ်မှ သူအရင်ဆင်းသွား၏။ ကားကိုသိမ်းပြီး သူမနောက်မှ တက်ခဲ့သည်။

သူ့အခန်းရှေ့ရောက်၍ ကြည့်လိုက်တော့ မီးလင်းနေတာကြောင့် တံခါးကို အသာတွန်းဖွင့်ကြည့်၏။

"အို"

အဝတ်အစားပင်မလဲနိုင်ဘဲ သူက မွေ့ယာပေါ်မှာ မှောက်လျက်အိပ်နေသည်။ သူမ အသာခြေဖျားဝင်ကာ သူ့ခြေထောက်မှ ဖိနပ်များချွတ်ပေးလိုက်ပြီး မီးမှိတ်ပေးကာ ပြန်ထွက်ခဲ့၏။

အခန်းထဲရောက်မှ သူမသက်ပြင်းချကာ အနားယူနိုင်သည်။ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ညဝတ်အင်္ကျီလဲကာ အိပ်ရာဝင်ခဲ့၏။

မေ့ခနဲအိပ်ပျော်သွားသော သူမ

"တီ"

လူခေါ်ဘဲလ်မြည်သံကြောင့် အိပ်နေရာမှ ဆတ်ခနဲနိုးသွားသည်။ ဒါ သူမကိုခေါ်တဲ့ အချက်ပေးသံပဲ။ အပေါ်အင်္ကျီကောက်



Book Sharing

Scanned by CamScanner

စွပ်လျက် သူ့အခန်းဆီ သူမလာခဲ့လိုက်သည်။

"အား ပူလိုက်တာ ရေလည်းသိပ်ငတ်တာပဲ၊ ကိုယ့်ကို ရေပေးစမ်းပါ"

"ဗျာ ဟုတ်ကဲ့"

မျက်လုံးတွေမဖွင့်ဘဲ ၊ သူကရေတောင်းနေ၏။ ရေခဲသေတ္တာထဲက ရေပုလင်းကို သူမယူ၍ ဖန်ခွက်ထဲထည့်လိုက်၏။

"သူဌေး ရေရပြီ"

"ဩော် အင်း"

သူအိပ်ချင်မပြေသေးဟန်ဖြင့် အိပ်ရာမှထပြီး သူမပေးသော ဖန်ခွက်ထဲကရေကို တစ်ကျိုက်ကျိုက်သောက်သည်။

"သင့်ခ်ယူပဲကွာ၊ ကဲ မင်းလည်း ပြန်အိပ်တော့"

"ဟုတ်ကဲ့"

ရေပုလင်းကို ခုတင်ဘေးရှိ စားပွဲပေါ်မှာထားပေးပြီး သူမ ပြန်ခဲ့လိုက်သည်။ အင်း ဒင်နာမှာ ဘယ်လောက်အသောက်များသွားတယ်မသိ။ သူကြည့်ရတာ ရင်အတော်ပူနေပုံပါပဲ။

✡ ✡ ✡



"ဒါက ဘာကြီးတုန်းကွ မင်းညို"

တစ်ဖက်မှ အတက်ချိုကော့စ်ကိုက်လျက် တစ်ဖက်က တေးလ်ငါးဆင့်ချိုင့်ကြီးဆွဲလာသော သူ့ကိုကြည့်ပြီး သူမေးသည်။

"ကျွန်တော်တို့အတွက် နေ့လည်စာ ထမင်းချိုင့်ပါသူဌေး၊ သူဌေးက အလုပ်များပြီး အစာလွန်သွားတတ်တော့ အချိန်မှီစားနိုင်ရအောင်လို့ပါ"

မနက်စောစော အိပ်ရာမှထကာ ထမင်းချိုင့်ယူဖို့အတွက် သူမကိုယ်တိုင် ချက်ပြုတ်၏။ မနေ့ညနေကထဲက ဈေးကို ဦးဖိုးကွန်းအား လိုက်ခိုင်းထား၍ ဟင်းချက်စရာ အဆင်ပြေသည်။

"အေးလေ ထမင်းချိုင့်ပါတာလည်း ကောင်းပါတယ်၊ ငါလည်း အပြင်နေ့တိုင်း ထွက်စားရတာ ငြီးငွေ့ပြီ၊ ဦးဖိုးကွန်းတော့ အလုပ်များမှာပဲ"



Scanned by CamScanner

"ကျွန်တော်မလုပ်ရပါဘူး သူဌေး၊ ထမင်းချိုင့်အတွက် မောင်မင်းညိုချက်တာပါ"

အနားမှ ဦးဖိုးကွန်းကဝင်ပြောသည်။ သူက သူမကို အံ့သြသလိုကြည့်၏။

"သြော် မင်းက အချက်အပြုတ်လည်းရတယ်ကိုး"

"ဟို ကျွန်တော် အရင်က ဇာစ်ယောက်တည်းနေတော့ ချက်စားနေကြမို့ပါ သူဌေး"

မျက်လွှာချကာ သူမက မလုံမလဲဟန်ဖြင့် အမြန်ရှင်းပြလိုက်၏။

"ဘာပဲဖြစ်ဖြစ် ငါကတော့ ဘက်စုံအားကိုးရတဲ့ အတွင်းရေးမှူးတစ်ယောက်ရတာပဲကွ၊ ကဲ ကဲ သွားစို့"

"ဟုတ်ကဲ့"

မမှုးလျှင်တော့ ကားကို သူပဲမောင်းသည်။ နေ့စဉ် သူ့ထံမှ ရသော ကိုယ်သင်းရနံ့က သူမအတွက် ရိုးမသွားပါ။

"ဘာဟင်းတွေချက်လာတာသဲကွ"

ကားမောင်းရင်း သူမေးသည်။ ဦးဖိုးကွန်းထံမှ သူ့အကြိုက်





မေးထားသော သူမက

"ဆိတ်ကလီစာနဲ့ ကြက်သားချဉ်စပ်ပါ သူဌေး"

"အဟွန်း ငါ့အကြိုက်ပါလားကွ မင်းညို၊ အင်း မင်းကိုရတဲ့မိန်းကလေးတော့ အတော်ကံကောင်းမှာပဲကွ၊ ရုပ်ကချောချောနဲ့ အချက်အပြုတ်ကလည်းရဆိုတော့"

"ကျွန်တော် အဲဒါတွေ စိတ်မဝင်စားပါဘူး သူဌေး"

သူမကို ယောကျာ်းလေးမှတ်ကာ အမြဲ ထိုသို့စလေ့ရှိတာကို မကြိုက်ပေ။

"မင်းညို မင်းညို၊ မင်း တကယ်ချစ်တဲ့သူ မတွေ့သေးလို့ပါကွာ၊ ကိုယ်ချစ်တဲ့သူတွေလာရင် မင်း ဒီလိုပြောနိုင်မှာ မဟုတ်ဘူး"

"သူဌေးလည်း တကယ်ချစ်တဲ့သူ မတွေ့သေးဖူး မဟုတ်လား"

အနေကြာလာတော့ သူနှင့်ရင်းနှီးမှုပိုလာသည်။ ထို့ကြောင့် တစ်ခါတစ်ရံ ဆရာတပည့် ဆက်ဆံရေးမျိုးမဟုတ်ဘဲ ညီအစ်ကို ရင်းနှီးစွာ ပြောတတ်ကြ၏။



Scanned by CamScanner

"အေးကွ ငါလည်း ကိုယ့်ကိုကိုယ် အံ့သြနေတယ်၊ ငါ့မှာ ချစ်တတ်တဲ့နှလုံးသားမှ ရှိရဲ့လားလို့"

"သူဌေး တကယ်ချစ်တဲ့သူနဲ့ မတွေ့သေးလို့ပါ"

"အဟွန်း ဒီကောင် ငါ့စကားနဲ့ ငါ့ကို ပြန်နှက်နေပြီပဲကွ၊ ဟင်၊ အင်းလေး မင်းပြောသလိုလည်း ဖြစ်နိုင်ပေမယ့် ဒီလောကမှာ ငါချစ်တဲ့ မိန်းကလေးမျိုး ရှိသေးရဲ့လားလို့ စဉ်းစားမိတယ်ကွ"

သူ့မျက်နှာချောချောက တည်ငြိမ်နေ၏။ သူဘယ်လို မိန်းကလေးမျိုးကို ချစ်နိုင်မယ်ဆိုတာ သူမလည်း သိချင်နေသည်။ ရုံးကိုရောက်တော့ သူဇာက

"ထမင်းချိုင့်ကြီးနဲ့ပါလား မင်းညို"

သူဌေးက အပေါ်တက်သွားပြီမို့ သူမကျန်ခဲ့ခြင်း။ သူဇာမေး တော့ လက်ထဲမှ ထမင်းချိုင့်ကိုငုံ့ကြည့်ပြီး

"နေ့လည်စာအတွက်လေ၊ သူဌေးက အလုပ်များတော့ အချိန်မီစားနိုင်အောင်လို့၊ နေ့လည်စာဟင်းလာပို့ပေးမယ် သူဇာ"

"အင်း"

အပြုံးကိုယ်စီဖြင့် သူမတို့နှစ်ယောက် ပြောနေတာကို တချို့





ဝန်ထမ်းတွေ မသိမသာ အကဲခတ်နေကြ၏။

သူဇာက သွားတော့ဟု မျက်ရိပ်ပြမှ သူမ အပေါ်တက်ခဲ့၏။ သည်မှာက ကိုယ့်အကြောင်းနှင့်ကိုယ်မို့ သူဇာမှလွဲ၍ ဘယ်သူနဲ့မျှ သူမ မဆက်ဆံမိပါ။

လူတွေနှင့် များများဆက်ဆံလျှင် သူမအကြောင်း သိကုန်မည်စိုး၍ဖြစ်သည်။ ရုံးကိုရောက်ပါပြီဆိုကတည်းက ထုံးစံအတိုင်း အလုပ်များ ကစောင့်နေသည်။ သူဌေးကိုတွေ့ချင်သော ဧည့်သည်တွေ သူဌေးသွားတွေ့ရမည့်သူတွေ နေရာတွေဖြင့် တစ်နေ့လုံးမအား။

လုပ်ငန်းများပြားသော သူဌေးက ရုံးမှာချည်း ထိုင်နေချိန်မရ။ ဆိုက်ထဲလိုက်ကြည့်ရသည်။ သူဌေးသွားလေရာ သူမက အနားမှာ။

"သူဌေး မနွံ့နွံ့လာပါတယ်"

"ဩော် ဟုတ်လား ခေါ်ခဲ့လေ၊ နွံ့နဲ့ပြောစရာရှိတယ်"

အလုပ်များသည့်ကြားမှ နွံ့ဆိုတဲ့ အမျိုးသမီးကို အရေးတယူရှိသော သူ့အား သူမ မသိမသာလေး မျက်မှောင်တွန့်ကြည့်မိ၏။



Scanned by CamScanner

ပြောတော့ ချစ်ရတဲ့သူ မတွေ့သေးဘူးဆိုပြီး နွဲ့ကိုကြ
တော့ ဦးစားပေးလိုက်တာ ဟင်း။

"ကိုဇော်"

"နွဲ့"

အပြုံးချိုချိုနှင့် နွဲ့ကို နေရာမှထကာ ကြိုဆိုတာကသူ။

"မင်းညိုရေ နွဲ့အတွက် ကော်ဖီလုပ်ပါ"

"ဗျာ ဟုတ်ကဲ့ သူဌေး"

မလှမ်းမကမ်းတွင်ရပ်နေသော သူမကို သူခိုင်းတာကြောင့် ကော်ဖီဖျော်ဖို့ ပြင်ရ၏။

"ဘယ်လိုလဲ ကိုဇော်ရယ်၊ ဒင်နာပြီးကထဲက မတွေ့ရတာ"

"အပျွန်း ကိုယ်မအားလို့ပါ နွဲ့ရဲ့၊ အခု တွေ့ပြီပဲ"

"တော်ပါ ကိုဇော်ဆီ နွဲ့လာလို့ တွေ့ရတာမဟုတ်လား"

မူနွဲ့နွဲ့မျက်စောင်း နွဲ့ကပြောသည်။ နွဲ့နှင့်တွေ့လျှင် သူဌေးတစ်ယောက် ပြုံးရယ်လွန်းတယ်ဟု သူမက ကြိတ်ထင်မိ၏။

"ကိုယ်ကလည်း သတိရပါတယ်ဗျာ၊ ကောက်ဖိရပြီလား



မင်းညို"

"ဟုတ်ကဲ့"

"အေး ထားခဲ့လိုက်"

ကြည့် ဒါက အတွင်းရေးမှူးဖြစ်တဲ့ သူမကို သူတို့နှစ်ယောက် နှင်ထုတ်နေခြင်း။ မကျေနပ်ပေမယ့် သူ့အမိန့်မို့ လှည့်ထွက်ခဲ့ရ၏။

ဘာကြောင့်များ နွဲ့၏ရယ်သံကြားတိုင်း သူမရင်ထဲ ပူလောင်သွားတာပါလိမ့်။

အခန်းအပြင်ဘက်ရောက်နေသော သူမမှာ

"ဟိတ်ကောင်လေး ကိုချမ်းရှိလား"

"ဟင် မကျော့"

ကျော့မော့နေအောင် ပြင်ထားသော ကျော့ကို တွေ့ရတော့ သူမ အံ့ဩဝမ်းသာသွား၏။

အံ့ဩတာက မမျှော်လင့်ပဲ ရောက်လာလို့။ အထဲမှာ နွဲ့ကရှိနေတာမဟုတ်လား။ ဝမ်းသာတာက နွဲ့ရှိနေတဲ့အချိန် ကျော့ရောက်လာ၍ ပေးတွေ့ဖို့ဖြစ်သည်။

နီးမိုး - တလ

Scanned by CamScanner

''ဟုတ်ကဲ့ ရှိပါတယ် ကျော့''

''ဒါဖြင့် ငါသွားမယ်''

''ဟို ခဏ''

''အံမယ် မင်းက ဘာတားချင်သေးလို့လဲ၊ ချာတိတ်''

သူမပခုံးတွန့်လိုက်ရင်း

''မတားပါဘူး မတားပါဘူး၊ အထဲကြွပါခင်ဗျာ''

လက်တစ်ဖက်နောက်ပစ်ကာ ကျန်လက်တစ်ဖက်က အခန်းဘက်ညွှန်ပြရင်း သူမ ခပ်ယို့ယို့ပြောလိုက်၏။

''ဟင်း''

ကျော့က သူမကို မျက်စောင်းတစ်ချက်ထိုး၍ အခန်းထဲ ဖျတ်ခနဲဝင်သွားသည်။

အဟင်း အထဲမှာတော့ ပွဲကြီးပွဲကောင်း။ နွဲ့နှင့်ကျော့ဆိုတာ သူငှေးကို ကြိုတ်မျှော်လင့်နေသူတွေလေ။ မြွေမြွေချင်း ခြေမြင်ကြမည့် အဖြစ်။ သူမ ကြိတ်ကာရယ်မောမိသည်။

သူငှေးတော့ ဘယ်လောက်ပျာယာခတ်သွားမလဲ။

ထိုအချိန်



''ကိုချမ်း''

''ဟင် ကျော့''

နွဲ့နှင့်စကားပြောနေတုန်း ကျော့ရောက်လာတာကြောင့် ဇော်ချမ်း မျက်လုံးပြူးသွား၏။

မင်းညို ဒီကောင် အပြင်မှာရှိနေလျက်နှင့် ကျော့ကို ဘာကြောင့်မတားဘဲ လွှတ်လိုက်တာလဲ။

☆ ☆ ☆

Book Sharing



Scanned by CamScanner

"သြော် ညွှံသည်ရောက်နေတာကိုး"

ကျော့က နွဲ့ကိုတွေ့တော့ ခပ်စူးစူးကြည့်လျက် ပြောလိုက်ခြင်း။ နွဲ့ကလည်း ကျော့ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ကာ

"တို့က ကိုဇော်ညွှံသည် မဟုတ်ပါဘူး၊ ယူကသာ ညွှံသည်ထင်တယ်"

"ဘာ"

အမျိုးသမီးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စူးစိုက် ကြည့်၏။

"ဟို ဟို နေကြပါဦး နွဲ့နဲ့ကျော့"

သူလက်ကာထားသည်။ နွဲ့နှင့်ကျော့က သူ့ကို ဖြိုင်တူ ကြည့်ကာ

"ဒီမှာ ကိုဇော်"





"ဒီမှာ ကိုချမ်း"

"ဗျာ"

"ဗျာ"

"ဟင်း ဘယ်သူက ကိုယ်တော့်ရဲ့ညွှံသည်လဲဆိုတာ ပြောလိုက်စမ်းပါ"

"ဟုတ်တယ် ကိုဇော်၊ ဘယ်သူက ကိုဇော်နဲ့ ရင်းနှီးတဲ့ သူဆိုတာ ပြောပြလိုက်စမ်းပါ"

တစ်ယောက်က ခေါင်းမော့။ တစ်ယောက်က လက်ပိုက်လျက် အမျိုးသမီးနှစ်ယောက် အပြိုင်တောင်းဆိုနေသမျှ ခေါင်းထဲ ရှုပ်ထွေးသွားရတာက သူ။

ဒါ ဒါ ဟိုကောင် မင်းညို အသုံးမကျလို့။ ယခုလည်း မင်းညိုက သူတို့နားမှာ ပျောက်နေသည်။

အမျိုးသမီးနှစ်ယောက်နှင့် သူတစ်ယောက်တည်း။

"ပြောလိုက်လေ ကိုဇော်"

"အမြန်ဝန်ခံလိုက်စမ်းပါ ကိုချမ်းရယ်"

နွဲ့နှင့်ကျော့ကိုကြည့်၍ သူစိတ်ရှုပ်စွာ ခေါင်းခါယမ်းလိုက်

သည်။

''ဒါ ဒါက ဒီလိုလေ၊ ဇွဲ့နဲ့ကျော့''

''အို ဘယ်လိုဆိုတာ အမြန်ပြောပါ ကိုဇော်''

''ဟုတ်တယ် ကျော့လည်း သိချင်တယ်ကိုချမ်း''

ပြတ်သားမှုမရှိသော သူ့ကို ဇွဲ့နှင့်ကျော့က မျက်စောင်းကိုယ်စီဖြင့် စိတ်မရှည်ဟန်ပြ၏။

သူတစ်ချက်ရယ်လိုက်ကာ

''အဟွန်း တကယ်တော့ ဇွဲ့နဲ့ကျော့က ကျွန်တော်ရဲ့ မိတ် ဆွေတွေပါ''

''ဘာ''

''ဟင်''

''ဟုတ်ပါတယ် ခင်ဗျားတို့နှစ်ယောက်လုံး၊ ကျွန်တော့်အတွက် မိတ်ဆွေတွေပါခင်ဗျာ''

''ဩော် ရှင့်အတွက် ဇွဲ့က ဘာမှမဟုတ်ဘူးပေါ့လေ''

''ကျော့ကတော့ ရှင့်အကြိုက်ဟင်းတွေ ဟိုတယ်ကအဲလေ အိမ်က အမျိုးမျိုးချက်လာလိုက်ရတာ''





ယခုတော့ အမျိုးသမီးနှစ်ယောက်က သူ့ကို ခပ်စိမ်းစိမ်းတွေကြည့်လျက် ဖြိုင်တူ အပြစ်တင်၏။

ထိုအချိန် ဝင်လာတာက မင်းညို။

''သူဌေးနဲ့တွေ့ဖို့ နောက်ထပ် အမျိုးသမီးညွှသည်ရောက် နေပါတယ် ခင်ဗျာ''

ထိုစကားကြောင့် သူက မျက်မှောင်ကြီးတွန့်သွားလျက်

''ဟော ဘယ်သူလဲကွ မင်းညို''

''လူရှုပ်''

''လူညာ''

ဇွဲ့နှင့်ကျော့သည် သူ့ကို တစ်ယောက်စီသြဘာပေးလျက် ခြေသံပြင်းပြင်းနှင့် အခန်းထဲမှ ထွက်သွားကြလေ၏။

ထိုနှစ်ယောက်ထွက်သွားတာကို ပြုံးစိစိဖြင့် လိုက်ကြည့်တာက မင်းညို။

''ဟိတ်ကောင် မင်းညို''

''ဗျာ သူဌေး''

''နောက်ထပ် ဧည့်သည်ဆိုတာ ဘယ်သူလဲကွ ဟင်''

ချွေးပြန်နေသော သူ့မျက်နှာကိုကြည့်ပြီး သူမ ကြိတ်ပြုံး၍ ခေါင်းခါယမ်းလိုက်၏။

"မရှိပါဘူး သူဌေး"

"ဘာ"

"ကျွန်တော် ဟိုအမျိုးသမီးတွေ ပြန်သွားအောင် တမင်ပြောတာပါ"

"ဩော် တော်တော်ကောင်းတဲ့အကြံ၊ အခု နှံ့နှံ့ကျော့ငါ့ကို ဘယ်လိုမှတ်သွားပြီလဲကွ၊ ဟင်"

အလကားနေရင်း စွပ်စွဲခံရတာကြောင့် ယခုမှ သူ ဒေါသဖြစ်ဖို့ သတိရလာ၏။

သူမမျက်လွှာလေးချကာ

"ဒါကတော့"

"မင်း နှံ့ရှိလျက်နဲ့ ဘာကြောင့် ကျော့ကို မထားရတာလဲ"

"ကျွန်တော်ပြောပါတယ် ကျော့က အထဲဇွတ်ဝင်သွားလို့"



"တောက် အလကားနေ အကုန်ရှုပ်ကုန်ပြီ"

သို့သော် တကယ်တမ်းဖွဲ့ကနင့်ကျော့ ဒီလိုတိုက်တိုက်ဆိုင်ဆိုင် တွေ့သွားခြင်းလည်း တစ်မျိုးကောင်းတယ်ဟု သူ့ရင်ထဲ ကြိတ်မှတ်ချက်ချလိုက်၏။

"ဟိတ်ကောင်"

"ဗျာ"

ယခုမှ မျက်နှာငယ်လေးနှင့်ရပ်နေသော မင်းညိုကို သူမျက်နှာတည်တည်ဖြင့် ခေါ်လိုက်ပြီး

"သွား ထမင်းပွဲပြင်ချည်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဒါမျိုးကြတော့ သူမက လျင်မြန်စွာဖြင့် ခပ်သွက်သွက်လုပ်သည်။ ထမင်းပွဲပြင်ပြီး သူ့ကို သွားခေါ်၏။

"သူဌေး ထမင်းပွဲအသင့်ပါ"

"အေး လာပြီ"

သူထမင်းစားပွဲတွင် ဝင်ထိုင်၏။ သူမ မတ်တပ်ရပ်နေတော့ သူက

Scanned by CamScanner

"မင်း မစားသေးဘူးလား"

"ဟို သူဌေးစားပြီးမှ စားပါ့မယ်"

"အင်း"

သူ ဘာမှဆက်မပြောဘဲ ထမင်းစားသည်။ သူမက လုပ်စရာရှိတာတွေ လုပ်နေလိုက်၏။

မကြာခဏ သူ့ထမင်းစားရတာ အဆင်ပြေရဲ့လားဟု ကြည့် မိရသည်။

"မင်းက ဟင်းချက်ကောင်းသားပဲကွ၊ လက်ရာမဆိုးဘူး"

ထမင်းပွဲသိမ်းတော့ သူပြောသည်။ သူမ မျက်လုံးတွေ လက်ခနဲဖြစ်လျက်

"ကျေးဇူးပါပဲ သူဌေး"

နေရာမှ သူထွက်သွား၏။ သူမက ထမင်းချိုင့်ယူပြီး သူဇာဆီ ထွက်ခဲ့သည်။

"သူဇာ"

"ဟင် မင်းညို"





"ထမင်းမစားရသေးဘူးမို့လား သူဇာ"

"အင်း၊ ရှင်ကော မင်းညို"

သူမ ခေါင်းခါရမ်းရင်း ထမင်းချိုင့်ဖွင့်သည်။

"ရှင်နဲ့အတူစားရအောင် တို့လာခဲ့တာ သူဇာ၊ ဒီမှာ တို့ ကိုယ်တိုင်ချက်တဲ့ဟင်းတွေ စား"

"အို ဟင်းတွေက အစုံပဲ မင်းညို"

သူဌေးဦးဇော်ချမ်းစားဖို့အတွက်မို့ ဟင်းကို စုံလင်အောင် ချက်ရသည်။

"သူဌေးရဲ့ ထမင်းချိုင့်ပဲ သူဇာ၊ ဒီလောက်ရှိမှာပေါ့"

"အဟီး ဟုတ်တယ်နော် မင်းညို၊ တို့က ဆင်ဖြူတော်မှီပြီး ကြံစုပ်တာပေါ့"

နှစ်ယောက်သား ရယ်မောကာ ထမင်းစားကြ၏။ သူမက သူဇာပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးသည်။

ထိုစဉ်။

"မင်းညို ငါ အပြင်သွားဦးမယ်"

"ဗျာ ဟုတ်ကဲ့"

Scanned by CamScanner

သူဌေးရောက်လာတာကြောင့် သူမ နေရာကထလိုက်သည်။

"မင်း ထမင်းစားနေတာမဟုတ်လား၊ နေခဲ့"

"ဟုတ်ကဲ့"

သူတစ်ယောက်တည်း ကားဖြင့်ထွက်သွားသည်။ အမှန်တော့ သူမလိုက်လာရမှာ။

"သူဌေးက ရှင့်ကိုညာသွားပဲ မင်းညို"

"ဟုတ်တယ်၊ တစ်ခါတစ်ခါတော့လည်း သိပ်အော်တာပဲသူဇာ"

"ဘာလဲ ရှင်စိတ်ဆိုးလို့လား မင်းညို"

သူဇာက ပြုံးစိစိမေး၏။ သူမ ခေါင်းခါယမ်းလိုက်ကာ

"ဟင့်အင်း စိတ်မကောင်းဖြစ်မိတာ တစ်ခုပါပဲ"

သည်တော့လည်း သူဇာ သက်ပြင်းလေးချလျက် သူမကို စိတ်မကောင်းသလို ကြည့်လေ၏။

✡ ✡ ✡



"ငါတို့ခရီးထွက်ရမယ် မင်းညို၊ အဝတ်အစားတွေ အဆင် သင့်လုပ်ထား"

"ဗျာ...ဟုတ်ကဲ့"

နယ်မှလုပ်ငန်းတစ်ချို့ကို သွားကြည့်ရမည်မို့ သူခရီးထွက်ရန်လိုက်လာ၏။

သူသွားတော့ အတွင်းရေးမှူးဖြစ်တဲ့သူမလည်း လိုက်ရပြီ။

"ကားနဲ့ပဲသွားကြမယ် မင်းညို၊ ဒါမှ ခရီးကအဆင်ပြေမယ်"

"ဟုတ်ကဲ့၊ ခရီးထွက်ဖို့ ကျွန်မတော်အားလုံး ပြင်ပြီးပါပြီ"

သူ့အဝတ်အစားနှင့် တခြားလိုအပ်တာတွေကို တစ်သေတ္တာ သပ်သပ်ထည့်၏။ သူမ အဝတ်အစားတွေက တစ်အိတ်။



Book Sharing

Scanned by CamScanner

လမ်းမှာစားဖို့သောက်ဖို့ ထမင်းချိုင့်၊ ရေဗူး၊ ကော်ဖီ၊ အသီး အနှံ စသည်တို့ကို ခြင်းကြီးဖြင့် သယ်တော့

"ဟာ…ဒါတွေက ဘာလဲ မင်းညို"

သူ မျက်မှောင်တွန့်လျက် မေးသည်။

"လမ်းမှာစားဖို့ပါ သူဌေး"

"ကျွတ်…မင်းကွာ မိန်းကလေးကျနေတာပဲ၊ လမ်းမှာ ဝယ်စားသွားရင် ရတာပဲကွ"

သဘောမကျဟန်ဖြင့် သူပြောတော့ သူမ ဖျတ်ခနဲခေါင်းငုံ့သွား၏။

"မိန်းကလေးကျနေတာပဲတဲ့"

တကယ်လည်း သူမက မိန်းမသားမို့ အစစအရာရာ အသေးစိတ်မှအစ စီစဉ်မိတာ။

"ကျွန်တော်ထားခဲ့ပါ့မယ်"

စိတ်မကောင်းဟန်ဖြင့် သူမက ခြင်းတောင်းပြန်ချဖို့ပြင်သည်။

"နေတော့ အားလုံးပြင်ဆင်ပြီးမှပဲ၊ ကဲ သွားမယ်"





သူကားပေါ်တက်သည်။ ပစ္စည်းတွေ မထားခဲ့ရ၍ သူမ စိတ်ချမ်းသာသွား၏။ တကယ်တော့ လမ်းက ကြုံရာတွေကို သူမ ဝယ်မစားချင်၍ပါ။

အဝေးပြေးလမ်းမကြီးပေါ်တွင် ကားက တစ်ရိပ်ရိပ်။ ဒါ ပထမဆုံးအကြိမ် သူနှင့်အတူ သူမခရီးထွက်ဖူးခြင်းဖြစ်သည်။

"မင်း နယ်တွေရောက်ဖူးလား မင်းညို"

"ဟျာ…ဟင့်အင်း"

တိတ်ဆိတ်နေရာမှ သူမေးသံ ပေါ်လာခြင်း။ ပင်ကိုဘဝဖြင့် ရန်ကုန်မြို့ပေါ်တွင်သာ လည်ပတ်ခြင်းဖြင့် အချိန်ကုန်ခဲ့သည်။

ပုဂံညောင်ဦး၊ မန္တလေး၊ တောင်ကြီးမြို့များလောက်သာ ရောက်ဖူးပြီး သာမန်နယ်မြို့လေးတွေကို သူမ အရောက်နည်း၏။

"အင်း…ထင်သားပဲ၊ မင်းပုံစံ ဖြူဖြူနုနုနဲ့ ရန်ကုန်မှာပဲ အချိန်ကုန်မယ့်ပုံဆိုတာ"

သူက လူကဲခတ်ကောင်းသားပဲဟု သူမတွေးလိုက်သည်။

"ဒါကတော့ ကျွန်တော့်လိုလူအတွက် နယ်ဆင်းစရာမှ သိပ်အကြောင်းမရှိဘဲ သူဌေး"



Scanned by CamScanner

"အေး…ဒါဆို မင်း မကြာခဏ ငါနဲ့အတူ ဒီလိုနယ်တွေဆင်းရမယ် မင်းညို၊ နောက်ဆို ငါမပါပဲ မင်းသွားလာတတ်ဖို့လိုတယ်"

သည်ခရီးမှာ သူမကိုခေါ်လာတဲ့ သူ၏ရည်ရွယ်ချက်ကို သိလိုက်ပြီ။ နောင်ဆို သူ့ကိုယ်စား နယ်တွေဆင်းဖို့။

အင်းလေ အဲဒီအချိန်ကြလျှင် သူမက သူ့ဆီမှာလည်း အလုပ်လုပ်ဦးမှာပဲ"

"ရှိုင်း"

"ဟာ…ကားဘီးပေါက်သွားပြီ"

မမျှော်လင့်ဘဲ ကားဘီးပေါက်သွားတာကြောင့် ရောက်တဲ့နေရာတွင် သူကားရပ်လိုက်၏။

အဝေးပြေးလမ်းမကြီးမို့ သူမတို့ကားပေါက်သောနေရာက လူပြတ်လှသည်။

"ကားဘီးအပိုပါတယ်မဟုတ်လား မင်းညို"

"ဟုတ်ကဲ့၊ ပါပါတယ်သူဌေး"

"မင်းလဲတတ်လား"





"ဗျာ…ဟင့်အင်း"

သူ မျက်မှောင်တွန့်သွား၏။ နောက်မှ သူ့အပေါ်အင်္ကျီချွတ်ကာ

"ကဲ ကဲ ငါလဲမယ်၊ မင်းကူစမ်း"

"ဟုတ်…ဟုတ်ကဲ့"

ကားဘီးကို သူကိုယ်တိုင်လဲသည်။ အမှန်တော့ ဒီနေရာ သူမလုပ်ရမှာ။ သို့သော် ပဂ္ဂိုဘဝဖြင့် ကားသာမောင်းတတ်ပြီး ကား မပြင်တတ်ခဲ့ပါ။

မကြာခင် ကားဘီးလဲခြင်းကိစ္စ ပြီးသွားသည်။ နာရီကြည့်လိုက်တော့ နေ့လယ်ကျော်နေပြီ။

"ဟူး…ဗိုက်ဆာလိုက်တာ၊ ဒီနားမှာ ဘာဆိုင်မှမရှိပါလား"

သူမထက်စာလျှင် ကိုယ်ကာယကြီးမားသော သူ့အတွက် အစာကြေလွယ်၏။

"သူဌေး ဆာနေရင် ကျွန်တော်ယူလာတဲ့ ထမင်းချိုင့်ရှိပါတယ်"

"ဟော ဟုတ်သားပဲ၊ မင်း မင်းက ကားဘီးလဲဖို့ အားမကိုး ရပေမယ့် ဒီနေရာတော့ အားကိုးရတာပဲ၊ ကဲ ကဲ စားမယ်၊ ငါ လက်ဆေးလိုက်ဦးမယ်"

ကားဘီးလဲထားတာကြောင့် ပေနေသောလက်များကို သူဆေးနေစဉ် သူမက သစ်ပင်ရိပ်အောက်တွင် ပလတ်စတစ်ခင်း၍ ထမင်းပွဲပြင်သည်။

"အမယ်...မယ် မင်းက အခင်းတွေဘာတွေနဲ့၊ အပွန်း ပစ်ကနစ်ထွက်လာသလိုပါပဲလားကွ"

သူအနားရောက်လာပြီး ပြောသည်။ သူမ တစ်ချက်လှမ်းခဲ့ ပြုံးရင်း

"အသင့်စားလို့ရပါပြီသူဌေး"

"မင်းလည်းအတူစားလေ၊ ဗိုက်ဆာနေပြီမဟုတ်လားကွ"

"ဟုတ်ကဲ့"

နှစ်ယောက်သား ထမင်းစားလိုက်ကြသည်။ သူဆာ နေတာမို့ လားမသိ ထမင်းနှစ်ပန်းကန်ကုန်သွား၏။

သူမက ထမင်းအရင်စားပြီးသွားတာနှင့် သူ့အတွက်





ယန်းသီး စိတ်ပေးထားသည်။

"မင်း ဒါတွေ ဘယ်တုန်းကပြင်ထားတာလဲ မင်းညို"

"သူဌေး ခရီးထွက်မယ်ဆိုကထဲကပါ"

"အင်း မင်းက ခရီးမထွက်ဖူးဘူးဆိုပေမယ့်၊ အစီအစဉ် တော့ တယ်ဟန်ကျပါလား၊ ဒီထမင်းချိုင့်သာမပါရင်၊ ခုနေ ဘယ်သွားစားရမှန်း မသိဖြစ်မယ်ကွ"

ယန်းသီစိတ်ကိုယူစားရင်း သူချီးကျူးသလိုပြောသည်။ သူမ စီစဉ်တာ အလကားမဖြစ်၍ ကျေနပ်မိ၏။

ထမင်းစားပြီး သူတို့ခရီးဆက်ကြသည်။

"ကျွန်တော်မောင်းရမလား သူဌေး"

သူပင်ပန်းနေတာသိ၍ သူမ မေးလိုက်၏။

"အေး တစ်လှည့်မောင်းကွာ၊ ငါတော့ ထမင်းစားပြီး နည်းနည်းမှေးလိုက်ဦးမယ်"

"သူဌေး အေးအေးဆေးဆေးသာ လိုက်ခဲ့ပါ"

သူမကားကို ကျွမ်းကျင်စွာမောင်းခဲ့သည်။ သူ့မျက်ဝန်း တွေ မှိတ်လိုက်လာ၏။ မကြာခင် သူမှေးခနဲ အိပ်ပျော်သွားခိုက်

“ကျွီ”

“ဟင် ဘာဖြစ်တာလဲ”

ကားဘရိတ်အုပ်ကာ ရပ်လိုက်တာကြောင့် သူမျက်လုံးဖွင့်ကြည့်၍မေးလိုက်သည်။

“ဓာတ်ဆီကုန်သွားပြီ သူဌေး”

“ဟော့ ဓာတ်ဆီအပိုပါတယ်မဟုတ်လား”

“ဗျာ ဟို ကျွန်တော်မေ့ခဲ့တယ် သူဌေး”

“ဘာ ဒုက္ခပဲကွ”

မျက်မှောင်ကြီးတွန့်လျက် သူကားပေါ်မှဆင်းသည်။ သူမပါလိုက်ဆင်း၏။ ဓာတ်ဆီပါမလာတာ သူမအပြစ်။ ကားထဲမှာ ဓာတ်ဆီအပြည့်ပါလာတယ်ဟုထင်၍ မစစ်မိခြင်းဖြစ်၏။

“ဘယ်လိုလုပ်ကြမလဲ သူဌေး”

“ဘာ အဲဒါ မင်းကို ငါကမေးရမှာ၊ ကားထဲမှာ ဓာတ်ဆီရှိ မရှိ မင်းစစ်ရမှာကွ မင်းညို”

သူဆူတော့ သူမ မျက်နှာလေးငယ်သွား၏။ ခေါင်းငုံ့သွားသော သူမကိုကြည့်ပြီး သူသက်ပြင်းချသည်။





“ကားတစ်စီးလောက်တားပြီး ဓာတ်ဆီတစ်ဂါလံလောက်ရအောင်တောင်းစမ်း မင်းညို၊ ဒါဆို အနီးအနားကမြို့လေးလောက်မောင်းလို့ရမယ်၊ အဲ့ဒီကြမှ ဓာတ်ဆီဝယ်ထည့်တာပေါ့”

“ဗျာ ဟုတ်ကဲ့၊ သူဌေး”

ပတ်ဝန်းကျင်က အမှောင်ရိပ်သမ်းနေပြီ။ အဝေးပြေးလမ်းမပေါ်မှာ ယခုကြမှ သွားတဲ့လာတဲ့ကားတွေ ရှားနေလိုက်တာ။ ညက ပိုမိုးချုပ်လာ၏။

✡ ✡ ✡



Scanned by CamScanner

ကံကောင်းထောက်မစွာ ကားတစ်စီး၏ ကူညီပေးခဲ့မှုကြောင့် ရသောဓာတ်ဆီအနည်းဖြင့် အနီးဆုံးမြို့လေးသို့ သူမတို့ ထွက်ခဲ့ကြသည်။

မီးရောင်မှိတ်တုတ် မှိတ်တုတ်ရှိသော မြို့လေးသို့ သူမတို့ ရောက်ချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပြီ။

"ဒီမှာ တည်းခိုခန်းတစ်ခုခုတော့ ရှိမှာပဲ မင်းညို၊ ဒီည တော့ နားရမှာပဲကွ၊ တည်းခိုခန်းရှာစမ်း"

"ကျွန်တော် မေးလိုက်ပါ့မယ်"

နယ်မြို့လေးတွေဆိုတာ ညအိပ်ရာဝင်တာစောကြသည်။ ဆယ်နာရီ ဆယ့်တစ်နာရီမှာ လမ်းပေါ်တွင် လူသူကင်းရှင်းနေ၏။

ထိုအချိန် ဆိုက်ကားတစ်စီးတွေ့တာကြောင့် သူမ ဝမ်းသာသွား၏။





"ဒီမှာ ဆိုက်ကားဆရာ၊ ခင်ဗျားတို့မြို့မှာ တည်းခိုခန်း ရှိလားဗျ"

"တစ်ခုပဲရှိတယ်၊ သိပ်အကြီးကြီးတော့ မဟုတ်ဘူး၊ ကျွန်တော်တို့မြို့က ချည့်သည်ရှားတော့ ခပ်သေးသေးပဲဗျ၊ ရှေ့နား ကလမ်းအတိုင်းသွားပြီး ညာဘက်ခြမ်းမှာပဲ"

"ကျေးဇူးပဲဗျာ"

သူတို့ဆိုက်ကားဆရာညွှန်သည့်အတိုင်း ထွက်ခဲ့ကြ၏။ မကြာခင် ဆိုက်ကားဆရာညွှန်သော မီးရောင်မှိန်မှိန်နှင့် နှစ်ထပ်အိမ် တစ်လုံးကို တည်းခိုခန်းပြုလုပ်ထားတာတွေ့ရ၏။

"ဒီအိမ်ပဲ သူဌေး တည်းမှာလားခင်ဗျာ"

"တည်းမှဖြစ်မှာပေါ့ကွ၊ ဓာတ်ဆီလည်းမရှိဘူး၊ ဗိုက်လည်း ဆာပြီ၊ မင်းကော မဆာဘူးလား"

သူမေးမှ ဗိုက်ဆာမှန်းသတိရ၏။

"ကျွန်တော်ကရပါတယ်၊ သူဌေး"

"အမယ် ဗိုက်ပါတာချင်းအတူ ရပါတယ်လုပ်နေသေးတယ်၊ ကဲ လာကွာ"



Book Sharing

Scanned by CamScanner

ပိတ်ထားသော တည်းခိုခန်းကို သူတို့နိုးလိုက်သည်။ လူတစ်ယောက်ထွက်လာပြီး

"ဧည့်သည်တွေလား"

"ဟုတ်တယ်ဗျ၊ ဒီည မိုးချုပ်သွားလို့ ကျွန်တော်တို့ အခန်းလိုချင်တယ်"

"ဘယ်နှစ်ယောက်လဲ"

အိပ်ချင်မပြေသေးဟန်နှင့် တည်းခိုခန်းပိုင်ရှင်ကမေးသည်။

"နှစ်ယောက်"

သူဖြေပြီးချိန်မှာ သူမက

"ဟို တစ်ယောက်ခန်းနှစ်ခန်းပေးပါ"

"ဟာ အရေးထဲဒီကောင်"

မျက်မှောင်ကြုတ်လျက် သူမကို သူ ဖျတ်ခနဲကြည့်သည်။

"တစ်ယောက်ခန်းတွေတော့ မရှိဘူး၊ ဒီနေ့ ဧည့်သည်များလို့ အခန်းကုန်ပြီ၊ နှစ်ယောက်ခန်းတစ်ခန်းပဲရှိတယ်"

ခြံဝင်းထဲမှာ ကားသုံးလေးစီးတွေ့ရ၏။ သူတို့လို လမ်းမှာ မိုးချုပ်၍ ဝင်တည်းသူတွေပင်ဖြစ်မည်။





"ဟာ ရတယ် ရတယ်၊ ကျွန်တော်တို့ အဲ့ဒီနှစ်ယောက်ခန်းပဲယူမယ်"

"ဒါဆို လာ"

ဆက်ဆံရေးမပြေပြစ်သော တည်းခိုခန်းရှင်နှင့် လာတွေ့နေရသည်။

နှစ်ယောက်ခန်းပဲရှိတယ်ဆိုတာကြောင့် သူမ ဘာလုပ်ရမှန်းမသိဖြစ်သွား၏။

"ဟိတ်ကောင် မင်းညို လာလေ"

အထဲလိုက်မလာသော သူမကို သူ စိတ်မရှည်ဟန်ဖြင့် လှည့်ခေါ်သည်။

သူမ နောက်မှ ခပ်သွက်သွက်လိုက်သွားရ၏။

"ဒီအခန်းပဲဗျာ၊ ဒါ့ ခင်ဗျားတို့ ကံကောင်းတာ၊ နောက်ထပ် ဘယ်ဧည့်သည်မှ လက်မခံတော့ဘူး၊ အခန်းပြည့်သွားပြီ"

"ကျေးဇူးပဲဗျာ"

သာမန်တည်းခိုခန်းမို့ ဘာမှသားသားနားနားမရှိသည့်တိုင် ပိုင်ရှင်ကတော့ အသံမာမာဖြစ်၏။



Scanned by CamScanner

သူကတော့ ဒီညတည်းနိုင်ဖို့သာ အရေးကြီးမို့ ပိုင်ရှင်ကို ကျေးဇူးတင်ကြောင်း ပြောနိုင်သေးသည်။

သူမမှာသာ အသံတိတ်နေရ၏။

"ဒါနဲ့ စားစရာတစ်ခုခုများ ရမလားဗျ"

"စားဖိုမှူးတော့ပြန်သွားပြီ ခင်ဗျားတို့ ဘာစားမလဲ"

"တစ်ခုခုရရာပေါ့ဗျာ"

"ကောင်းပြီလေ၊ ကျုပ်ခဏနေ လာပို့ပေးမယ်"

ပိုင်ရှင်ထွက်သွား၏။ နှစ်ယောက်အိပ်ခုတင်တစ်လုံးနှင့် စားပွဲသေးသေးသာရှိသော အခန်းထဲတွင် သူနှင့်သူမတို့ကျန်ခဲ့သည်။

"ကဲ မင်းညို စားစရာတွေမလာခင် ငါရေချိုးလိုက်ဦးမယ်၊ ပြီးမှ မင်းချိုးပေါ့"

"ဟုတ် ဟုတ်ကဲ့"

ခရီးကပန်းလာတာကြောင့် လန်းသွားအောင် ရေချိုးရန် လိုသည်ကအမှန်။

သို့သော်

"အို"





သူက ပေါ်အင်္ကျီများကို သူမရှေ့ချွတ်လိုက်သည်။ ကျယ်ပြန့်သော ရင်အုပ်ကြီးကို တွေ့လိုက်ရတော့ သူမမျက်ဝန်းများ ဖျတ်ခနဲ မှိတ်ချပစ်သည်။

"အဝတ်အစားထုတ်ထားလိုက် မင်းညို"

"ဗျာ ဟုတ်ကဲ့"

သူမမျက်စိပြန်ဖွင့်ချိန်မှာ ရှေ့တွင် သူမရှိတော့။ ရေချိုးခန်းဘက်ဝင်သွားပြီ။ သူမ သက်ပြင်းချကာ ခရီးဆောင်အိတ်ထဲမှ သူ့အတွက် အဝတ်အစားထုတ်ထားလိုက်၏။

မကြာခင် သူပြန်ရောက်လာသည်။

"ကဲ မင်းချိုးတော့"

"ဗျာ ဟုတ်ကဲ့"

သူ့ရှေ့မှ သူမ ဖျတ်ခနဲထွက်ခဲ့၏။

"ဟိတ်ကောင် အဝတ်အစားတွေ ဒီမှာချွတ်ခဲ့လေ"-

နောက်မှ သူ၏အော်သံကို သူမ မကြားချင်ယောင်ဆောင်နေလိုက်သည်။

ရေချိုးခန်းထဲရောက်မှ တံခါးပိတ်ကာ အဝတ်အစားများ

Scanned by CamScanner

ချွတ်ရ၏။ ရင်ထဲ တထိတ်ထိတ်။

ရေချိုးပြီးတော့လည်း အဝတ်အစားများ တစ်ခါတည်း ပြီးစီးအောင် ဝတ်လိုက်သည်။

သူမ ပြန်ထွက်လာတော့

''ကြာလိုက်တာကွာ၊ မိန်းကလေးကျနေတာပဲ၊ မင်းတော့ ခက်တယ် မင်းညို''

ထိုစဉ်

''ဒေါက် ဒေါက်''

''ဟော စားစရာတွေလာပို့တာ ထင်တယ်''

သူမ တံခါးဖွင့်ပေးလိုက်၏။ ပူနွေးသော ထမင်းကြော် နှစ်ပွဲနှင့် ကြက်ဥကြော်တို့ဖြစ်သည်။

''ကျုပ်ကိုယ်တိုင်ကြော်ခဲ့တာ၊ ခင်ဗျားတို့ဆာနေရောပေါ့''

အချိန်နှောက်ကျမှရောက်လာသော သူမတို့အတွက် စာနာ သည့်ပိုင်ရှင်ပဲ။

စောစောက ဆက်ဆံရေးမှာဆတ်ဆတ်မို့ လူခွစာကြီးဟု ထင်ထားပေမယ့် တကယ်တမ်း အတွင်းသဘောမဆိုးပါလားဟု



သူမတွေးလိုက်၏။

''အေးဗျာ ညဥ့်နက်ကြမှ ခင်ဗျားကို ဒုက္ခပေးသလို ဖြစ်သွားပြီ''

ဦးဇော်ချမ်းက အားနာဟန်နှင့်ပြောသည်။ ပိုင်ရှင်က ခေါင်း ခါယမ်းကာ

''ခင်ဗျားတို့က ကျုပ်ဧည့်သည်တွေပဲ၊ ဧည့်သည်တွေ အတွက် ဝန်ဆောင်ဖို့က ကျုပ်တာဝန်ပါ၊ ကဲ ခင်ဗျားတို့ အေးအေး ဆေးဆေးနားကြဗျာ''

''ကျေးဇူးပဲဗျာ''

တံခါးပိတ်လိုက်သည်။

''ကဲ စားစို့ကွာ၊ မင်းညို''

''ဟုတ်ကဲ့''

ဗိုက်ဆာနေတာမို့ ထမင်းကြော်ပူပူလေးက သူတို့အတွက် အရသာရှိနေ၏။

''ကျွန်တော် ဒီထမင်းတွေမကုန်ဘူး သူငွေး''

ကြက်သား၊ ဝက်အူချောင်း အသီးအရွက်တို့ဖြင့် ကြော်

ထားသော ထမင်းကြော်များက ပန်းကန်ကြီးနှင့်အပြည့်။

နယ်ကလူတွေ စေတနာကောင်းတာ ယခုမျက်မြင်ပင်။

"ဒီလောက် ထမင်းလေးကို မင်း မကုန်ဘူးလား မင်းညို"

"ဟုတ်ကဲ့ ဟို၊ သူဌေးယူပါလား"

သူကတော့ ယောကျ်ားကြီးတစ်ယောက်မို့ အစားလည်း စားနိုင်၏။ ထို့ကြောင့် မစားခင် သူမပြောလိုက်ခြင်းပါ။

"မင်း တကယ်မကုန်တာလား"

"တကယ်ပါ သူဌေး၊ ကျွန်တော် အရင်တုန်းကပဲ စားနိုင်တယ်"

"ကဲ ထည့်ကွာ"

သူမက သူ့ပန်းကန်ထဲ ထမင်းကြော်တစ်ဝက်မက ထည့်ပေးလိုက်၏။

"ဟာ များတယ်ကွ၊ မင်းစားတာ အရမ်းနည်းလွန်းတယ် မင်းညို၊ ယောကျ်ားဆိုတာ ထမင်းများများစားရတယ်၊ ဒါကြောင့် မင်းပိန်နေတာကွ"





သူက သူမကိုကြည့်၍ အားမရဟန်ဖြင့်ပြောသည်။ သူမ ခေါင်းခါယမ်းကာ

"ကျွန်တော် အကျင့်ဖြစ်နေလို့ပါ သူဌေး"

"အေးလေ"

သူ ဘာမှဆက်မပြောတော့။ ထမင်းစားလိုက်ကြသည်။

"လက်ရာက မဆိုးဘူးကွ၊ ကောင်းတယ်"

"ဟုတ်တယ် သူဌေး၊ အရသာ အတော်ရှိတယ်"

"အင်း ဒီပိုင်ရှင်က စားဖိုမှူးကိစ္စလည်း ကျွမ်းကျင်ပုံပဲ မင်းညို"

နှစ်ယောက်သား စားရင်းဝေဖန်ကြသည်။ စားသောက်ပြီးနောက် ပန်းကန်များကို ရေချိုးခန်းသို့ပို့လိုက်၏။

"ကဲ ဒီညတော့ တို့နှစ်ယောက် အတူအိပ်တာပေါ့ကွာ"

ပြောရင်း သူက ခုတင်ပေါ်တက်၏။ သူမနေရာမှာ ရပ်နေသည်။

"ဟိတ်ကောင် လာလေကွာ၊ ညဥ့်နက်နေပြီကွ"

"ဟို သူဌေး အိပ်ပါ၊ ကျွန်တော် ကားထဲသွားအိပ်လိုက်



Scanned by CamScanner

မယ်"

"ဘာ ကားထဲဟုတ်လား၊ အပြင်ဘက်မှာ ဒီလောက် အေးနေတာ၊ မင်းပုံစံနဲ့ သေသွားမယ်ကွ၊ ကဲ စကားမများနဲ့လာအိပ်"

အသံခပ်မာမာဖြင့် သူပြောပြီး တစ်ဖက်လှည့်၍ မျက်ဝန်းများမှိတ်လိုက်၏။

မကြာခင် သူနှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ သည်တော့မှ သူမ တစ်ဖက်အစွန်းတွင်ဝင်၍ အသာလှဲလိုက်၏။

တစ်နေ့လုံး ခရီးပန်းလာခြင်း။ ဗိုက်ပြည့်သွားခြင်းတို့ကြောင့် သူမလည်း ခဏအတွင်းမှာ အိပ်ပျော်သွားရသည်။

"ရှပ် ရှပ်"

ခြေသံကြောင့် သူမ အိပ်နေရာနိုးသွားသည်။ ကြည့်လိုက်တော့ မီးတွေပျက်ကာ တစ်ခန်းလုံး မှောင်လို့

"ရှပ် ရှပ်"

သူမတို့အခန်းနားသို့ ခြေသံက နီးလာသည်။

သူခိုး။ သူခိုးများလား။ အမှောင်ထဲမှာ သူမကြောက်စိတ်များဖြင့်





"သူဌေး သူဌေး"

အိပ်ပျော်နေသော သူ့ကို အမှောင်ထဲမှာ လှုပ်နှိုးမိ၏။

"သူဌေး"

"ဟင် "

သူလည်း အိပ်ယာမှဆက်ခနဲထသည်။

"မီးတွေပျက်နေပါလား"

"ဟုတ်တယ် သူဌေး၊ ဟော ခြေ ခြေသံ"

"ရှပ် ရှပ်"

"ဟုတ်တယ်၊ ဒါ လူတစ်ယောက်ရဲ့ခြေသံပဲ မင်းညို"

အမှောင်ထဲမှာ သူတို့ စကားတိုးတိတ်စွာပြောနေစဉ်

"ကျွီ"

"ဝုန်း"

"အား အမယ်လေး သရဲ သရဲ"

"ဟာ ဟိတ်ကောင် မင်းညို"

ပွင့်နေသော ပြတင်းပေါက်မှ အနက်ရောင်အရာဝတ္ထုကြီး တစ်ခု အခန်းထဲသို့ 'ဝုန်း'ခနဲ ဖြုတ်ကျလာချိန်



Book Sharing

Scanned by CamScanner

မိန်းမသားဖြစ်တဲ့ သူမအဖို့ ဘာမှမစဉ်းစားနေအားပဲ ရင်ထဲက ကြောက်လန့်စိတ်များဖြင့် အနီးရှိ သူ့ကို တအားဖက်ထားလိုက်မိတော့၏။

"မင်းညို မင်းညို၊ ဟာ ဟိတ်ကောင် ဟင် မင်း မင်း"

ထိုစဉ် မီးများဖျက်ခနဲလင်းလာသည်။ မျက်ဝန်းအစုံ ထင်းထင်းမှိတ်ထားသော သူမက သူ့ကို ဖက်ထားမြဲ။

သူတစ်ကိုယ်လုံး သူမ၏ နူးညံ့သော အထိအတွေ့များကြောင့် တုန်လှုပ်သွား၏။

✡ ✡ ✡



"ဟင် မီးပြန်လာပြီ"

ရုတ်တရက် မျက်လုံးတွေဖွင့်လာသော သူမက အံ့ဩသလို ပြောရင်း သူ့ထံမှ လက်တွေကို အမြန်ရုပ်သိမ်းလိုက်၏။

"အို ဟိုမှာကြောင် ကြောင်ကြီးပဲ"

စောစောက သူမမြင်လိုက်သော အနက်ရောင်မှာ ကြောင်ကြီး။ အခန်းထောင့်တွင် ငုတ်တုတ်ထိုင်နေ၏။

"အဟင်း ဟို ဟိုလေ သူ့ငွေး၊ ကျွန်တော် ဟင်"

ယခုမှ သူ့ကို သတိရကာကြည့်လိုက်တော့ ခပ်စိမ်းစိမ်းမျက်လုံးများဖြင့် သူမကို စူးစိုက်ကြည့်နေတဲ့ သူ။

"မင်းဘယ်သူလဲ"

"ဗျာ"

သူ့အသံက အေးစက်နေ၏။ သူမ တစ်စုံတစ်ရာ မှားယွင်း



Scanned by CamScanner

သွားပြီဆိုတာ သိလိုက်ပေမယ့် နောက်ကျသွားသည်။

"ပြောစမ်း မင်းဘယ်သူလဲ၊ ဘာကိစ္စ ငါ့နားမှာ ယောကျ်ား လေးလို လာဟန်ဆောင်နေရတာလဲ"

သူမျက်ဝန်းတွေကို ကြည့်လိုက်တာနှင့်

သူမ လုံးဝညာ၍မရတော့ဘူး သိလိုက်ပြီ။

ထိုကြောင့် သူမ ခေါင်းလေးငုံ့သွားကာ

"ကျွန်မ ကျွန်မ သူဌေးကို တောင်း၊ တောင်းပန်ပါတယ်"

"ဘာကိစ္စတောင်းပန်တာလဲဟင်၊ မင်းက ငါ့ကို အရူးလုပ် ခဲ့တဲ့အတွက်လားကွ ဟင်"

သူ ဒေါသဖြစ်နေပုံက မီးရောင်အောက်မှာ မျက်နှာနီနီကို ကြည့်ခြင်းဖြင့် သိသာစေ၏။

သူမ အံလေးကြိတ်လိုက်သည်။ ယခုမှတော့ အဖြစ်ကို ရှောင်လွှဲ၍မရ။

"ကျွန်မ သူဌေးကို အရူးလုပ်ခဲ့တာ မဟုတ်ပါဘူး၊ မတတ် သာလွန်းတဲ့ အခြေအနေကြောင့်"



"ပြောစမ်း ဒီကိစ္စကို သူဇာကောသိလား"

သူမ ငြိမ်နေလိုက်သည်။ သူဇာမသိပါဘူးဟုငြင်းလျှင် အဓိပ္ပါယ်မရှိ။

"လက်စသပ်တော့ မင်းတို့နှစ်ယောက်က ငါ့ကို ပေါင်းကြံ တာကိုး"

"ဒီလိုမပြောပါနဲ့ သူဌေး၊ တကယ်တော့ ကျွန်မအတွက် သူဇာက ကူညီခဲ့တာပါ"

သူမအတွက်နှင့် သူဇာကို မထိခိုက်စေလို။ အပြစ်ရှိလျှင် သူမတစ်ယောက်တည်းသာ ခံယူချင်၏။

"ဘာပဲဖြစ်ဖြစ် ငါကတော့ အလိမ်ခံလိုက်ရပဲ၊ ပြောစမ်း မင်းဘယ်သူလဲ"

"ရှင်မင်းညို"

"သြော် ရှင်မင်းညို မင်းညို၊ အဟွန်း အတော်ဟုတ်ပါလားကွ ဟင်"

သူမျက်နှာက ခံရခက်ဟန်က အထင်သား။ မိန်းကလေး တစ်ယောက်က သူလိုယောကျ်ားတစ်ယောက်ကို လှည့်စားတာ။

Scanned by CamScanner

"ကျွန်မမှာ အပြစ်ရှိပါတယ် သူဌေး၊ ဒါကြောင့် အပြစ်တင်ရင် ကျွန်မကိုပဲတင်ပါ၊ အပြစ်ပေးစရာရှိလည်း ကျွန်မကိုပဲပေးပါ၊ ကျေးဇူးပြုပြီး သူ့ဇာကို ခွင့်လွှတ်ပေးပါနော်"

တောင်းပန်သော မျက်ဝန်းလေးများဖြင့် သူမကြည့်ကာ ပြောလိုက်သည်။

"ဒီတော့ မင်းကို ငါက ဘယ်လိုအပြစ်ပေးရမလဲ"

မီးရောင်အောက်တွင် သူမမျက်နှာကို ခပ်စိုက်စိုက်ကြည့်၍ သူမေးလိုက်၏။

သူမ ခေါင်းလေးငုံ့သွားပြီးမှ ဖြည်းဖြည်းချင်းမော့လာလျက်

"ကျွန်မ အလုပ်ကထွက်ပါ့မယ် သူဌေး"

"ဩော် အဟွန်း၊ တယ်ဟုတ်ပါလားကွ ဟင်၊ မင်းက ငါ့ဆီကို မင်းသဘောနဲ့မင်း အလုပ်ဝင်၊ ခုလည်း မင်းသဘောနဲ့မင်း အလုပ်ထွက်မယ်ပေါ့လေ"

လက်နှစ်ဖက်ပိုက်ကာ ပခုံးတွန့်ရယ်လျက် ခံရခက်သော ဟန်ဖြင့် သူမေးသည်။

"အလုပ်ထွက်တယ်ဆိုတာ၊ ကျွန်မကိုယ်ကျွန်မ အပြစ်ပေး





တာပါ သူဌေး"

သူခေါင်းခါယမ်း၏။ သူမကို ယောကျ်ားလေးဟု ထင်ခဲ့တုန်းက သာမန်ချောသည့် ကောင်လေးတစ်ယောက်ဟု မှတ်ချက်ချရုံ။ တစ်ခါမျှ စေ့စေ့မကြည့်ဖူးပါ။

ယခုတော့ သူ့ရှေ့မှာ သူမကို မိန်းကလေးတစ်ယောက် အဖြစ် သိလိုက်ရတော့ အမှတ်တမဲ့ မျက်နှာချင်းဆိုင်အနေအထားမှ ကြည့်မိ၏။

မျက်ခုံးထူထူတန်းတန်းလေးများအောက်မှာ ဝိုင်းစက်သော မျက်ဝန်းလေးများကို ကော့ညွှန်းသော မျက်တောင်များ ဝန်းရံလျက်

ချွန်မြမြနှာတံ။ ပန်းနုရောင် ထူအိအိနှုတ်ခမ်းအစုံ။ ဖြူစင်ကြည်လင်သော အသားအရေ။ ကျော့ရှင်းသော လည်တိုင် ပျော့အိနွဲ့နေသော ဆံနွယ်များ။

"မင်း ငါ့ဆီကို ဘာကိစ္စအတွက်နဲ့ ရောက်လာတယ်ဆိုတာ ပြောနိုင်လား"

တွေ့စကာ ညီငယ်လေးလို ခင်ခဲ့ရသော သူလေးမို့ ယခုနေ အပြစ်တွေပေမယ့် သူ ခွင့်လွှတ်မိချင်သလိုလို။



Scanned by CamScanner

သူမ ခေါင်းခါယမ်းလိုက်၏။ ဘယ်လိုနည်းဖြင့် သူမ အကြောင်းကို သူ့အား ပြောပြရမလဲ။

မိဘတွေ ဂုဏ်သိက္ခာကို သူမထိန်းရမည်။ ပြီးတော့ သူမ ဘဝ သူ့အလုပ်ကထွက်လိုက်လျှင် သူမဘဝအကြောင်းလည်း ပြော စရာမရှိ။

"ကျွန်မ မပြောနိုင်ပါဘူး"

"ဘာကြောင့်လဲ"

သူ မျက်မှောင်တွန့်သွားလျက် အလိုမကျသလိုမေး၏။

"ကျွန်မမိသားစု ကိုယ်ရေးကိုယ်တာမို့ မပြောနိုင်ပါဘူး သူဌေး"

"သြော်"

နှုတ်ခမ်းလေးတင်းတင်းစေ့ထားပုံက သူ ဘယ်လိုမေးပါစေ မပြောဖို့ ဆုံးဖြတ်ထားသည့်ပုံစံ။

သူတစ်ခဏမျှ တိတ်ဆိတ်သွားပြီးမှ

"ငါက မိန်းမအတွင်းရေးမှူး အလိုရှိခဲ့တာမဟုတ်ဘူး"

"ကျွန်မသိပါတယ်"



သူဇာထံမှတစ်ဆင့် သူမသိပြီးသားဖြစ်၏။

"မင်းကို ငါတကယ်ပဲ ယောကျ်ားလေးတစ်ယောက်လို ထင်ခဲ့မိတယ်"

ယခုတော့ သူ့အသံမှာ အပြစ်တင်ဟန်မပါ။ သူမ ခေါင်းလေးသာငုံ့ထား၏။

"ဒါပေမယ့် အခု မင်းကို မိန်းကလေးမှန်း ငါသိလိုက်ရတော့"

"သူဌေး သိပ်စိတ်ဆိုးနေမယ်ဆိုတာ ကျွန်မသိပါတယ်"

အသံခပ်တိုးတိုးဖြင့် သူမပြောသည်။ သူ သက်ပြင်းတစ်ချက်ချ၏။

"ငါ နောက်ထပ် အတွင်းရေးမှူးသစ်တစ်ယောက်ကို လည်း မခေါ်ချင်ဘူး၊ ဒီတော့ မင်း အလုပ်ကမထွက်ပါနဲ့"

"ရှင်"

သူ့ကို ဖျတ်ခနဲ အံ့သြသလို သူမကြည့်မိ၏။ သူ့မျက်နှာက တည်ငြိမ်နေသည်။

"အေး ဒါပေမယ့် မင်းဒီလိုပဲ ငါ့ရဲ့ဘေးနားမှာ ယောကျ်ား

လေးအသွင်နေပါ''

''ဟို ကျွန်မ''

''ကျွန်တဲ့အချိန်တွေမှာတော့ မင်း လွှတ်လပ်သလို နေနိုင်ပါတယ်၊ အလုပ်ချိန်အတွင်းမှာသာ''

သူမ သဘောပေါက်စွာ ခေါင်းညိတ်လိုက်သည်။ အားလုံးက သူမကို ယောကျ်ားလေးဟု သိမြင်ထားတာပဲ။

''ကျွန်မနားလည်ပါပြီ သူဌေး''

''ကဲ ဒါဆို ပြန်အိပ်စို့၊ မိုးလင်းဖို့လိုသေးတယ်၊ ဩော် မင်းစိတ်ချလက်ချအိပ်ပါ ရှင်မင်းညို''

ယခုတစ်ကြိမ်တော့ သူက တစ်ဖက်စွန်းသို့ တိုးအိပ်လျက် ကျောခိုင်းသည်။

သူမ သက်ပြင်းလေးကြိတ်ချလျက် အတန်ကြာထိုင်နေမိ၏။ သူမကို ခွင့်လွှတ်လိုက်တဲ့ သူ့ကို ကျေးဇူးတင်ရမလား။

ထိုင်နေရင်း အိပ်ငိုက်လာတာမို့ သူမ ခုတင်တစ်ဖက်စွန်းတွင် လှဲလိုက်သည်။

သူ့ထံမှ အသက်ရှူညဲမှန်မှန်ကြောင့် အိပ်ပျော်သွားပြီဆိုတာ





သိလိုက်၏။

မကြာခင် သူမလည်း နှစ်ခြိုက်စွာ အိပ်ပျော်သွားရသည်။ အိပ်မက်ထဲမှာ သူမက ပဏ္ဍဘဝဖြင့် လှပသော အဝတ်အစားများ ဝတ်၍ သူနှင့်တွေ့နေသည်တဲ့လေ။

✡ ✡ ✡

Book Sharing



Scanned by CamScanner

ခရီးထွက်ရာမှပြန်လာပြီးနောက် သူနှင့် သူမတို့သည် ရုတ်တရက် စိမ်းသွားသလိုပင်။

အရင်ကလို သူမကို "မင်းညို"ဟု ပေါ့ပါးစွာခေါ်၍ ရင်းနှီးစွာ မပြောတော့သလို သူမကလည်း ခါတိုင်းလို သူ့အခန်းထဲ ဝင်ရမှာ မဝံ့မရဲ။

သို့သော် သူမ၏တာဝန်က ရှိနေသည်ကိုတော့ ဟန်မပျက် သူ့အခန်းထဲဝင်၍ လုပ်စရာရှိတာလုပ်ပေးသည်။

သူကလည်း အရင်လို သူမရှေ့မှာ အင်္ကျီချွတ်ခြင်း။ ပေါ့ တန်တန်နေခြင်းတွေ မလုပ်တော့။

"သူငွေး မျက်နှာမကောင်းပါလား မောင်မင်းညို၊ ခရီး ထွက်တဲ့ကိစ္စ အဆင်မပြေလို့လား"

ဘာမှမသိသော ဦးဖိုးကွန်းက သတိပြုမိစွာ





မေးလာသည်။

သူမကိုယ်တိုင် မသိမသာ မျက်နှာလေးပျက်လျက်

"ဟို ခရီးပန်းလို့နေမှာပါ ဦးလေး"

"ဩော် အေး ဦးလေးက တစ်ခုခုများဖြစ်နေလားလို့၊ စိုးရိမ်လို့မေးတာပါ"

အိမ်ရောက်ပေမယ့် သူမက မင်းညိုဘဝဖြင့် ယောက်ျား လေးလိုပဲ နေတာကြောင့် ဦးဖိုးကွန်းတို့ မရိပ်မိကြပေ။

"မင်း ငါ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေ မလုပ်နဲ့တော့ မင်းညို"

"ရှင်"

"အေး ရုံးအဲလုပ်တွေပဲလုပ်တော့"

မျက်နှာတည်တည်ဖြင့် သူပြောသည်။ ဒါ သူမကို စိတ်ဆိုး လို့ပဲဟု ခံစားလျက်

"ဟုတ်ကဲ့"

ဟု စိတ်မကောင်းစွာ ခေါင်းညိတ်လိုက်ရသည်။ အပြင် ထွက်တိုင်းလည်း အရင်လို သူမကို မခေါ်တာကြောင့် အားလပ်ချိန်

ရလျက် သူဇာဆိသွားနေမိ၏။

"ရှင့်မျက်နှာလည်း မကောင်းပါလား မင်းညို"

သူမကို အကဲခတ်ရင်း သူဇာမေးသည်။ သူမ သက်ပြင်းလေးချလိုက်ရင်း

"တို့ဘဝမှန်ကို သူဌေးသိသွားပြီ သူဇာ"

"ဘာ သူဌေးသိသွားပြီဟုတ်လား မင်းညို"

သူမ ခေါင်းညိတ်တော့ သူဇာ မျက်လုံးပြူးသွား၏။ ရင် ကိုဖိကာ

"ဒါ ဒါဆို သူဌေးက တို့ကိုပါ စိတ်ဆိုးမှာပေါ့ မင်းညို"

စိုးရိမ်စွာ သူဇာပြောသည်။ သူမ ခေါင်းခါယမ်းပြမိ၏။

"အစကတော့ ရှင့်ကိုပါ စိတ်ဆိုးတာပေါ့ သူဇာ၊ ဒါပေမယ့် တို့က ဒီအပြစ်တွေအားလုံး တို့သာတရားခံပါလို့၊ ရှင့်မှာ အပြစ်မရှိကြောင်း ပြောလိုက်ပါတယ်"

"သူဌေးက ဘာပြောလဲဟင်"

"ဟင် သူ သိပ်မကျေနပ်ပေမယ့် ဘာမှထပ်မပြောပါဘူး သူဇာ"



သည်တော့မှ သူဇာ "ဟင်း"ခနဲ သက်ပြင်းချ၏။

"ခုချိန်ထိ တို့ကို ခေါ်မဆူပုံထောက်တော့ ရှင်ပြောတာ လက်ခံလိုက်ပုံပဲ ပဂ္ဂိ၊ ဒါ ဒါနဲ့ သူဌေးက ရှင့်ကို ဘဝမှန်သိသွားပေမယ့် အလုပ်မထုတ်ဘူးနော်"

ယခုမှ သူဇာက အံ့သြစွာပြော၏။ သူမ မချိပြုံးလိုက်ရင်း

"နောက်ထပ် အတွင်းရေးမှူးသစ် ထပ်မခန့်ချင်ဘူးတဲ့လေ၊ တို့ကို ဒီအတိုင်း ဟန်မပျက် အလုပ်ဆက်လုပ်ပါတဲ့"

"သြော် တော်သေးတာပေါ့ မင်းညို၊ ဘာပဲဖြစ်ဖြစ် ရှင် အလုပ်ရှိဖို့ပဲ မဟုတ်လား"

အစကတော့ ထိုရည်ရွယ်ချက်ပေမယ့် ယခုလို အလုပ်ရှင် မကြည်ဖြူတော့တဲ့ အနေမျိုးမှာ သူမ ဆက်မလုပ်ချင်ပါ။

"တို့လိုချင်တဲ့ ငွေစုမိရင်တော့ ဒီအလုပ် ဆက်မလုပ်တော့ဘူး သူဇာ"

"ဟင် ဘာဖြစ်လို့လဲ မင်းညို"

"သူဇာပဲစဉ်းစားကြည့်လေ၊ သူလိုချင်တဲ့ အတွင်းရေးမှူး မဟုတ်ဘဲ မတတ်သာလို့ ဆက်လက်ခံထားတာ"

Scanned by CamScanner

သူ့ဌေးသမီးဘဝဖြင့် ပြည့်စုံစွာ နေသာခဲ့ရသော သူမအဖို့ လူတစ်ယောက်၏ မကြည်ဖြူခြင်းကို မခံနိုင်ပါ။

"တို့ကတော့ ရှင့်ကို အဆင်ပြေစေချင်တာပါပဲ မင်းညို ရယ်"

"ကျေးဇူးတင်ပါတယ် သူဇာ၊ ဒါပေမယ့် တို့ဆုံးဖြတ်ပြီး ပါပြီ"

"အေးလေ တို့လည်း ဘာပြောရမှန်းမသိတော့ပါဘူး"

သူ့ထံ ဆက်လုပ်နေစဉ်အတွင်း သူမက ရုံးအလုပ်များကို ကြိုးစားစွာလုပ်သည်။ နောက်ထပ် ဘာအမှားအယွင်းမှုမရှိရအောင် ဖြစ်၏။

ထမင်းစားချိန်များတွင် သူဇာနှင့်ပဲ သွားစားလိုက်သည်။

"အမယ်လေး ကိုမင်းညိုတို့များ အေးတို့နဲ့လည်း အတူ ထမင်းစားလို့ရပါတယ်နော်"

အရေးထဲ သူမကို ယောက်ျားလေးဟု ထင်မြင်နေသော ဝန်ထမ်းမိန်းကလေးတချို့ကြောင့် စိတ်ညစ်သည့်ကြားမှ ပြုံးမိရ၏။

"မရဘူး မင်းညိုက တို့ဆိုတို့မှပဲ၊ မအေးရေ"



သူဇာက အစွဲတိုက်ပြောသည်။ သူမလက်တို့တားလိုက်ရ၏။

"အသာနေ မင်းညို၊ ရှင့်ကို ယောက်ျားလေးထင်ပြီး ဝင် ရောချင်နေတာ၊ ဒီမှာ ကိုယ့်ကိစ္စနဲ့ကိုယ် စိတ်ညစ်ပါတယ်ဆိုမှ"

သူမစိတ်ညစ်နေတာကိုသိသော သူဇာက စနောက်စွာပြော ပေးခြင်းပါ။

သို့သော် မမျှော်လင့်သော အဖြစ်အပျက်က ပေါ်လာ သည်။

တစ်နေ့ သူမနှင့် သူဇာတို့ နှစ်ယောက်တည်း ထမင်းစား နေချိန်

"ရော့ မင်းညို၊ ဒီအသည်းဖတ်လေး ရှင်စားလိုက်"

ကြည့်နေသော မျက်လုံးတွေကို အစွဲတိုက်၍ သူဇာက အသည်းဖတ်ကျွေးခြင်း။

"အို သူဇာကလည်း ကိုယ့်ဘာသာစားပါ"

"မရဘူးနော်၊ ကဲ ရှင့်ဘာသာ မစားရင် သူဇာခွံ့မယ်၊ ပါးစပ်ဟ"

Scanned by CamScanner

"တော်ပါ သူစာရယ်"

သူမငြင်းနေသည့်ကြားက သူစာဖွတ်တိုး၏။

"ပါးစပ်သာဟစမ်းပါ မင်းညို၊ ဟိုမှာ ကြည့်နေတဲ့ မျက်လုံးတွေကို အသည်းယားလို့ပါ"

"ကဲ ကဲ ကျေးတော့"

အရွဲ့တိုက်ချင်သော သူစာကို သူမ ဆန္ဒပြည်းပေးလိုက်ပါသည်။

"တောက် ဒါက ဘာသာဘောလဲ သူစာ"

"ဟင် ကိုစံ"

မျက်နှာကြီးနီရဲကာရောက်လာသော ကိုစံထူးကြောင့် သူစာနှင့်သူမ မျက်နှာပျက်သွားသည်။

ကြည့်စမ်း။ ဘယ်သူလက်တို့လိုက်တယ်မသိ။ သူမ်တို့ ထမင်းစားချိန် ကိုစံထူးရောက်လာကာ

"ယော့ ဟိတ်ကောင် မင်းက ငါ့မိန်းမကို ကြာခိုတာလား ကွဟင်၊ ကဲကွာ"

"ခွပ်"



"အို ကိုစံ မလုပ်နဲ့ မလုပ်နဲ့"

မယားထိစားကြည့်ဆိုသော စကားက ကိုစံထူးလို လူရိုးအတွက် မှန်နေပြီ။

သူစာဆွဲနေသည့်ကြားမှ နောက်ထပ်လက်သီးနှင့် ထိုးဖို့ပြင်၏။

"ဒါ ဘာဖြစ်နေကြတာလဲ"

"ဟင် သူဌေး"

အပြင်မှပြန်ရောက်လာသော သူက သူမတို့ကိုကြည့်ပြီး မျက်မှောင်ကြီးတွန့်လျက် မေး၏။

ကိုစံထူးက သူ့ကိုမြင်တော့ အားကိုးဟန်ဖြင့်

"ဒီမှာ သူဌေး၊ ခင်ဗျားအတွင်းရေးမှူးကောင်က ကျုပ်တော်မိန်းမကို ကြာခိုနေတယ်ဗျာ"

"ဘာ"

"ဟင်"

"အို"

မမျှော်လင့်ဘဲ ကိုစံထူး၏ တိုင်တန်းမှုကြောင့် သူမနှင့်

Scanned by CamScanner

သူဇာတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိသည်။

"အခု ကျွန်တော် လက်တွေ့မိတာပဲ၊ ဒီလိုအကျင့်စာရိတ္တ မကောင်းတဲ့ ဝန်ထမ်းမျိုး တစ်ရုံးတည်း မလုပ်နိုင်နိုင်ဘူး၊ ကျွန်တော် မိန်းမကိုခေါ်သွားမယ်"

"အို ကိုစံ နေ နေပါဦး၊ သူဇာရှင်းပြပါ့မယ်"

သူဇာလက်ကိုဆွဲနေသော ကိုစံထူးအားတားသည်။

ဦးဇော်ချမ်းက သူမကို တစ်ချက်စိုက်ကြည့်ပြီး

"ကဲ ခင်ဗျားတို့အားလုံး ကျုပ်ရုံးခန်းကိုလိုက်ခဲ့"

ပြောပြီး ရှေ့ကထွက်သွား၏။ ကိုစံထူး သူဇာနှင့် သူမတို့ နောက်မှ လိုက်သွားရသည်။

✡ ✡ ✡

"မင်းညိုဟာ ဘယ်လိုလူလဲဆိုတာ ခင်ဗျား ယောက်ျား ကိုစံထူးမသိဘူးလား ဒေါ်သူဇာ"

ရုံးခန်းထဲရောက်တော့ သူစားပွဲရှေ့ခုံများတွင် သုံးယောက်သား ဝင်ထိုင်၏။

သူက တစ်ယောက်စီကိုကြည့်ပြီးမှ သူဇာကိုမေးခြင်း။

"ရှင် မ မသိပါဘူး သူဌေး၊ မင်း မင်းညိုက မပြောပါနဲ့ ဆိုလို့"

"ဩော် ခုတော့ ကောင်းကြသေးရဲ့လား၊ ကျုပ်ကုမ္ပဏီမှာ ရှုတ်ရှုတ်လုပ်ကြတော့၊ ကဲ ဒေါ်ရှင်မင်းညို၊ ခင်ဗျားကိစ္စ ခင်ဗျားရှင်း"

မျက်မှောင်ကြီးတွန့်လျက် သူမကိုကြည့်ပြီး သူပြောသည်။ သူမ မျက်လွှာချလိုက်၏။

BookSharing

Scanned by CamScanner

"ဗျာ ဒီလူက ဒေါ်ရှင်မင်းညို ဟုတ်လား"

ကိုစံထူးက နားမလည်သလိုမေးတော့ သူဇာ မျက်စောင်းလှမ်းထိုး၏။

"ဟုတ်တယ် ဟုတ်တယ်၊ သူက ကျွန်မရဲ့သူငယ်ချင်း ပဂ္ဂိုဒေါ် ရှင်မင်းညိုပဲ၊ အကြောင်းရှိလို့ ယောကျ်ားလေးယောင်ဆောင်ထားတာ ကိုစံ"

"ဟင်"

ယခုမှ ကိုစံထူးက သူမကို ဖြူးဖြူကာ အံ့ဩသလိုကြည့်သည်။

သူမ မျက်လွှာပင့်လာရင်း

"ကျွန်မတောင်းပန်ပါတယ် ကိုစံထူး၊ တကယ်တော့ သူဇာက သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ ကျွန်မကို ကူညီခဲ့တာပါ"

"ဟုတ်တယ် ကိုစံ၊ အလုပ်လိုချင်တဲ့ ပဂ္ဂိုကို၊ သူဌေးရဲ့အတွင်းရေးမှူးအဖြစ် ယောကျ်ားလေးဟန်ဆောင်ပြီးလုပ်ဖို့ သူဇာပဲ အကြံပေးခဲ့တာပါ"





ယခုတော့ အကြောင်းစုံရှင်းပြရလေပြီ။ သည်တော့မှ ကိုစံထူးတစ်ယောက် သူမကို အားနာဟန်ဖြင့်ကြည့်သည်။

"ဒီ ဒီလိုမှန်းမသိလိုက်လို့ပါဗျာ၊ ကျွန်တော် အားနာလိုက်တာ၊ မ မပဂ္ဂိုကို ကျွန်တော်တောင်းပန်ပါတယ်"

သူမ ခေါင်းခါယမ်းလိုက်၏။

"မတောင်းပန်ပါနဲ့ ကိုစံထူး၊ တကယ်တော့ ကိုစံထူးအထင်လွဲတာ မဆန်းပါဘူး"

"ကဲ ကဲ ခုတော့ ကိစ္စတွေအားလုံး ရှင်းသွားပြီမဟုတ်လား"

"ဗျာ ဟုတ်ကဲ့"

ဦးခေါ်ချမ်းဝင်မေးတော့ ကိုစံထူးခေါင်းညိတ်၏။

"မသူဇာကို ခင်ဗျား အလုပ်ကထွက်ခိုင်းဦးမှာလား၊ ကိုစံထူး"

"ဗျာ မ မထွက်ခိုင်းတော့ပါဘူး သူဌေး"

သည်တော့မှ သူဇာနှင့် သူမ သက်ပြင်းချနိုင်၏။

"အမှန်တော့ ကျွန်တော်ကိုယ်တိုင်လည်း မင်းညိုဟာ

မိန်းကလေးဆိုတာ မကြာသေးခင်ကမှ သိတာပါ၊ သူဇာနဲ့သူက ဝိဝိရိရိလိမ်ကြတာလေ''

သူဇာ မျက်နှာလေးပျက်လျက်

''ကျွန် ကျွန်မ တောင်းပန်ပါတယ် သူဌေး''

သူမကလည်း

''ကျွန်မ အပြစ်တွေပါ သူဌေး''

ဖြိုင်တူပြောမိသည်။ သူ လွှန့်ခနဲတစ်ချက်ပြုံးကာ

''အင်း သူငယ်ချင်းနှစ်ယောက်ကတော့ လိုက်လည်း လိုက်ကြတယ်ဗျာ၊ ခင်ဗျားတို့ကတောင်းပန်မှတော့ ကျုပ် ခွင့်မလွှတ်ရင် လူဆိုးဖြစ်မှာသေချာတယ်''

သူ ခပ်တည်တည်ပြောတော့ သူဇာနှင့်သူမ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ကြိတ်ပြုံး၏။

''သူဇာ မင်း ငါ့ကို အစကထဲက ပွင့်ပွင့်လင်းလင်းပြောရင် ဒီလိုဖြစ်မှာမဟုတ်ဘူး၊ အခု မင်းတို့အကြောင်း ငါ့ကိုလာပြောကြလွန်းလို့ လိုက်လာတာ''

''သြော် ရှင့်ကို သူများက ကုန်းတိုက်တာကိုး ကိုစံ''



သူဇာက အစီပွါယ်ပါပါနှင့် သူမကို လှမ်းကြည့်၏။ သူမကို ယောကျ်ားလေးထင်ကာ ရောချင်ကြတဲ့ မိန်းမအုပ်စုရဲ့ လက်ချက်ပဲဖြစ်မည်။

''ဘာပဲဖြစ်ဖြစ် မင်းတို့ကို ငါတောင်းပန်ပါတယ်၊ သူဌေးကိုလည်း တောင်းပန်ပါတယ်ခင်ဗျာ၊ ခွင့်ပြုပါဦး''

''အေးဗျာ''

ကိုစံထူး နှုတ်ဆက်ပြီးထွက်သွားတော့ သူဇာလည်း သူ့ထံ ခွင့်တောင်းပြီး လိုက်သွား၏။

သူ့ရှေ့မှာ သူမတစ်ယောက်တည်းကျန်ခဲ့စဉ်

''ရော့ မင်းနှုတ်ခမ်းက သွေးစတွေသုတ်လိုက်ဦး''

''ဗျာ ဟုတ်ကဲ့''

သူလှမ်းပေးသော လက်ကိုင်ပဝါကိုယူ၍ စောစောက ကိုစံထူးလက်ချက်ဖြင့် ကွဲသွားသော သူမနှုတ်ခမ်းကို အသာသုတ်လိုက်၏။

''အဟွန်း တော်တော်မှနာရဲ့လားကွ ဟင်''

''ဗျာ''

Scanned by CamScanner

“အေး ခုထိ ဗျာလုပ်တုန်းမို့လား၊ ဒေါ်ရှင်မင်းညို၊ အဲဒီလို ခင်ဗျားလေး အတတ်ဆန်းတာကြောင့် ခုလိုတွေဖြစ်ရတာဗျ”

ရှေ့သို့ မျက်နှာကြီးတိုးလာပြီး ကရုဏာဒေါသောဖြင့် သူပြောသည်။

“ကျွန်မတောင်းပန်ပါတယ်”

“တောင်းပန်မနေနဲ့၊ မင်းကို မိန်းကလေးမှန်း အကုန်သိသွားပြီ၊ ဟိုမှာကြည့်”

“ဟင်”

မှန်တံခါးရှေ့မှာ ရပ်နားထောင်နေသော ဝန်းထမ်းအချို့။ သူမမျက်လုံးလေးဝိုင်းကာ သူ့ကို ပြန်ကြည့်မိသည်။

“ကျွန် ကျွန်မ ဘာလုပ်ရမလဲ သူဌေး”

“ခုမှတော့ ဘာလုပ်ရမှာလည်း မနက်ဖြန်ကစပြီး မိန်းကလေးလိုဝတ်ပြီး ရုံးတက်ပေတော့”

“ရှင်”

သူ ခပ်တည်တည်ပြောပြီး အကြည့်လွှဲကာ

“ဒီနေ့ ဘာအပွိုင့်မင့်တွေရှိလဲ”



“ရှင် ဟုတ်ကဲ့”

မကြာခင် လုပ်ငန်းခွင်သို့ ပြန်ရောက်သွားပြီး စောစောက ကိစ္စမေ့သွားသယောင်

အောက်မှာတော့

“ဟယ် သူဌေး ပီအေက မိန်းကလေးတဲ့”

“အလုပ်လိုချင်လို့ ယောက်ျားလေးယောင်ဆောင်ခဲ့တာ ဆိုပဲ”

“ဒါကြောင့် မင်းညိုကို အတော်ချောပါတယ်လို့ အောက်မေ့နေတာ”

စသည်ဖြင့် တစ်ယောက်တစ်ခွန်း ဆူညံသွား၏။ သူ့ဘာက

“ကဲ မင်းညိုကိုကြိုက်တဲ့ မမတွေ ခုကော ဘယ်လိုလဲ”

“အဟီး”

“ဟဲ ဟဲ”

အားလုံး ရှက်ရယ်တွေရယ်ကုန်သည်။ မိန်းကလေးအချင်းချင်း ပြန်စိတ်ဝင်စားမိတဲ့အဖြစ်။

“မင်းညို မိန်းကလေးလို့ဝတ်ရင် သိပ်လှမှာပဲနော်”

Scanned by CamScanner

"ဟုတ်တယ် သူက အသားဖြူဖြူ အရပ်မြင့်မြင့်လေးနဲ့"

"အို မျက်နှာလေးကလည်း အပြစ်ပြောစရာမရှိအောင် ချောတာပါ"

မိန်းကလေးအဖြစ် မင်းညိုကို စိတ်ဝင်စားပြန်၏။ သူ့ဇာက ဝုဏ်ယူစွာဖြင့်

"တို့သူငယ်ချင်း ရှင်မင်းညိုက တက္ကသိုလ်မှာ 'ကွင်း'ပဲ၊ သူလှလွန်းလို့ သူ့အချစ်ကိုလိုချင်တဲ့ ယောကျ်ားတွေ အများကြီး၊ သူက တစ်ယောက်မှ စိတ်မဝင်စားခဲ့လို့လေ"

ပဏ္ဍိဘဝဖြင့် အားလုံးက ငေးမောခဲ့ရသည့်ဘဝကို သူ့ဇာ မြင်ယောင်၍ပြောခြင်းပါ။

"ယောကျ်ားလေး အတွင်းရေးမှူးလိုချင်တဲ့ သူဌေးတော့၊ ရှင်မင်းညိုကို စိတ်မဆိုးဘူးလားပဲ"

"ဒေါ်သဖြစ်မှာတော့သေချာတယ်"

ဆက်လက်ပြီး သူဌေးဆီ အာရုံရောက်ပြန်၏။ သူ့ဇာ အမြင် ကျတ်စွာဖြင့်

"အို သူဌေး အစက စိတ်ဆိုးပေမယ့် နောက်ထပ်လူမရှာ



ချင်လို့ ရှင်မင်းညိုကိုပဲ ဆက်ခန့်တယ်လေ၊ မနက်ဖြန်ကစပြီး ညိုက မိန်းကလေးလိုဝတ်ပြီး ရုံးတက်မှာ"

ထိုစကားကြောင့် အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် မနက်ဖြန်ကို စိတ်ဝင်စားနေကြလေပြီ။

✡ ✡ ✡

မနက်ခင်းမိုးလင်းပြီဆိုတာနှင့် သူမစိတ်တွေ လှုပ်ရှားနေ၏။ သည်နေ့ ရှင်မင်းညိုဆိုသော သူမဘဝမှန်ကို ပြရမည့်နေ့။

အခန်းထဲ နေရောင်ဝင်လာတော့ သူမ အိပ်ရာမှထကာ ရေချိုးခန်းသို့ဝင်သည်။

ဦးဇော်ချမ်းကိုယ်တိုင် အမိန့်ပေးထားပြီမို့ 'ရှင်မင်းညို' ဘဝကို သူမငြင်းလို့မရပါ။

ရေချိုးပြီးတာနှင့် မှန်ရှေ့ထိုင်ကာ ပထမဆုံးအကြိမ် အလှပြင်မိ၏။ မင်းညိုဘဝဖြင့် ဒီအလှအပပစ္စည်းတွေကို လှည့်မကြည့်ဖြစ်ခဲ့တာကြာပြီ။

အစက်အပြောက်ဟူ၍ မြူတစ်မှုန်စာမျှမရှိသော ဖြူနုဝင်းဝါသည့် မျက်နှာလေးပေါ်သို့ မိတ်ကပ်ပါးပါးလိမ်းလိုက်၏။

ထို့နောက် ပြင်ဆင်ခြင်းတွေ တစ်ခုပြီးတစ်ခု။



"မောင်မင်းညို၊ လက်ဖက်ရည်သောက်ရအောင်"

ဦးဖိုးကွန်းက တံခါးလာခေါက်သည်။

"ဟုတ် ဟုတ်ကဲ့ ဦးလေး လာခဲ့ပါမယ်"

"အေး အေး သူဌေးစောင့်နေတယ်"

သူစောင့်နေတယ်ဆိုတာကြောင့် သူမ အလှပြင်ခြင်းကို အဆုံးသပ်လျှင် လိမ္မော်ရောင်ဖျော့ဖျော့ ဒူးဆစ်အောက်အတိုရှည်သော စကာဒ်နှင့် ကုတ်အင်္ကျီပျော့ကို ဝတ်လိုက်၏။

သည်ဝမ်းဆက်က ဒက်ဒီနိုင်ငံခြားမှပြန်လာစဉ် ဝယ်လာခဲ့သော လက်ဆောင်။ နှုတ်ခမ်းနီ လိမ္မော်ရောင်ဆိုးထားသောကြောင့် ထူမင့်လိုက်ဖက်အောင် ဝတ်ခြင်းပါ။

နဂိုတိုသော ဆံပင်လေးမှ ယခုနေခါ အတော်ရှည်လာပြီမို့ သူမမျက်နှာလေးဖြင့် အလိုလိုလိုက်ဖက်နေ၏။

"ကျွန်မရောက်ပါပြီ သူဌေး"

"ဟင်"

"ဒါ ဒါက မောင်မင်းညိုမဟုတ်လား၊ ဘယ်လိုဖြစ်ကုန်တာလဲ"

Book Sharing

Scanned by CamScanner

လေဒီရှူးအနက်နှင့် လက်ကိုင်အိတ်အနက်လေးတို့ဖြင့် လိမ္မော်ဖျော့ရောင်ဝမ်းဆက်က အထူးဖက်ရှင်ကျကာ

မိတ်ကပ်ပါးပါးချယ်ထားသော သူမမျက်နှာလေးက ယှန်းနေရောင်တောက်နေ၏။

မင်းညိုဘဝတုန်းက မျက်နှာပြောင်လေးဖြင့် အမြဲတန်းရှိခဲ့သော သူမ

ထိုစဉ်က ချောတာသိပေမယ့် ယခုလို ပြင်လိုက်ချိန်မှာ သူလိုလူက လွှတ်ခနဲ ငေးမောမိရတဲ့အထိ။

"ဟုတ်ပါတယ် ဦးလေးကွန်း ကျွန်မ မင်းညိုခေါ် ရှင်မင်းညိုပါ"

မျက်လုံးကြီးပြူးကာ အံ့သြစွာကြည့်လျက် မေးလာသော ဦးဖိုးကွန်းကို သူမကပဲ အပြုံးလေးနှင့် ဖြေလိုက်၏။

"မောင် မောင်ရင်က မိန်းကလေး၊ အံ့သြစရာပဲဗျာ၊ ကျုပ် တို့ကတော့ မောင်ရင်ကို တကယ်ယောကျ်ားလေးပဲ ထင်ခဲ့တာ"

ဦးဖိုးကွန်းပြောတော့ သူမပြုံးကာ မျက်လွှာလေးချလိုက်



၏။

သူမကိုကြည့်နေသည့် စိမ်းညို့သော သူ့မျက်ဝန်းတွေကြောင့်လေ။

သူသက်ပြင်းကြိတ်ချလျက် ဝင်ပြော၏။

"ဟုတ်တယ် ဦးဖိုးကွန်း၊ ကျွန်တော်လည်း အစက ဒီလိုပဲထင်ခဲ့တာ၊ ဒီကောင် မိန်းကလေးမှန်းသိတာ မကြာသေးဘူးဗျ"

"အံ့ရော သူဌေးရေ၊ ကျုပ်တို့ဖြင့် ခုလိုသာဝတ်မလာရင် ယောကျ်ားလေးပဲထင်နေမှာ"

"ဦးလေးကွန်းတို့ကို ညာမိသလိုဖြစ်ရင် ကျွန်မ တောင်းပန်းပါတယ်"

လေသံမှအစ မင်းညိုဘဝနှင့်မတူပဲ ပျော့ပျောင်းနေ၏။

"ကဲ ကဲ လက်ဖက်ရည်သောက်တော့ အမိ၊ ကိုးနာရီထိုးတော့မယ်"

"ရှင် ဟုတ်"

ဦးဖိုးကွန်းပြင်ပေးထားသော လက်ဖက်ရည်ကို သူမ သောက်လိုက်သည်။

Scanned by CamScanner

ထိုနောက် သူနှင့်အတူ ကားဆီထွက်ခဲ့၏။

"အင်း ရုံးကလူတွေတော့ မင်းကို ဘယ်လောက်ဗိုင်းကြည့်လိုက်မလဲ"

ကားမောင်းရင်း သူပြောသည်။

"သူဌေးက ဘာလို့အမိန့်ပေးလဲ၊ မိန်းကလေးလို့ဝတ်ရမယ်ဆိုတာ"

"သြော် အမိကို မိန်းကလေးမှန်း သိနေလျက်နဲ့၊ ကျုပ်ကပါ ဆက်ပြီးညာပေးနေရမှာလား"

သူမကို ငုံစောင်းကြည့်ပြီး သူပြော၏။

"ကျွန်မ မှားသွားပါတယ်"

သူ့ကို အပြစ်တင်မိခြင်းအတွက်ပါ။ သူက တည်ကြည်သောမျက်နှာဖြင့်

"ခဏ ခဏ မမှားစေနဲ့"

ဟုပြောတော့ သူမ ခေါင်းငုံ့သွားရသည်။ အပြစ်များမိတာကိုး။

ထင်တဲ့အတိုင်း ရုံးရောက်တော့



"ဟယ် ညို၊ အို လုလိုက်တာ ညိုရယ်၊ ရှင့်ကို ဒီလိုမမြင်ရတာကြာလို့လားမသိဘူး"

သူဇာ အပြေးလာ၍ ဝမ်းသာအားရကြည့်သည်။

"ဟယ်တော် ကိုမင်းညို၊ အယ် မဟုတ်ပါဘူး ရှင်မင်းညို"

"ကြည့်စမ်း ကြည့်စမ်း တို့ထင်တဲ့အတိုင်း ရှင်မင်းညိုဟာ လှလိုက်တာ"

"တို့သွားတော့မယ် သူဇာ"

သူဇာ့ကိုနှုတ်ဆက်ပြီး သူ့နောက်သို့ သူမလိုက်သွားသည်။ အစက မျက်နှာပူပေမယ့် အလုပ်တွေများတော့မေ့သွား၏။ ထိုနောက် သူနှင့်ချိန်းထားသော ဧည့်သည်တွေရောက်လာတော့

"အလို ဦးဇော်ချမ်း ခင်ဗျားပီအေ အသစ်လေးခန့်လိုက်တာလား"

"တော်တော်နိုပ်တာပဲဗျ၊ အပျံစားလေးပါလား"

လှပလွန်းသော သူမကိုကြည့်ကာ အမျိုးသားဧည့်သည်

Scanned by CamScanner

များ မျက်လုံးမခွာနိုင်တော့။

“ဒီမှာ ခင်ဗျားတို့ ကျုပ်နဲ့ အလုပ်ကိစ္စပြောဖို့လာတာလား၊ ပီအေအကြောင်းပြောဖို့လာတာလား”

သူ ခပ်တည်တည်မေးတော့မှ ထိုလူတွေ စပ်ဖြဲဖြဲမျက်နှာနှင့်

“ဟဲ ဟဲ စိတ်မရှိပါနဲ့ဗျာ၊ ဖြစ်နိုင်ရင် ကျုပ်တို့လည်း ခင်ဗျားလိုပီအေလေး လိုချင်တယ်ဗျာ”

“တော်စမ်းဗျာ၊ ခင်ဗျားတို့ အဲဒီအကြောင်းပြောနေမယ်ဆိုရင် ကျုပ်ရုံးခန်းကထွက်သွားတော့”

“အို”

ပထမဆုံးအကြိမ် သူ့ဒေါသကို မြင်ဖူးတဲ့ သူမ အံ့ဩသွားရ၏။

ညှိသည်တွေလည်း လန့်ဖျန့်ကုန်သည်။

အတွင်းရေးမှူးမ။

သူမဘဝမှာ ဒီစကားလုံးလောက် မုန်းတာမရှိ။ ယခု အဲဒီ မုန်းသောဘဝကို သူမရောက်နေတဲ့အဖြစ်။



“မင်းက ဘာကိစ္စ ဒီလောက်အလှပြင်လာရတာလဲ ရှင်မင်းညို”

“ရှင်”

ညှိသည်တွေပြန်သွားတော့ သူ့ဒေါသက သူမဘက် လှည့်လာ၏။ ခပ်ဆတ်ဆတ်သူ့အမေးကြောင့် သူမ ဝမ်းနည်းသွားလျက်

“သူဌေးပဲ ကျွန်မကို မိန်းကလေးလိုဝတ်ရမယ်ဆို၊ မိန်းကလေးလိုဝတ်ရင် မိန်းကလေးလို အလှပြင်ရမှာပဲ”

“ဘာ မင်း မင်း အခု ငါ့ကို ခံပြောနေတာလား ရှင်မင်းညို”

တကယ်တော့ သူ့ကိုယ်သူလည်း နားမလည်။ သူမဘာသာလှတော့ကော သူနဲ့ဘာဆိုင်လို့လဲ။

စောစောက ညှိသည်တွေ၏အကြည့် အပြောမှာ သူ့ဒေါသတွေ အလိုလိုဖြစ်နေခဲ့ရ၏။

“ဒါဆို ကျွန်မ ဘယ်လိုနေရမလဲ၊ မိန်းကလေးလိုဝတ်ပြီး မျက်နှာပြောင်နဲ့ လိုက်ရမှာလား သူဌေး”

"အေး အဲဒီလိုလုပ်သင့်ရင် လုပ်ရမှာပဲ၊ တော့က် ဒါ ကြောင့် မိန်းမအတွင်းရေးမှူး ငါမလိုချင်ဘူးပြောတာ"

"သြော်"

သူ့ကိုကြည့်ပြီး သူမ ယုံ့ယုံ့ပြုံးမိ၏။ သူမကြောင့် သူ ဒီလောက်စိတ်ဒုက္ခရောက်နေတာ။

"ကျွန်မ အလုပ်ကထွက်ပါ့မယ် သူဌေး၊ တကယ်တော့ ကျွန်မကိုယ်တိုင်ကလည်း အတွင်းရေးမှူးမဆိုတဲ့ စကားကို မုန်းပါ တယ်"

"ဘာ မင်းက"

"ဟုတ်တယ် ဟုတ်တယ်ရှင့်၊ ကျွန်မဘဝမှာ မဖြစ်ချင်ဆုံး က အဲဒီအတွင်းရေးမှူးဆိုတာပဲ၊ ခုချိန်ကစပြီး ကျွန်မကို အလုပ်ထွက် ခွင့်ပြုပါ"

"ဟော့"

သူ မတားနိုင်မီ သူမပြေးထွက်ခဲ့၏။ မျှော်လင့်ဘဲ ပါးပြင် ပေါ်သို့ မျက်ရည်တို့ ဝေါခနဲကျလာသည်။ နာကျင်မှုက သူမရင့်ထဲ အပြည့်။ ထိုနာကျင်မှုတွေထက် သူမရင်ထဲမှ တစ်စုံတစ်ရာ ခံစား



ရမှုက ပိုဆိုးစေ၏။

"ညို ဘယ်လဲ"

အောက်ရောက်လို့ သူဇာမေးပေမယ့် သူမလှည့်မကြည့် တော့။ ကားတစ်စီးငှား၍ ယခင် သူမသော့ပိတ်ထားသည့် တိုက်ခန်း လေးဆီပြန်ခဲ့သည်။

✡ ✡ ✡

Scanned by CamScanner

Book Sharing

"ဟင် ဂျင်မီ"

"မမ"

မမျှော်လင့်ဘဲ တိုက်ခန်းမှာ ဂျင်မီပြန်ရောက်နေတာကြောင့် သူမ အံ့သြသွား၏။

"မမ ဘယ်သွားနေတာလဲ၊ ကျွန်တော် ညကပဲပြန်ရောက်တယ်၊ အခန်းထဲမှာလည်း ဖုန်တွေ"

လူမနေတာကြာပြီမို့ မလှည်းကျင်းနိုင်ပေ။ သူမ ခေါင်းခါယမ်းကာ

"မင်း မင်း ဘာမှမဖြစ်ဘူးနော် ဂျင်မီ"

မောင်လေးကို ခြေဆုံးခေါင်းဆုံးကြည့်၍ သူမ ဝမ်းသာဝမ်းနည်းမေးသည်။



"ကျွန်တော် ဘာမှမဖြစ်ပါဘူး မမ၊ ဟင် မမက ဘာလို့ ငိုနေတာလဲ"

ပါးပြင်ပေါ်မှ သူမမျက်ရည်စတွေကိုတွေ့တော့ ဂျင်မီ အံ့သြ သလိုမေးသည်။

ယခုမှ သူမသတိရကာ ပါးပြင်ပေါ်မှ မျက်ရည်တွေကို သုတ်လိုက်ရင်း အသာပြုး၏။

"မမ ဘာမှမဖြစ်ပါဘူး ဂျင်မီ၊ မင်း ဒီလိုပြန်ရောက်လာတာ မမ သိပ်ဝမ်းသာတာပဲ"

ဘယ်လောက်ပဲ ဟန်ဆောင်နေပါစေ။ သူမမျက်နှာ မကောင်းတာ ဂျင်မီ အကဲခတ်မိ၏။

"ကျွန်တော်ကို မညာပါနဲ့မမ၊ မမငိုနေတာ ဟိုနားကပ် အတွက်ကြောင့်မဟုတ်လား၊ အဲ့ဒီအတွက်ဆိုရင် မပူပါနဲ့၊ ကျွန်တော် လေ ကံကောင်းတယ် မမ၊ ကျွန်တော်တူးတဲ့ကျင်းက ကျောက် အောင်လို့ သူဌေးက ဆုချတာ မမနားကပ်ရွေးဖို့ ကျွန်တော်ပြန်လာ ပေးတာ"

"ဟင်"

သူမမေ့နေသော နားကပ်ကိစ္စကို ဂျင်မီပြောမှ သတိရလျက် မျက်နှာလေးညှိုးသွားသည်။

အလုပ်ကထွက်လာပြီဆိုတော့ သူမ ပိုက်ဆံဘယ်လိုစုရမလဲ။

"မမ ဒီမှာ ပိုက်ဆံ"

"အို အများကြီးပါလား"

ဂျင်မီထုတ်ပေးသော ပိုက်ဆံများကို သူမကြည့်၍ပြောတော့။

"ဟုတ်တယ် မမ၊ အဲ့ဒီကျောက်ကို ကျွန်တော်တွေ့လို့ သူဌေးက အထူးဆုချတာလေ၊ ဒါဆို မမနားကပ်ရွေးလို့ရပြီ မဟုတ်လား"

"ဂျင်မီရယ်"

အရင်က အလိမ္မာဘူးဟုထင်ခဲ့သော ဂျင်မီသည် ယခုလိုသိတတ်တော့ သူမ မျက်ရည်ကျရလေ၏။

ဂျင်မီဒီလိုလိမ္မာတာ မာမီနှင့်ဒက်ဒီကိုပြချင်လိုက်တာ။

"မငိုပါနဲ့ မမရယ်၊ ခုဆို ကျွန်တော် ဘဝကိုသိသွားပါ





ပြီ"

"မင်း လိမ္မာလာတာ မမဝမ်းသာပါတယ်ကွယ်"

ဂျင်မီနှင့်စာလျှင် သူမက မလိမ္မာသေးဟုပြောရမလား။ ယခုပဲ စိတ်အလိုလိုက်၍ အလုပ်မှထွက်ခဲ့တဲ့အဖြစ်

"ကဲ မမ၊ ကျွန်တော်တို့ နားကပ်သွားရွေးရအောင်"

ထိုစဉ်

"ပဂ္ဂိ"

"ဟင် သူဇာ"

သူဇာက သူမတို့မောင်နှမကို စိတ်မကောင်းသလိုကြည့်၏။

"သူဌေးက မင်းစုထားတဲ့ လခတွေ အပေးခိုင်းလိုက်တယ် ပဂ္ဂိ"

"အော် အဟင်း ကောင်းပါတယ်လေ"

အလုပ်စဝင်ချိန်မှာ "ကျွန်တော်လခတွေ သူဌေးပဲစုထားပေးပါ၊ ကျွန်တော်လိုတဲ့အခါ တောင်းပါ့မယ်"

ဟု သူမပြောခဲ့သည်။ ယခု ထိုငွေတွေလိုက်ပေးခိုင်းခြင်း။

Scanned by CamScanner

သူမစိတ်နာသလို တစ်ချက်ပြုံးပြီးမှ

"ကျေးဇူးတင်ပါတယ်လို့ သူဌေးကိုပြောလိုက်ပါ သူဇာ၊ ကဲ တို့လည်းသွားစရာရှိလို့"

"သူဇာလည်း ပြန်တော့မှာပါ၊ နောက်မှ မင်းဆီတို့ အေးအေးဆေးဆေးလာခဲ့မယ် ပဂ္ဂိ"

မျက်နှာမကောင်းစွာဖြင့် သူဇာ နှုတ်ဆက်ပြီး ထွက်သွားသည်။

"မမ ဒီပိုက်ဆံတွေက"

"ဩော် မင်းသွားနေတုန်း မမ အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံတွေပါ ဂျင်မီ၊ ကဲ လာ မမတို့ မာမီအမွေမှားကပ်လေး သွားရှေးကြရအောင်"

ဂျင်မီကိုခေါ်ပြီး သူမထွက်ခဲ့သည်။ အခုတော့လည်း ကိစ္စ အားလုံး ပြီးပြတ်တာပဲဟု သူမမှတ်လိုက်၏။

သို့သော် ရင်ထဲက ဘာကြောင့်မှန်းမသိ နာကျင်နေဆဲ။

စားသောက်ဆိုင်ရောက်တော့ မန်နေဂျာနှင့်တွေ့သည်။

"ယော မပဂ္ဂိနဲ့ ဂျင်မီ"



"ဟုတ်တယ် ကျွန်မတို့ ပစ္စည်းလာရွေးတာ မန်နေဂျာ"

"ဟာ အတော်ပဲ သူဌေးလည်းရောက်နေတယ်ဗျာ"

"ဩော် အဆင်ပြေသွားတာပေါ့ရှင့်"

တိုက်တိုက်ဆိုင်ဆိုင် သူမ၏မှားကပ်လေးကို လက်ခံထားသော သူဌေးရောက်နေသည်တဲ့။

"သူဌေးက အပေါ်ထပ် သီးသန့်ခန်းမှာလာဗျာ"

မန်နေဂျာခေါ်ဆောင်ရာ အပေါ်ထပ်သို့ သူမတို့တက်ခဲ့သည်။

မန်နေဂျာက အခန်းတံခါးကို ဖွဖွခေါက်ကာ

"ဆရာ ဆရာ"

"ဘယ်သူလဲကွ"

အထဲမှအသံက သူ့ကို အနှောင့်အယှက်လာပေးတဲ့အတွက် စိတ်မရှည်ဟန်။

"ကျွန်တော်ပါ ဆရာ"

"ဟော့ မင်းကို ငါဘာပြောထားလဲ၊ ဒီနေ့ ငါတစ်ယောက်တည်း အေးအေးဆေးဆေးနေချင်တယ်လို့"

Scanned by CamScanner

လူကမမြင်ရပေမယ့် ထိုအသံမျိုး သူမ ကြားဖူးရင်းနှီးသလိုရှိနေသည်။

"အခု ရောက်လာတဲ့ဧည့်သည်တွေက အရေးကြီးလို့ပါ ဆရာ"

"ဘယ်လောက်အရေးကြီးကြီးကွာ"

မန်နေဂျာက သူမတို့ကို အားနာဟန်ဖြင့် လှည့်ကြည့်၏။

"ကျွန်တော့်သူဌေးလည်း ဘာညစ်လာတယ်မသိဘူး၊ ဒီနေ့ အစောကြီးရောက်လာပြီး လာသောက်နေတာ"

"ကျွန်မဝင်တွေ့လိုက်မယ်"

"ဟာ နေ"

သို့သော် မန်နေဂျာတားချိန်မရလိုက်ပါ။ သူမက စိတ်မြန်စွာဖြင့် အခန်းတံခါးဖွင့်ဝင်လိုက်၏။

"ဒီမှာ ကျွန်မလာတာက ဟင်၊ ရှင် ရှင်"

"ဩော် မင်းပါလား အဟွန်း၊ ဘာလဲ ကိုယ့်သဘောနဲ့ကိုယ် အလုပ်ကထွက်သွားပြီး ခုတစ်ခါ ပြန်လာတာလားကွဟင်"

စားပွဲပေါ်မှာ နိုင်ငံခြားဖြစ် အရက်တစ်လုံးနှင့် ဖန်ခွက်။



ရှိဝေသော မျက်ဝန်းများဖြင့် သူမကိုကြည့်ကာ ပြောလာတဲ့ ဦးဇော်ချမ်း။

"သူဌေး ဒါ ကျွန်တော်တစ်ခါက အခက်အခဲတစ်ခုကြောင့် ပိုက်ဆံမလျှော်နိုင်လို့ စိန်နားကပ်အပေါင်ထားခဲ့တဲ့ မနင်းဆီဆိုတာပဲ"

"ဟင်"

"ဘာ သူက မနင်းဆီဟုတ်လား"

စိန်နားကပ်လေးထားခဲ့စဉ်က မန်နေဂျာကိုတောင်းပန်၍ သူမအား အမည်မှန်ကိုဖုက်လျက် "မနင်းဆီ"ဟုသာ သူဌေးအား အသိပေးဖို့ပြောခဲ့တာပါ။

"ကျွန်တော်တို့ အခု မာမီထားခဲ့တဲ့ စိန်နားကပ်လေးကို လာရွေးတာပါ သူဌေး"

နောက်မှ လိုက်လာပြီး ကျင်မိဝင်ပြောသည်။

သူမကတော့ ခေါင်းထဲချာချာလည်ကာ သူ့ရှေ့မှာ ကွယ်ပျောက်ချင်မိ၏။

ကြည့်စမ်း။ ဒီလိုမှမထင် သူမတို့ပြန်လျော်ရမယ့် သူဌေး

ဆိုတာ ဦးဖော်ချမ်းဟု မသိခဲ့။ ယခုတော့ သူမ၏ စိန်နားကပ်လေးက ဦးဖော်ချမ်းထံမှာ။ ထိုနားကပ်လေးရွေးနိုင်ဖို့ သူမက သူ့ထံ ယောကျ်ားလေးဟန်ဆောင်၍ အလုပ်လုပ်ခဲ့ရတဲ့အဖြစ်။

"မင်း မင်းက မနှင်းဆီဟုတ်လား ရှင်မင်းညို"

သူသည်လည်း အံ့သြစွာဖြင့် ထိုင်နေရာမှ ဖြည်းညင်းစွာ ထလျက် ရီဝေသော မျက်လုံးကြီးများဖြင့် မေးလာ၏။

"ကျွန်မ ကျွန်မ"

နေရာမှပင် သူမရပ်ဖို့ ဆက်လက်မစွမ်းနိုင်တော့ဟန်ဖြင့် လှည့်ထွက်ပြေးခဲ့သည်။

ဘဝဟာ ဘာကြောင့်များ ဒီလောက် ထိခိုက်နာကျင်စရာတွေနှင့် ပြည့်နေရတာလဲ။

✡ ✡ ✡

"အဟင့် ဟင့် ပဂ္ဂိ ပဂ္ဂိ၊ နင်သေဖို့သာကောင်းတော့ တယ်"

အခန်းပြန်ရောက်ချိန်မှာ သူမတစ်ယောက်တည်း ကြိတ်ကာ ငိုရှိုက်မိသည်။ ဝမ်းနည်းမှု နာကျင်မှုတွေနဲ့လေ။

"မမ"

"ဟင် ဂျင်မီ"

"ဒီမှာ သူဌေးက နားကပ်နဲ့ပိုက်ဆံတွေ ပြန်ပေးလိုက်တယ်၊ မမကို မနှင်းဆီမှန်း သူလုံးဝမသိဘူးတဲ့"

"အို"

မာသီ၏အမွေ စိန်နားကပ်လေးကို သူမယူကြည့်သည်။ နားကပ်လေးပေါ် မျက်ရည်တွေ ပေါက်ပေါက်ကျလျက်။

ထိုနောက် သူလက်မခံသော ပိုက်ဆံများ သူမ အံ့လေး

ကြိတ်ကာ ပိုက်ဆံတွေယူလိုက်၏။

"ငါတို့ပစ္စည်း ငါတို့ပြန်ရပြီပဲ၊ သူ့ပိုက်ဆံတွေသွားပေးမယ်"

ကားငှားပြီးထွက်ခဲ့သည်။ မန်နေဂျာထံ ဖုန်းဆက်တော့ သူဌေးအိမ်ပြန်သွားပြီဆိုတာကြောင့် သူမလိုက်ခဲ့၏။

အကြိမ်ကြိမ်အဖန်ဖန် ဝင်ထွက်ဖူးခဲ့သော ဒီတိုက်ကြီးထဲသို့ သူမ ခြေလှမ်းတွေလေးလံစွာဝင်လာသည်။

"ဟော မိန်းကလေး"

"သူဌေးကော"

"အပေါ်မှာရှိတယ် ကလေး"

ဦးဖိုးကွန်း လမ်းညွှန်တဲ့အတိုင်း အပေါ်ထပ်တက်ခဲ့၏။

သည်လှေကားတွေဟာလည်း သူမနဲ့ မစိမ်းပါ။ ဒါပေမယ့် ယခုအချိန် မမြင်ဖူးသလိုပါပဲ။

အပေါ်ထပ်ရောက်တော့ လေသာဆောင်မှာ ကျောခိုင်းကာ သူရပ်နေသည်။ ဒါဖြင့် သူမလာတာကို သူ အစောကြီးကတည်းက ကြိုမြင်နေရမှာပေါ့။



သူ့နောက်ပါးတွင် သူမရပ်လိုက်၏။ နှစ်ယောက်သား အတန်ကြာ တိတ်ဆိတ်နေပြီးမှ

"မင်းရောက်လာပြီလား ရှင်မင်းညို"

"ကျွန်မ ရှင့်ပိုက်ဆံတွေလာပေးတာပါ ဦးဇော်ချမ်း"

အလုပ်လုပ်စဉ်ကသာ သူ၏ဝန်ထမ်းမို့ 'သူဌေး'ဟုခေါ်ခဲ့တာ။ ယခု သူနှင့် သူမက ဘာမှမဆိုင်။

သူဖြည်းညှင်းစွာလှည့်လာ၏။

"အို"

စိမ်းညို့လွန်းသော သူ့မျက်ဝန်းများက သူမမျက်နှာပေါ် ရောက်ရှိလာခိုက် ခေါင်းကို ဖျတ်ခနဲငုံ့မိ၏။

"မင်း ယောက်ျားလေးယောင်ဆောင်ပြီး ကိုယ့်ဆီ အလုပ်လာလုပ်တာ အဲဒီ့အတွက်လား"

သူ့အမေးကိုမဖြေဘဲ သူမ နှုတ်ခမ်းလေး ဖိကိုက်ထားလိုက်၏။

"ရှင်မင်းညို ကိုယ် တကယ် မင်းမှန်းမသိခဲ့ဘူး"

သူ့အသံမှာ စိတ်မကောင်းဟန်တွေ များစွာပါဝင်နေသည်။

Book Sharing

Scanned by CamScanner

သူမခေါင်းခါယမ်းရင်း သူ့ကိုမော့ကြည့်မိ၏။

"ဒီပိုက်ဆံတွေကို လက်ခံပါ၊ ကျွန်မ ပြန်တော့မယ်"

သူမလှည့်ထွက်ဖို့ပြင်သည်။

"မင်း မင်း ဒီထက်ပိုပြီး ငါ့ကို စကားပြောစရာမရှိတော့ဘူးလား ညို၊ ငါ့မှာတော့ မင်းကို စိမ်းကားဖို့ ဘယ်လောက်ပဲကြိုးစားပါစေ၊ နောက်ဆုံးတော့ မင်းအရိပ် မင်းအသံတွေက ငါ့ကမ္ဘာတစ်ခုလုံးကို လွှမ်းမိုးနေပြီကွာ"

"အို"

ကြေကွဲနာကြည်းသောအသံဖြင့် သူပြောတော့ သူမခြေလှမ်း တို့ တန့်သွားသည်။

"ညို မင်းကြောင့် ကိုယ် ဘယ်လောက်ရင်နာနေရလဲသိလား၊ ကိုယ့်ရင်တစ်ခုလုံး ကွဲထွက်တော့မယ်"

သူအနားရောက်လာလျက် သူမပခုံးကို ဆုပ်ကိုင်၏။

ထို့နောက် မျက်ဝန်းချင်းဆုံသည်။

"ပြောစမ်းပါဦးမင်း၊ ကိုယ့်ကို တကယ့်ထားသွားတော့မှာလား၊ ဒါဆို မနက် မနက် ကိုယ့်ကို ဘယ်သူ ကော်ဖီဖျော်တိုက်မလဲ၊ ကိုယ်အလုပ်သွားရင် ဘယ်သူအဝတ်အစားထုတ်ပေးမှာလဲ၊ ကိုယ်ရုံးကပြန်လာရင်ကော ဘယ်သူလာကြိုမှာလဲ"



"ကျွန်မ ကျွန်မ"

သူမကိုယ်တိုင်လည်း သူ့အတွက် နာကျင်နေရတာ ရင်နှင့်အပြည့်။ အဲဒါ သူ့ကိုချစ်မိတဲ့အတွက်ကြောင့်လေ။

"ကိုယ် မင်းနဲ့ မခွဲနိုင်တော့ဘူး ညို၊ ကိုယ် မင်းကို သိပ်ချစ်မိသွားပြီ၊ ကိုယ် ညို့ကိုလက်ထပ်ပါရစေ"

လေးနက်သော မျက်ဝန်းများဖြင့် သူမမျက်နှာကို စိုက်ကြည့် လျက် သူ တစ်ခွန်းခြင်း လှိုက်လှဲစွာပြောလာသည်။

မယုံနိုင်ခြင်း။ အံ့သြခြင်း။ ကြည်နူးခြင်းတို့ဖြင့် သူမက သူ့ကိုကြည့်၏။ ထို့နောက် သူ့ရင်ခွင်မှာ မျက်နှာအပ်ကာ ငိုရှိုက်လိုက်မိသည်။

"အဟင့် ဟင့် ကိုရယ်"

"မငိုပါနဲ့တော့ ညိုရယ်၊ နောင်ဘယ်တော့မှ ညို မျက်ရည် မကျရတော့ဘူးနော်"

သိမ့်သိမ့်ခါနေသော သူမကျောပြင်လေးကို သူ တင်းတင်း

Scanned by CamScanner

ဖက်လျက် နှစ်သိမ့်၏။

မျက်ရည်ကြားမှ သူ့ကို မော့ကြည့်မိသည်နှင့် သူက နှစ်ခြိုက်စွာပြုံးပြရင်း

"ကိုယ့်ကိုချစ်လားညို"

"ဖြေဖို့လိုသေးလားကိုရယ်၊ ကိုကိုချစ်မိလို့ ညို့ရင်တွေလည်း ပေါက်ကွဲမတတ်ပါပဲရှင်"

"ညိုရယ်"

သူ့မျက်နှာ ငုံ့စိုက်အုပ်မိုးလာလျက် သူမမျက်ရည်တွေကို ဖယ်ရှားပေးသည်။ ခြံထဲမှ နှင်းဆီ၊ စံပယ်တို့၏ ပန်းရနံ့ထက် ပို၍မွှေးကြိုင်တာက' အချစ်ရနံ့သင်းသင်းတို့သာမဟုတ်လား။

နှလုံးစိတ်ဝမ်းငြိမ်ချမ်းပါစေ။

ဆုအခွင်

*



Scanned by CamScanner